
ကမ္ဘာတဝန်း၌ စောင်ရေ ၁၅ သန်းကျော်ရောင်းချခဲ့ရပြီး
မြန်မာစာပေနယ်တွင် နှစ်ပေါင်းများစွာမှ ယနေ့တိုင် လူကြိုက်များနေဆဲစာအုပ်၊
၂၁ ရာစုအတွက် ခေတ်နှင့်အညီ ပြန်လည်ပြင်ဆင်မွမ်းမံထားသည့် မူသစ်၊

# ကြီးပွားစေကြောင်း အကြံကောင်း

အောင်လှိုင်-မြန်မာပြန်



## Think and Grow Rich

Napoleon Hill

THE LANDMARK BESTSELLER
NOW REVISED AND UPDATED
FOR THE 21ST CENTURY


mgyoe.com
SAMPLE BOOK

Think and Grow Rich ဟာ
ကျွန်တော့်ရဲ့ စွမ်းဆောင်နိုင်စွမ်းတွေကို ဘယ်လိုတိုးတက်အောင်
လုပ်ရမယ်ဆိုတာ သင်ပြပေးရုံမက
ကျွန်တော့်ရဲ့ အားနည်းချက်တွေ တဖြည်းဖြည်း လျော့ပါးပျောက်ကွယ်
သွားအောင်လည်း အကောင်းဆုံး စီမံခန့်ခွဲပေးနိုင်တာ တွေ့ရပါတယ်။

[illegible] Bob Proctor

နပိုလီယန်ဟေးရဲ့ ထင်ပေါ်ကျော်ကြားတဲ့ အဆိုအမိန့်တွေထဲက
တစ်ခုကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။
"သင်က ဘယ်သူဖြစ်ချင်းကိုမဆို သင့်စိတ်ထဲ လက်ခံ-ယုံကြည်နိုင်မယ်
ဆိုရင် တိုးတက်အောင်မြင်နိုင်ပါတယ်" တစ်နည်းဆိုရသော်-
Think and Grow Rich ဟာ သင် တိုးတက်အောင်မြင် ကြီးပွားချမ်းသာစေဖို့
ဘယ်လိုလုပ်ရမယ်ဆိုတာတွေကို တစ်ဆင့်ချင်းစီအလိုက်
လမ်းညွှန်ပေးထားတဲ့ စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါတယ်။

[illegible] Ross Cornwell



သင်က ကျွန်တော့်ရဲ့ Think and Grow Rich ကို ဖတ်ပြီဆိုတာနဲ့
အစပိုင်းမှာကတည်းက စိတ်ထဲရှိနေတဲ့ ခံစားချက်အားလုံးအား ဖယ်ထုတ်ပြီး
အာရုံစူးစိုက်ဖတ်ရှုပါ။ ထိုအခါ သင့်အတွက် ဖြစ်နိုင်ခြေ အလားအလာကောင်းတဲ့
အချက်တွေကို တွေ့ရမှာဖြစ်သလို သင် စိတ်ဓာတ်ကျနေရတဲ့ အခြေအနေတွေ၊
ကြုံတွေ့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ဘယ်လို ရင်ဆိုင်ဖြေရှင်းရမယ်
ဆိုတာကိုပါ လမ်းညွှန်ချက်တွေနဲ့အတူ တွေ့ရှိရမှာ ဖြစ်ပါတယ်။

အောင်မြင်မှုဆိုတာ အောင်မြင်ရေးအသိရှိသူထံသို့ ရောက်လာလေ့ရှိပါတယ်။
ကျရှုံးခြင်းဟာ မိမိကိုယ်ကို ကျရှုံးမယ့် အသိဝင်ရောက်ခွင့်ပေးတဲ့
ညံ့ဖျင်းသောသူထံသို့ ရောက်လာတတ်ပါတယ်။

[illegible] Napoleon Hill

စာစည်းစိမ်

ISBN 9789997136732
AH180
9 789997 136732
MMK 15,000.00

mgyoe.com

mgyoe.com - SAMPLE BOOK


| | |
|---|---|
| ထုတ်ဝေသူ | - ဒေါ်အိဝတ်ရည်ထွန်း၊ |
| | - ဂျူတီစာပေ(၀၂၀၇၇)၊ |
| | - အမှတ်(၄၉၉)၊ဖြ-လွှာ(က)၊ |
| | - ဓမ္မာရုံလမ်း၊(၁၀)ရပ်ကွက်၊ |
| | - လှိုင်မြို့နယ်။ |
| ပုံနှိပ်သူ | - ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊ |
| | - ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |

ပထမအကြိမ်၊ အုပ်ရေ ၃၀၀၊ ၂၀၂၂၊ ဖေဖော်ဝါရီလ

အောင်လှိုင်/
ကြီးပွားစေကြောင်း အကြံကောင်း
စာမျက်နှာ ၆၆၈ မျက်နှာ၊
၁၃ စင်တီ× ၂၀.၅ စင်တီ


mgyoe.com

mgyoe.com SAMPLE BOOK


# ကြီးပွားစေကြောင်း အကြံကောင်း

အောင်လှိုင်
(မြန်မာပြန်)

ကမ္ဘာတစ်ဝန်း၌ စောင်ရေ ၁၅ သန်းကျော် ရောင်းချနိုင်ခဲ့သည့်စာအုပ်။

မြန်မာနိုင်ငံတွင်လည်း စာရေးဆရာအသီးသီးက ပုံစံအမျိုးမျိုးဖြင့် ပြန်ဆိုခဲ့ကြရာ ထိပ်ဆုံးအားဖြင့် ဆရာကြီးရွှေဥဒေါင်း၏ 'အကြံဉာဏ်ဖြင့် ကြီးပွားရေး' အမည်ရှိစာအုပ်မှာ နှစ်ပေါင်း ၆၀ ကျော်သည့်တိုင် ရောင်းအားကောင်းဆဲ ဖြစ်သည်။

အကျဉ်းပြန်ဆိုချက်များသာရှိရာမှ ယခုမူမှာ ၂၁ ရာစုအတွက် ခေတ်နှင့်အညီ ပြန်လည် ပြင်ဆင်တည်းဖြတ် မွမ်းမံထားသည်ကို အပြည့်အစုံ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* နိဒါန်း ၅
* အယ်ဒီတာနှင့် စာရေးဆရာ
ရော့စ်ကွန်းဝဲလ်၏ စကားလက်ဆောင် ၁၂
* စာရေးဆရာ 'နပိုလီယန်ဟေး' ၏ ကျမ်းဦးစကား ၁၈
* မိတ်ဆက်စကား ၂၉

၁။ အလိုဆန္ဒ ၅၁
၂။ ယုံကြည်မှု ၉၆
၃။ အတွင်းစိတ်၏ စေ့ဆော်ချက်အတိုင်း လုပ်ဆောင်နိုင်စွမ်း ၁၃၀
၄။ အထူးလေ့လာလိုက်စားထားသည့်
အသိပညာဗဟုသုတများ ၁၄၄
၅။ စိတ်ကူးစိတ်သန်း ၁၇၁
၆။ စနစ်ကျသော အစီအစဉ် ရေးဆွဲခြင်း ၁၉၅
၇။ ဆုံးဖြတ်ချက် ၂၇၂
၈။ မဆုတ်မနစ် ကြိုးပမ်းအားထုတ်ခြင်း/ဇွဲကောင်းခြင်း ၂၉၃
၉။ ကြိုးကိုင်ခြယ်လှယ်ခြင်း/
စီစဉ်ညွှန်ကြားနိုင်ခြင်း၏စွမ်းရည် ၃၂၅


mgyoe.com

mgyoe.com

SAMPLE BOOK




၁၀။ လိင်မှုရေးရာ အသွင်ပြောင်းခြင်းဆိုင်ရာ

လျှို့ဝှက်ဆန်းကြယ်မှု ၃၃၇

၁၁။ မသိစိတ် ၃၇၅

၁၂။ ဦးနှောက် ၃၈၈

၁၃။ ဆင္ဒမပြောက်အာရုံ ၃၉၉

* **နိဂုံး** ၄၁၇

* **စာရေးဆရာ ဘော့ဗ်ပရော့တာ၏**

**အထူးစကားလက်ဆောင်** ၄၇၁

* **အယ်ဒီတာ၏အမှာ** ၄၇၇

* **နောက်ဆက်တွဲ** ၄၈၇


❑

mgyoe.com

mgyoe.com SAMPLE BOOK

Don't Wait

**The Time Will Never Be Just Right.**

**မစောင့်ဆိုင်းပါနဲ့**

အချိန်ဟာ ဘယ်သောအခါမှ အဆင်ပြေ
ချောမွေ့တာချည်းပဲ မပေးနိုင်ပါဘူး။



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## နိဒါန်း

**ကိုယ်ထူးကိုယ်ချွန် ဘဝအောင်မြင်ရေးစာအုပ်များ ရေးသားသည့်**
**ကနေဒီယမ်စာရေးဆရာ Bob Proctor ၏ နိဒါန်းစကား**

သင်နဲ့ ကျွန်တော့်မှာ စိတ်ဝင်စားစရာ ရှိနေတာချင်း တူနေမယ်ဆိုရင် ရေးသား ထုတ်ဝေခဲ့ပြီးသမျှ အကောင်းဆုံးသော စာအုပ်တွေအနက် တစ်အုပ်ကို ရွေးချယ်မိကြပါလိမ့်မယ်။ အဲဒီစာအုပ်ကတော့ စာရေးဆရာကြီး နပိုလီယန်ဟေး (Napoleon Hill) ရဲ့ 'Think and Grow Rich' ဖြစ်ပါလိမ့်မယ်။ အဲဒီစာအုပ်ထဲပါဝင်တဲ့ အကြောင်းအရာတွေကို လေ့လာရင် သင့်ဘဝ တစ်သက်တာအတွင်း တိုးတက်အောင်မြင်အောင် လုပ်နိုင်စေမယ့် ဖြစ်နိုင်ခြေရှိတဲ့ အရည်အသွေးတွေအကြောင်း၊ လက်တွေ့တိုးတက်အောင်မြင်နေတဲ့ သူတွေအကြောင်းကို သိနိုင်ပါလိမ့်မယ်။ ဒီစာအုပ်ထဲ ပါဝင်တဲ့ နည်းလမ်းတွေ၊ လမ်းညွှန်မှုတွေကို ကျွန်တော်တို့ အကောင်းဆုံးနဲ့ အတတ်နိုင်ဆုံး လုပ်နိုင်မယ်ဆိုတာကိုလည်း ကျွန်တော် အာမခံရဲတယ်။

သင်က ဒီစာအုပ်နဲ့ အလားတူတဲ့ စာအုပ်တစ်အုပ်ကိုတောင် နှစ်ပေါင်း ၅၀ ကြာလောက် လေ့လာထားပြီးပြီဆိုရင် ဘဝတိုးတက်ပြောင်းလဲမှု တစ်ခုသောအဆင့်ကို ရောက်နေလောက်ပါပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK


၁၉၆၃ ခုနှစ်တုန်းက ကျွန်တော့်အစ်ကို 'ဩော်င်း' (AL) က ကျွန်တော့်ကို လက်ဆောင်တစ်ခု ပေးခဲ့တယ်။ ကျွန်တော်က ထိုလက်ဆောင်ကို ရတနာတစ်ခုလို သဘောထားခဲ့တယ်။ ဘာလို့ဆိုတော့ သူက ကျွန်တော့်ကို Think and Grow Rich ခေါင်းစဉ်အမည်နဲ့ စာအုပ် (ကော်ပီ) တစ်အုပ် မေတ္တာလက်ဆောင် ပေးခဲ့လို့ပါ။ အဲဒီစာအုပ်က Moroccan လယ်သာအဖုံးနဲ့ပါ။ ကျွန်တော်က အဲဒီစာအုပ်နဲ့ အလားသဏ္ဍာန်တူတဲ့ စာအုပ်တစ်အုပ်ကို နှစ်အနည်းငယ်လောက်က ဖတ်ခဲ့ဖူးတယ်။ နှစ်နဲ့ချီပြီးကြာအောင် နည်းနည်းစီခွဲပြီး ဖတ်ခဲ့တာပေါ့။ ဒါပေမဲ့ လက်ဆောင်ရလိုက်တဲ့ Think and Grow Rich ကိုတော့ စိတ်ဝင်တစားနဲ့ကို နေ့တိုင်းဖတ်ဖြစ်ခဲ့တယ်။ ဘယ်သွားသွား စာအုပ်ကို ပါအောင်ယူသွားပြီး ဘယ်နေရာမှာဖြစ်ဖြစ် ဖတ်ဖြစ်အောင်ဖတ်ခဲ့တယ်။ ပြောရမယ်ဆိုရင် ကျွန်တော် အဲဒီစာအုပ်ကို လက်ဆောင်ရခဲ့တဲ့နေ့ကစပြီး ကျွန်တော့်ဘဝတစ်ခုလုံးဟာ ကောင်းတဲ့ဘက်ကို အပြောင်းလဲကြီး ပြောင်းလဲလာခဲ့တယ်ဆိုတာကို ဝန်ခံလိုပါတယ်။

လွန်ခဲ့တဲ့ တစ်နှစ်လောက်မှာ "AL" က ကျွန်တော့်ဆီ အီးမေးလ်တစ်စောင်ပို့ခဲ့တယ်။ အီးမေးလ်ထဲမှာ ကျွန်တော်က သူလက်ဆောင်ပေးတဲ့ Think and Grow Rich ကို တစ်ချိန်လုံးဖတ်နေကြောင်း သိရလို့ ဝမ်းမြောက်တဲ့အကြောင်း၊ ကျွန်တော့် မိသားစုဝင်တွေအားလုံးဟာလည်း 'နပိုလီယန်ဟေး' ရဲ့ အံ့ဩဖွယ်စာအုပ်ကြောင့် ယနေ့အချိန် စီးပွားဥစ္စာချမ်းသာကြွယ်ဝမှုတွေကို ခံစားနေရကြောင်း ထည့်ပြီး ရေးထားတာ တွေ့လိုက်ရတယ်။

အဲဒီစာအုပ်ထဲပါတဲ့ စီးပွားရေးဆိုင်ရာ အသိအမြင် ဗဟုသုတတွေကို ရှုထောင့်အမျိုးမျိုးနဲ့ လေ့လာသင်ယူ–လိုက်နာကျင့်သုံးနိုင်မယ်ဆိုရင် ဘယ်နေရာ၊ ဘယ်လုပ်ငန်းနယ်ပယ်မှာဖြစ်ဖြစ် အောင်မြင်မှုရမယ်ဆိုတာကို ကျွန်ုပ် ရှင်းရှင်းကြီး သိလိုက်ရပါတယ်။ 'Think and Grow Rich' ဟာ ကျွန်ုပ်မိသားစုရဲ့ စဉ်းစားပုံ စဉ်းစားနည်းနဲ့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်စဉ်းစားပုံ စဉ်းစားနည်းတွေကိုပါ မှန်ကန်တဲ့လမ်းပေါ်ရောက်အောင် ညွှန်ပြပေးနိုင်ခဲ့ပါတယ်။ ကျွန်တော့်ဘဝအခြေအနေအရ အသိပညာ ဗဟုသုတတွေကို အာသာငမ်းငမ်းနဲ့ ရှာဖွေစုဆောင်းတတ်တာကြောင့် ကျွန်တော့်ရဲ့ ကိုယ်ပိုင်စာကြည့်ခန်း

mgyoe.com

mgyoe.com SAMPLE BOOK


ပတ်ပတ်လည်မှာ ထောင်ချီအရေအတွက်ရှိတဲ့ နာမည်ကျော် စာအုပ်ကောင်းတွေ ပြည့်နှက်စွာ ရှိစေခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီ ကောင်းပါတယ်ဆိုတဲ့ စာအုပ်တွေထဲမှာ နပိုလီယန်ဟေးရဲ့ Think and Grow Rich စာအုပ်ထဲ ပါဝင်တဲ့ အကြောင်းအရာ၊ အချက်အလက်တွေလိုမျိုး တစ်ခုတလေ ဆင့်တူတာတောင် လုံးဝမပါရှိတာ တွေ့ရပါတယ်။

ဟင်နရီဖို့ဒ်၊ ဂျွန်ဒီရော့ခ်ဖဲလား၊ သောမတ်အယ်ဒီဆင်၊ အလက်ဇန်းဒါးဂရေဟမ်ဘဲလ်တို့လိုမျိုး ထင်ပေါ်ကျော်ကြားသူဖြစ်ရုံမက 'သီအိုဒေါ ရုစဘဲ့' (Theodore Roosevelt) "**Charles Schwab (ချားစ် ရှုဝပ်တ်)** ဆိုသော ရင်းနှီးမြှုပ်နှံသူတို့လိုမျိုး နာမည်ကြီးသူ ဖြစ်ခဲ့ပါတယ်။ တကယ်တော့ နပိုလီယန်ဟေးဟာ အမေရိကန်သမ္မတ 'ဝူးဒရိုးဝီလ်ဆင်' နှင့် 'ဖရန့်ကလင်ဒီလန်နိုရို့စဘဲ့တ်' တို့ လက်ထက်မှာလည်း သမ္မတအကြံပေးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ အထက်ပါ သောမတ်အယ်ဒီဆင်၊ အလက်ဇန်းဒါးဂရေဟမ်ဘဲလ်နဲ့ ဟင်နရီဖို့ဒ်တို့ဟာ လက်တွေ့စမ်းသပ်မှုနဲ့ သုတေသနပြုခြင်းတွေ တစ်ခုမှမရှိဘဲ စိတ်ကူးသစ်တွေနဲ့ တီထွင်နိုင်ခဲ့မှာ မဟုတ်ပါဘူး။ ထို့အတူ နပိုလီယန်ဟေး ရေးသားတဲ့ စာအုပ်ပါအချက်တွေ၊ လမ်းညွှန်မှုတွေကို လက်တွေ့ တစ်ကြိမ်မှ အသုံးမချဘဲ အလိုလိုအောင်မြင်မှု ရမလာနိုင်ပါဘူး။ တကယ်တော့ နပိုလီယန်ဟေးရဲ့ စာအုပ်ပါ အချက်အလက်တွေက သန်းပေါင်းများစွာသော လူတွေရဲ့ဘဝကို ကောင်းသော ပြောင်းလဲခြင်းတွေ ဖြစ်စေခဲ့ပါတယ်။

ယနေ့ကာလမှာ ဟေးရဲ့ မယုံနိုင်ဖွယ်ကောင်းလှတဲ့ လက်တွေ့စမ်းသပ်ချက်တွေ၊ သူ့ဘဝတစ်သက်တာအတွင်း ကိုယ်ရောစိတ်ပါ နှစ်မြှုပ်ပြီး စနစ်တကျ စုဆောင်းရယူထားတဲ့ သတင်းအချက်အလက်တွေ၊ ကမ္ဘာတစ်ဝန်းက သန်းပေါင်းများစွာသော လူတွေရဲ့ စိတ်အတွင်းမှ အသိတရားတွေဟာ 'ဟေး' နဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ မသိဖူး၊ မကြားဖူးသူတွေအတွက် သိမြင်နားလည်အောင် ထောက်ပံ့ပေးမယ့် မှတ်တမ်းကောင်းတွေအဖြစ် အရန်သင့်ရှိနေပြီ ဖြစ်ပါတယ်။ နောက်ပြီး 'နပိုလီယန်ဟေး' ကြောင့် ကြီးပွားတိုးတက်အောင်မြင်သွားတဲ့သူတွေက သင့်ကို ကူညီပေးဖို့ အရန်သင့်ရှိနေကြပါတယ်။ နပိုလီယန်ဟေးရဲ့ Think and Grow Rich ဆိုတဲ့ စာအုပ်

mgyoe.com

m.gyoe.com
SAMPLE BOOK


ကျွန်တော့်လက်ထဲ ပထမဆုံးရောက်လာတဲ့အချိန်ဟာ ကျွန်တော်ဟာ ကနေဒါနိုင်ငံ၊ တိုရွန်တိုမြို့ ဆင်ခြေဖုံးဒေသတစ်ခုရဲ့ မီးသတ်ဌာနထဲ ထိုင်နေတုန်းအချိန်ဖြစ်ပါတယ်။ ထိုအချိန်အတွင်း ကျွန်တော်ဟာ စိတ်ရှုပ်ထွေးမှုတွေ၊ စိတ်မပျော်ရွှင်မှုတွေ ရှိနေတဲ့ အသက် ၂၆ နှစ်အရွယ် လူငယ်တစ်ဦးဖြစ်ပါတယ်။

ကျွန်တော်ဟာ ထိုစဉ်က ပညာကို ဟုတ်တိပတ်တိ မသင်ခဲ့ရသလို စီးပွားရေးလုပ်ငန်း အတွေ့အကြုံလည်း တစ်ခုမှမရှိပါဘူး။ ထိုကာလအခိုက်အတန့်အတွင်း ကျွန်တော့် စိတ်အာရုံစူးစိုက်မှုတွေက ကျွန်တော့်မှာမရှိတဲ့ အရာတွေ၊ ကျွန်တော့်ရဲ့ လိုအပ်ချက်၊ မပြည့်စုံမှုတွေ၊ ကျွန်တော့်စိတ်ကူး အိပ်မက်ရှိတဲ့အတိုင်း ဘာကြောင့် မလုပ်နိုင်ရတာလဲ? ...ဆိုတဲ့ အားမလိုအားမရဖြစ်မှုတွေ အပေါ်မှာပဲ စွဲမြဲစွာ ရှိနေခဲ့ပါတယ်။

နောက်တော့ ကျွန်တော် လက်ဆောင်ရလိုက်တဲ့ အဲဒီစာအုပ်ကို ဖတ်မိရင်း စာအုပ်ထဲမှာ ဝေမျှထားတဲ့ ကြီးပွားတိုးတက်ရေးဆိုင်ရာ စိတ်ကူးကောင်းတွေ၊ အစွမ်းထက်မြက်တဲ့ သတင်းအချက်အလက်တွေနဲ့ လမ်းညွှန်အကြံပြုချက်တွေအတိုင်း ကျွန်တော်က ဘာတွေကို ဘယ်လောက်ထိ လုပ်နိုင်မယ်... ဘာကြောင့် ငါမလုပ်နိုင်ရသလဲ? လို့ တွေးနေမယ့်အစား လက်တွေ့လုပ်ကြည့်ရမယ်ဆိုတဲ့ ဆင်ခြင်တုံတရားနဲ့ တွဲဖက်စဉ်းစားနိုင်စွမ်း ရှိလာခဲ့ပါတယ်။

'Think and Grow Rich' ဟာ ကျွန်တော့်ရဲ့ စွမ်းဆောင်နိုင်စွမ်းတွေကို ဘယ်လိုတိုးတက်အောင် လုပ်ရမယ်ဆိုတာ သင်ပြပေးရုံမက ကျွန်တော့်ရဲ့ အားနည်းချက်တွေ တဖြည်းဖြည်း လျော့ပါးပျောက်ကွယ်သွားအောင်လည်း အကောင်းဆုံး စီမံခန့်ခွဲပေးနိုင်တာ တွေ့ရပါတယ်။ ကျွန်တော်က နပိုလီယန်ဟေးရဲ့ Think and Grow Rich ကို တစ်မျက်နှာချင်း၊ တစ်ခန်းချင်းအလိုက် အကြိမ်ကြိမ် အဖန်ဖန် ပြန်ဖတ်ခဲ့တယ်။ ကျွန်တော့်ရဲ့ တိုးတက်အောင်မြင်နိုင်ခြေနဲ့ လက်တွေ့လုပ်နိုင်စွမ်းတွေ ပိုပြီး အားကောင်းလာအောင်လည်း စပြီး အကောင်အထည်ဖော် ကြိုးစားလိုက်တယ်။ နောက်တော့ ကျွန်တော့် စိတ်ကူးအိပ်မက်တွေက တဖြည်းဖြည်း ပီပြင်ထင်ရှားလာပြီး ကျွန်တော် ဖြစ်ချင်တာတွေ အမှန်တကယ် ဖြစ်လာပါတော့တယ်။

m.gyoe.com

mgyoe.com
SAMPLE BOOK


ယနေ့ကာလ ကမ္ဘာတစ်ဝန်းမှာရှိတဲ့၊ အောင်မြင်မှုရတဲ့ ကုမ္ပဏီတွေကို ကျွန်တော် ပိုင်ဆိုင်နေပါပြီ... ကျွန်တော်က အလုပ်လုပ်ဖို့ အမြဲတမ်း အဆင်သင့်ဖြစ်နေသူတွေ၊ အလုပ်လုပ်ရတာကို ဂုဏ်ယူတတ်တဲ့သူတွေ ကျွန်တော်နဲ့ တွဲဖက်လုပ်ကိုင်လာစေဖို့ အမြဲဆွဲဆောင်စည်းရုံးလေ့ ရှိပါတယ်။

နပိုလီယန်ဟေးက သူ့ဘဝတစ်ခုလုံးကို မြှုပ်နှံပြီး ကြိုးစားအားထုတ်ခဲ့တဲ့ နယ်မြေအတွင်း 'ဘဝအောင်မြင်မှု ကုမ္ပဏီများအုပ်စု' (The Life Success Group of Companies) ပေါ်လာခဲ့ပြီး စီးပွားရေးလုပ်ငန်းလုပ်ချင်သူတိုင်း သူတို့ရဲ့ လုပ်နိုင်စွမ်းနဲ့ အောင်မြင်နိုင်ခြေ အလားအလာတွေကို ကိုယ်တိုင်သိရှိနားလည်ဖို့၊ လုပ်ငန်းကြီးပွားတိုးတက်အောင် ဘယ်လိုအကောင်အထည်ဖော်ရမယ်ဆိုတာ သိစေဖို့ အဲဒီကုမ္ပဏီအုပ်စုက လိုအပ်တဲ့ အကူအညီ၊ အရင်းအမြစ်တွေ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဥပမာအနေနဲ့ စီးပွားရေးလုပ်ငန်းတစ်ခု စတင်လုပ်ကိုင်သူတိုင်း မဖြစ်မနေ သိထားသင့်တဲ့ အချက်တွေ ရှင်းပြပေးခြင်း၊ လိုအပ်သော သင်တန်းပို့ချမှုများ ပြုလုပ်ခြင်း၊ ဆောင်ရန်–ရှောင်ရန်နှင့် လိုက်နာရမယ့် အချက်တွေကို အသိပေးခြင်းတွေနဲ့ ပံ့ပိုးကူညီတာကို ဆိုလိုပါတယ်။

ကျွန်တော်က Think and Grow Rich ကို နေ့စဉ် အနည်းဆုံး သုံးလေးကြောင်းလောက်ပဲဖြစ်ဖြစ် ဖတ်လေ့ရှိတဲ့ အလေ့အထကို စတင်တည်ဆောက်လိုက်တယ်။ အဲဒီလို တစ်ရက်နည်းနည်းစီဖတ်ရင်း စာတစ်အုပ်လုံးရဲ့ နိဂုံးပိုင်းကို ရောက်လာခဲ့တယ်။ ထိုအချိန်မှာ ကျွန်တော်က ဘယ်လိုစိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရသည်ဖြစ်စေ၊ ဘယ်လို ပြဿနာကို ဘယ်နည်းလမ်းနဲ့ ဖြေရှင်းရမယ်ဆိုတာ စာမျက်နှာ တစ်ခုခုမှာ အဖြေရှိထားပြီးမှန်း ကျွန်တော် သိနေတာကြောင့် အလွယ်တကူပဲ ဖြေရှင်းနိုင်ခဲ့တယ်။ အဲဒီနောက် ကျွန်တော်က နောက်ထပ် အလေ့အထတစ်ခု တည်ဆောက်လိုက်တယ်။ အဲဒါကတော့ စာအုပ်ရဲ့ အခန်းတိုင်းကို ရက် ၃၀ (တစ်လကြာ) အတွင်း ပြန်ပြီးဖတ်တဲ့ အလေ့အကျင့်ပါ။ အဲဒီအကျင့်ကို တစ်နှစ်လျှင် နှစ်ကြိမ်လောက်ထိ ရအောင် လေ့ကျင့်နိုင်ခဲ့တယ်။ ဘယ်အရာကိုမဆို မဆုတ်မနစ်တဲ့ ဇွဲနဲ့ လေ့ကျင့်ဖန်များလာရင် နောက်ဆုံးမှာ အလေ့အကျင့်ကနေ အလေ့အထဖြစ်လာပြီး သင် လေ့ကျင့်ထားတဲ့အပိုင်းမှာ တစ်ဖက်ကမ်းခပ်

mgyoe.com

mgyoe.com SAMPLE BOOK


ကျွမ်းကျင်လာမှာပါ။

ကျွန်တော် မကြာသေးခင်က မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ကို ရောက်ခဲ့တယ်။ အဲဒီမှာ 'နပိုလီယန်ဟေး' ဖောင်ဒေးရှင်းက ပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ ညီလာခံကို တက်ရောက်ပြီး ကျွန်တော် မိန့်ခွန်းပြောခဲ့ပါသေးတယ်။ အဲဒီညီလာခံမှာ မလေးရှားဝန်ကြီးချုပ်က စီးပွားရေးလုပ်ငန်းရှင်တွေအနက် ထူးချွန်အောင်မြင်တဲ့သူတွေကို 'နပိုလီယန်ဟေးဆု' ချီးမြှင့်ပေးခဲ့တယ်။ နပိုလီယန်ဟေးက ယခုဘဝကနေ ထွက်ခွာသွားပေမဲ့ 'နပိုလီယန်ဟေး ဖောင်ဒေးရှင်း' ကြီးကတော့ အရှိန်အဟုန် ဆက်လက်အားကောင်းစွာနဲ့ တန်ဖိုးရှိတဲ့ အလုပ်တွေကို ဆက်လက်လုပ်ကိုင်ပေးရင်း လိုအပ်တဲ့ အသိပညာ၊ ဗဟုသုတတွေ၊ လေ့ကျင့်သင်ကြားပေးခြင်းတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်များ လောကကို အကျိုးပြုနေဆဲ ဖြစ်ပါတယ်။

ကျွန်တော်က 'နပိုလီယန်ဟေးဖောင်ဒေးရှင်း' ရဲ့ စာကြည့်တိုက်ထဲကို ဝင်ကြည့်လိုက်မိတဲ့အခါ အဲဒီစာကြည့်တိုက် တစ်ခုလုံးက 'နပိုလီယန်ဟေး' ရဲ့ မူရင်းလက်ရာတွေချည်း ဖြစ်နေတာကို တအံ့တသြ တွေ့လိုက်ရတယ်... ကျွန်တော့်စိတ်ထဲ ထိုအခိုက်အတန့်အတွင်း သူ့ကို ထပ်မံ ကျေးဇူးတင်တဲ့စိတ်တွေ အလိုလို ပေါ်လာခဲ့တယ်။ ကျွန်တော်က သူ့အပေါ် ကျေးဇူးကြွေးတွေ ဆပ်ရမှာပါလား... လို့လည်း ခံစားမိလိုက်တယ်။ ဒီတော့ တစ်ချိန်တည်းမှာပဲ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်တယ်။ အဲဒါကတော့ 'နပိုလီယန်ဟေး ဖောင်ဒေးရှင်း' ကို ဆက်လက်တိုးတက်ဖွံ့ဖြိုးအောင် ပါဝင်ကူညီမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပါ။

သင်က ဒီစာအုပ်ကို ဖတ်ပြီးပြီဆိုတာနဲ့ ခိုင်မာစွာ ဆုံးဖြတ်ချက်ချနိုင်ပါတယ်။ ဒီစာအုပ်မှာ ဖော်ပြပါရှိတဲ့ စီးပွားရေးဆိုင်ရာ အသိအမြင်၊ အတွေးအခေါ်တွေ၊ စိတ်ကူးကောင်းတွေက ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လူသန်းပေါင်းများစွာကို တိုးတက်အောင်မြင်တဲ့ဘဝတွေ ပေးနိုင်ခဲ့တာကြောင့် လွန်ခဲ့တဲ့ ၄၆ နှစ်က ကျွန်တော် ကြိုးစားဆောင်ရွက်ခဲ့သလိုမျိုး သင်တို့ကိုလည်း အလားတူ ကြိုးစားဖို့ အပြင်းအထန် တိုက်တွန်းလိုပါတယ်။

"Think and Grow Rich" (မူရင်းတင်ဆက်မှုပုံစံ) အား သင့်ရဲ့ ကိုယ်ပိုင်စဉ်းစား တွေးခေါ်မှုတွေရဲ့ အစိတ်အပိုင်း ဖြစ်လာတဲ့အထိ အဖန်

mgyoe.com

mgyoe.com

SAMPLE BOOK



တလဲလဲ ကျေညက်အောင် ဖတ်ရှုစေလိုပါတယ်။ ဒီလိုသာ အမှန်တကယ် လိုက်နာဆောင်ရွက်မယ်ဆိုရင် သင်ဟာ ချမ်းသာကြွယ်ဝခြင်းဆိုတဲ့ ဆုလာဘ် ကို မလွဲမသွေ လက်ခံရရှိပါလိမ့်မယ်။

**Bob Proctor (ကနေဒီယမ်စာရေးဆရာ)**

[you were Born Rich အမည်ရှိ
ရောင်းအားအကောင်းဆုံးဖြစ်ခဲ့သည့် စာအုပ်ကို
ရေးခဲ့သူ–စာရေးဆရာ]

❑

mgyoe.com

mgyoe.com SAMPLE BOOK

အယ်ဒီတာနှင့် စာရေးဆရာ ရော့စ်ကွန်းဝဲလ် (Ross Cornwell) ၏ စကားလက်ဆောင်

၂၁ ရာစုရဲ့ ပထမ ဆယ်စုနှစ် မကုန်သေးခင် အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံ အတော်များများဟာ ဘဏ္ဍာရေးနဲ့ စီးပွားရေးဆိုင်ရာ အကျပ်အတည်းတွေ ရင်ဆိုင်ကြရတာကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ်ကြီးတစ်ခုလုံး ပြိုလဲကျခါနီးအထိ ဖြစ်ခဲ့ရပါတယ်။ အများဆုံးသော ခန့်မှန်း တွက်ချက်မှုတွေအရ စတော့ဈေးကွက် တောက်လျှောက် ထိုးကျသွားခြင်းက ဆိုးသထက် ပိုဆိုးတဲ့ အခြေအနေကို ရောက်နိုင်တယ်လို့ သိရပါတယ်။ စီးပွားရေး၊ ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းတွေက လေးငါးကြိမ်အထိ ဖြစ်လာရာကနေ နောက်ပိုင်းမှာ 'ကမ္ဘာ့စီးပွားပျက်ကပ်ကြီး' (The Great Depression) ဖြစ်လာခဲ့ပါတယ်။ ထိုအခါ သန်းပေါင်းထောင်ချီ အရေအတွက်ရှိတဲ့ ပြည်သူတွေရဲ့ ဘဝတွေနဲ့ ရာပေါင်း၊ ထောင်ပေါင်းများစွာရှိတဲ့ စီးပွားရေးလုပ်ငန်း (အကြီး-အသေး) မှန်သမျှ ပျက်စီးပြိုလဲခဲ့ရပါတယ်။ စီးပွားပျက်ကပ်တွေရဲ့ သဘာဝအရ ဘဏ္ဍာရေးဆိုင်ရာ ကြီးမားတဲ့ အဖွဲ့အစည်းကြီးတစ်ခုက စတင်ယိမ်းယိုင်ပြီဆိုတာနဲ့ သူနဲ့ ပတ်သက်ဆက်နွှယ်မှိခိုရတဲ့ ကြီးမားတဲ့ စီးပွားရေးလုပ်ငန်း ကုမ္ပဏီကြီးတွေ ဆက်လက်ယိမ်းယိုင်ပြိုလဲသွားလေ့ရှိပါတယ်။

mgyoe.com

mgyoe.com 

စီးပွားရေးလုပ်ငန်းကုမ္ပဏီကြီးတွေဖြစ်တဲ့ Goldman Sachs, Morgan Stanley, Lehman Brothers, AIG, Merrill Lynch, Bear Stearns, General Motors, တို့ဟာ ကမ္ဘာ့စီးပွားပျက်ကပ်ကြီးအတွင်း အကြီးအကျယ် အထိနာခဲ့ရတဲ့ လုပ်ငန်းကုမ္ပဏီတွေဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်း အများစုက စီးပွားပျက်တွင်းနက်ထဲ ကျရောက်ရာကနေ ပြန်လည်တက်လာနိုင်စေဖို့ အချိန်အတော်လေး ယူခဲ့ရပါတယ်။

၁၉၃၀ ပြည့်နှစ်များအတွင်း ဖြစ်ပေါ်ခဲ့တဲ့ ကမ္ဘာ့စီးပွားပျက်ကပ်ကာလအတွင်း ပြည်သူအများစုဟာ ငွေကြေးအခက်အခဲ ပြဿနာတွေပြေလည်စေဖို့ အသည်းအသန် ရုန်းကန်နေခဲ့ကြရပါတယ်။ အဲဒီလို စီးပွားပျက်ကပ်ဆိုက်နေတဲ့ နှစ်ကာလများအတွင်းမှာပဲ 'နပိုလီယန်ဟေး' ကိုယ်တိုင်သုတေသနပြုထားတဲ့ Think and Grow Rich ဆိုတဲ့စာအုပ် ထွက်ပေါ်လာဖို့ အခြေအနေတွေက ဖန်တီးလာခဲ့ပါတယ်။ အမေရိကန်နဲ့ အခြားသော ကမ္ဘာ့နိုင်ငံအချို့ကတော့ စီးပွားပျက်ကပ်ဆိုက်နေတဲ့ အခြေအနေကနေရုန်းထွက်ပြီး စီးပွားရေး ပြန်လည်အားကောင်းလာစေရေး အစီအစဉ်တွေပြန်လည်တည်ဆောက်ဖို့ ကြိုးစားခဲ့ကြပါတယ်။ သို့သော်လည်း အနာဂတ်ကာလအတွင်း ဘယ်အချိန်အကန့်အသတ်မှာ စီးပွားရေး ပြန်လည်ဦးမော့လာလိမ့်မယ်ဆိုတာကိုတော့ သေချာရေရာစွာ ခန့်မှန်းနိုင်ကြခြင်း မရှိသေးပါဘူး။ တကယ်တော့ နပိုလီယန်ဟေးရဲ့ သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့တဲ့ Think and Grow Rich ဆိုတဲ့စာအုပ် ပထမဆုံး ပုံနှိပ်ထုတ်ဝေလိုက်ပြီဆိုတာနဲ့ စီးပွားပျက်ကပ်ဆိုက်ခြင်း ခံခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းရှင် အတော်များများဟာ ထိုစာအုပ်ပါ အချက်တွေကို လိုက်နာဆောင်ရွက်နိုင်ခြင်းကတစ်ဆင့် လုပ်ငန်းတွေ အဆင်ပြေ တိုးတက်လာပြီး ကြီးကြီးမားမား အောင်မြင်မှုတွေပါ ရလာကြတာ တွေ့ရပါတယ်။ စီးပွားရေး ချွတ်ခြုံကျပြီး နှစ်အနည်းငယ်အတွင်း ပြန်လည်နာလန်ထူနိုင်အောင် လမ်းညွှန်အကြံပေးနိုင်တဲ့စာအုပ်ဟာ နပိုလီယန်ဟေးကိုယ်တိုင် သုတေသနပြုထားတဲ့ Think and Grow Rich ကလွဲပြီး အခြား ဘာစာအုပ်မှ မရှိခဲ့ဖူးပါဘူး။ အမှန်တကယ်လည်း ထိုစာအုပ်ဟာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေကို အောင်မြင်ဖို့ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ရမယ်၊ ဘယ်လိုအချက်တွေကို လိုက်နာပြီး

mgyoe.com

mgyoe.com

SAMPLE BOOK

ဘယ်လိုလမ်းညွှန်ချက်တွေအတိုင်း လုပ်ဆောင်ရမယ်... ဆိုတာကို အသိပေးဖော်ပြထားတဲ့စာအုပ်ဖြစ်ပါတယ်။

တစ်နည်းအားဖြင့်လည်း Think and Grow Rich ဟာ 'ကိုယ်ပိုင်အောင်မြင်ရေး' နဲ့ 'အပြုသဘောဆောင်–အကောင်းမြင်တဲ့စိတ်နေစိတ်ထား' တွေ နိုးကြားအောင် လှုံ့ဆော်ပေးတဲ့စာအုပ်အဖြစ်လည်း သတ်မှတ်နိုင်ပါတယ်။

သင်ဟာ ဒေါက်တာ 'ဟေး' ရဲ့ စိတ်ကူးကောင်းတွေနဲ့ ကိုယ်ပိုင်မူဝါဒတွေ ပါဝင်နေတဲ့ Think and Grow Rich ကို ပထမဆုံးအနေနဲ့ ဖတ်ကြည့်နေတယ်ဆိုပါက စာအုပ်ရဲ့ အဆုံးသတ်နေရာမှာ ဖော်ပြထားတဲ့၊ စာ ၅၂ မျက်နှာရှိတဲ့ မှတ်စုတွေကို အာရုံစိုက်မိဦးမှာ မဟုတ်ပါဘူး။ အဲဒီမှတ်စုတွေဟာ စာအုပ်ရဲ့ နောက်ဆက်တွဲအဖြစ် သင့်အား သိသင့်သိထိုက်တာတွေ မျှဝေပေးနေခြင်းဖြစ်ပါတယ်။ အဆိုပါ မှတ်စုတွေထဲမှာ သင် နောင်တစ်ချိန် ဒီစာအုပ်ကို ကျေးဇူးတင်မဆုံးဖြစ်နေစေမယ့် သတင်းအချက်အလက်ကောင်းတွေ ပါနေသလို သင် ဒီစာအုပ်ကို ပထမ စဖတ်ချိန်ကတည်းက လေ့လာသင်ယူရမယ့် အချက်တွေကိုပါ တွေ့ရမှာဖြစ်ပါတယ်။ Think and Grow Rich ဟာ မြင့်မားတဲ့ ကိုယ်ပိုင်တိုးတက်မှု ရစေဖို့သာမက ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်မှု (ကြွေးမြီကင်းရှင်းစွာနဲ့ လွတ်လပ်စွာ ဆုံးဖြတ်နိုင်မှု) ဘဝတစ်သက်တာအတွင်း စစ်မှန်တဲ့ အောင်မြင်မှုရရှိဖို့ ထူးခြားတဲ့ အသိအမြင်တွေနဲ့ လမ်းညွှန်ပေးထားတာ တွေ့ရပါမယ်။ နောက်တစ်နည်းဆိုရပါက Think and Grow Rich ဟာ စီးပွားရေးလုပ်ငန်းဆိုင်ရာအပြင် ဘဝတိုးတက်အောင်မြင်မှုတွေနဲ့ တိုက်ရိုက်ပတ်သက်နေသော အတွေးအခေါ်ပိုင်းတွေကို ရည်ညွှန်းနေတာ တွေ့ရပါမယ်။

ဒေါက်တာ 'ဟေး' ရဲ့ ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေတဲ့ Think and Grow Rich ဟာ ကမ္ဘာ့စီးပွားပျက်ကပ်ကြီး ဆိုက်ရောက်နေတဲ့ ၁၉၃၇ ခုနှစ်အတွင်း ငွေရှာနည်း လျှို့ဝှက်ချက်အဖြစ် ထင်ရှားစွာ ပေါ်ပေါက်ခဲ့ပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာတော့ ၎င်းစာအုပ်ကို ပြင်ဆင်တည်းဖြတ်မှုတွေလုပ်ပြီး တစ်ဖန် ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ ဒုတိယအကြိမ်အဖြစ် ပြင်ဆင်တည်းဖြတ်ပြီး ထွက်ရှိလာတဲ့ စာအုပ်ဟာ ပထမဆုံးထွက်ရှိတဲ့ (မူရင်း) စာအုပ်

mgyoe.com

mgyoe.com  SAMPLE BOOK

ထဲက အချက်အတော်များများအား ချန်လှပ်ထားခဲ့တာ တွေ့ရပါတယ်။ ၁၉၆၀ ပြည့်နှစ်အတွင်း ထွက်ရှိခဲ့တဲ့ ကော်ပီစာအုပ်တွေကိုတော့ ယနေ့ထက်တိုင် များပြားစွာ တွေ့ရဆဲဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေး ပြိုလဲကျလုနီးပါးအချိန်မှာလည်း စီးပွားရေးလောကရဲ့ အနာဂတ်အတွက် သေချာရေရာမှုမရှိသေးတဲ့ အခြေအနေအရပ်ရပ်ကို ၁၉၆၀ ပြည့်နှစ်များအတွင်းက ထွက်ရှိထားတဲ့ Think and Grow Rich က များစွာ ကျားကန်ပေးခဲ့တာကို တွေ့ရှိရပါတယ်။ ဤစာအုပ်ထဲပါရှိတဲ့ ဒေါက်တာ 'ဟေး' ဖန်တီးအသုံးပြုခဲ့တဲ့ စကားလုံးတွေကို 'စာလုံးစောင်း' တွေ၊ 'အက္ခရာအကြီးစာလုံး' တွေနဲ့ ထင်ရှားအောင်ဖော်ပြပေးထားပါတယ်။ ဒီလိုဖော်ပြရတာဟာ စာဖတ်သူအားလုံး အားမာန်တက်ကြွနိုးကြားလာစေဖို့၊ စိတ်အားထက်သန်မှုတွေ ပြင်းပြလာစေဖို့၊ အမှန်ကို အမှန်အတိုင်း (သဘာဝကျကျ ရှုမြင်တတ်စေဖို့) အထူးရည်ရွယ်ခြင်းသာဖြစ်ပါတယ်။ Think and Grow Rich ပထမဆုံး ကော်ပီအား ၁၉၃၇ ခုနှစ်မှာ ပုံနှိပ်ထုတ်ဝေ ရောင်းချနိုင်ခဲ့ပြီးနောက် ၁၁ နှစ်အကြာ ၁၉၄၈ခုနှစ် ဖေဖော်ဝါရီလထဲမှာ "Coronet" မဂ္ဂဇင်းရဲ့ ပြည်သူ့သဘောထားစစ်တမ်း ၃၀၀ အရ အောင်မြင်မှုအရဆုံးနဲ့ ဩဇာအရှိဆုံးသော အမျိုးသား (သို့) အမျိုးသမီးများ စာရင်းထဲမှာ နပိုလီယန်ဟေးနဲ့ သူ့ရဲ့ Think and Grow Rich က နံပါတ် ၄ နေရာရခဲ့တာ တွေ့ရပါတယ်။

လွန်ခဲ့သော နှစ်အနည်းငယ်က ကွန်ဂရက်ရဲ့ စာကြည့်တိုက်တာဝန်ရှိသူတွေဟာ စာဖတ်သူတွေရဲ့ဘဝကို ဩဇာအညောင်းဆုံး ဖြစ်စေခဲ့တဲ့ စာအုပ်တွေကို လေ့လာဆန်းစစ်မှု လုပ်ခဲ့ကြပါတယ်။ အဲဒီစာအုပ်အမျိုးအစားထဲမှာတော့ ခရစ်ယာန်သမ္မာကျမ်းစာက ထိပ်ဆုံး နံပါတ် ၁ နေရာမှာ ရှိနေတာတွေ့ခဲ့ရပြီး၊ ဒုတိယမြောက်နဲ့ တတိယမြောက် နေရာတွေမှာတော့ Ayn Rand ရေးသားတဲ့ "Atlas Shrugged" နဲ့ နပိုလီယန်ဟေးရေးတဲ့ "Think and Grow Rich" တို့က နေရာယူထားနိုင်တယ်လို့ ဆိုပါတယ်။

၂၀၀၂ ခုနှစ်မှာ 'Business Week' မဂ္ဂဇင်းက ပုံနှိပ်ထုတ်ဝေတဲ့ "Business Week Best Seller List" (အောက်တိုဘာလ ၁၄ ရက်ထုတ်ပြင်ဆင်တည်းဖြတ်ပြီး) ၌လည်း Think and Grow Rich က ရောင်းအား

mgyoe.com

mgyoe.com  SAMPLE BOOK

အကောင်းဆုံးသော ထိပ်တန်းစာအုပ် ၁၅ အုပ်အနက် နံပါတ် ၁၀ နေရာမှာ ရှိနေခဲ့တာ တွေ့ရပါတယ်။ ထိုအနေအထားဟာ ပထမဆုံး ပုံနှိပ်ထုတ်ဝေထွက်ရှိတဲ့ ကော်ပီစာအုပ်နောက်ပိုင်း ၆၅ နှစ်အကြာမှာ ရောင်းအားအကောင်းဆုံး ပြန်ဖြစ်ခဲ့တာ ဖြစ်ပါတယ်။

သင်က အမေရိကကို ရောက်နေစဉ်အတွင်း စုံစေ့စွာ တင်ထားနိုင်တဲ့ စာအုပ်ဆိုင်ကြီးတွေဆီကို သွားရောက်ဝယ်ယူတာဖြစ်စေ၊ အွန်လိုင်းမှ ရောင်းချသူတွေအား စုံစမ်းပြီး ဝယ်ယူလိုတာဖြစ်စေ အများအားဖြင့် ၁၉၆၀ ပြည့်နှစ်အတွင်းက ထုတ်ထားတဲ့ မွမ်းမံပြင်ဆင်ထားတဲ့ ဗားရှင်းကို အလွယ်တကူ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ တကယ်တော့ ဘဝတိုးတက်အောင်မြင်ရေးစာအုပ်၊ ကိုယ့်ကိုယ်ကိုယ် နိုးကြားတက်ကြွအောင် လှုံ့ဆော်သောစာအုပ်၊ ကိုယ်ထူးကိုယ်ချွန် အောင်မြင်ရေးစာအုပ်၊ ကြီးပွားချမ်းသာခြင်း ရရှိသော လမ်းညွှန်စာအုပ်တွေဆိုပြီး အမျိုးမျိုး ကွဲပြားစွာ ရှိနေတဲ့အနက် နပိုလီယန်ဟေးရဲ့ 'Think and Grow Rich'က အထက်ပါစာအုပ်တွေ အားလုံးအား ကိုယ်စားပြု ရည်ညွှန်းလျက်ရှိနေတာ တွေ့ရပါတယ်။

Think and Grow Rich ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ ကိုယ့်ကိုယ်ကိုယ် နားလည်သဘောပေါက်မှု၊ လုံ့လဝီရိယစိုက်ထုတ် ကြိုးစားခြင်းဖြင့် ရယူပြီး စိတ်ကူးအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်အောင် သင်ပြ လမ်းညွှန်ပေးထားပါတယ်။

'နပိုလီယန်ဟေး'ရဲ့ ကြိုတင်နိမိတ်ဖတ်နိုင်စွမ်းနဲ့ ဆင်တူတဲ့ ထိုးထွင်းသိမြင်နိုင်စွမ်းတွေဟာ ကျွန်ုပ်တို့ အတိတ်ကာလကနေ ယနေ့အချိန်အထိ ရင်ဆိုင်ကြုံတွေ့ရဆဲ အခက်အခဲ ပြဿနာတွေအပေါ် ဘယ်လိုဖြေရှင်းရမယ်ဆိုတဲ့ နည်းလမ်းကောင်းတွေ ဖြစ်ခဲ့ပါတယ်။

နောက်ပြီး ဒေါက်တာ 'ဟေး' ဟာ ကွန်ပျူတာကွန်ရက် ချိတ်ဆက်ခြင်းနဲ့ဆိုင်တဲ့ အတွေးအမြင်တွေ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စတွေ၊ ဖောက်သည်တို့အား ဝန်ဆောင်မှုပေးခြင်းနဲ့ဆိုင်သော ကိစ္စတွေ၊ နည်းပညာဆိုင်ရာ အတွေးအမြင်ရှိခြင်းရဲ့ အရေးပါ အရာရောက်မှုတွေ၊ ခေါင်းချင်းရိုက် အဖြေရှာတဲ့ကိစ္စတွေအကြောင်းကိုလည်း ရှင်းလင်းထင်ရှားစွာ လမ်းညွှန်ပြသပေးထားတာ တွေ့ရပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


သင်ဟာ ဘယ်နိုင်ငံရဲ့ ဘယ်ပြည်နယ်၊ ဘယ်မြို့၊ ရွာမှာ နေထိုင်ပြီး သင့်ဘဝ အောင်မြင်မှုတွေကို အထောက်အကူပေးတဲ့ ကိုယ်ပိုင်စာကြည့်တိုက် ရှိနေသည်ဖြစ်စေ 'နပိုလီယန်ဟေး' ရဲ့ ခေတ်နဲ့အညီ မွမ်းမံပြင်ဆင် ပုံနှိပ်ထုတ်ဝေထားတဲ့ " Think and Grow Rich" ဆိုတဲ့စာအုပ် လုံးဝ မရှိခဲ့ပါက ပြီးပြည့်စုံတဲ့ တိုးတက်အောင်မြင်မှု မရနိုင်သေးပါဘူး။ သင်က ထိုစာအုပ်ပါ တန်ဖိုးရှိတဲ့ အကြောင်းအရာ အချက်အလက်တွေကို လေ့လာပြီး လက်တွေ့အသုံးချနိုင်တယ်ဆိုတာနဲ့ ကြွေးမြီကင်းရှင်းပြီး ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်မှုရှိတဲ့ဘဝကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

နပိုလီယန်ဟေးရဲ့ ထင်ပေါ်ကျော်ကြားတဲ့ အဆိုအမိန့်တွေထဲက တစ်ခုကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

"သင်က ဘယ်သူငယ်ချင်းကိုမဆို သင့်စိတ်ထဲ လက်ခံ–ယုံကြည်နိုင်မယ်ဆိုရင် တိုးတက်အောင်မြင်နိုင်ပါတယ်"... တစ်နည်းဆိုရသော်– "Think and Grow Rich" ဟာ သင် တိုးတက်အောင်မြင် ကြီးပွားချမ်းသာစေဖို့ ဘယ်လိုလုပ်ရမယ်ဆိုတာတွေကို တစ်ဆင့်ချင်းစီအလိုက် လမ်းညွှန်ပေးထားတဲ့ စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါတယ်။

**'ရော့စ်ကွန်းဝဲလ်' (Ross Cornwell)**

❑

mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးဆရာ "နပိုလီယန်ဟေး" ၏ ကျမ်းဦးစကား

ဒီစာအုပ်ရဲ့ အခန်းတိုင်းမှာ ငွေကြေးရှာဖွေခြင်းနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေကို ရေးသားဖော်ပြထားတာ တွေ့ရမှာပါ။ ကျွန်တော်ဟာ နှစ်ပေါင်းများစွာ အချိန်ယူပြီး အဆုံးစွန် ချမ်းသာလွန်းတဲ့ မီလျံနာပေါင်း ၅၀၀ ကျော်ကို ခွဲခြမ်းစိတ်ဖြာ အဖြေရှာနိုင်ဖို့ လေ့လာစစ်ဆေးခဲ့တယ်။ ပြီးတော့ အဲဒီလို စီးပွားဉစ္စာ ကြွယ်ဝချမ်းသာအောင် လုပ်နိုင်စွမ်းရှိခဲ့ကြတဲ့ မီလျံနာတွေနဲ့ ပတ်သက်ပြီးတော့လည်း သုတေသနတွေ များစွာ လုပ်ခဲ့ပါတယ်။ အဲဒီလို လက်တွေ့စမ်းသပ်မှုတွေ၊ သုတေသနတွေ လုပ်ရင်း ကျွန်တော့်ရဲ့ စိတ်အာရုံကို ဆွဲဆောင်စည်းရုံးနိုင်တဲ့ လျှို့ဝှက်ချက်တွေကို အမှတ်မထင် တွေ့လိုက်ရတယ်။ ဒါဟာ လွန်ခဲ့တဲ့ ရာစုနှစ်တစ်ဝက်ကျော်လောက်တုန်းက 'အင်ဒရူးကာနေဂျီ' ကြောင့် ရခဲ့တဲ့ လျှို့ဝှက်ချက်ဆိုလည်း မမှားပါဘူး။ ကျွန်တော် ဒီစာအုပ်ကို ရေးနေရင်းကနေ ကျွန်တော့်စိတ်ထဲ နှစ်လိုဖွယ်ကောင်းတဲ့ စကော့တလန်လူမျိုး အဘိုးအိုတစ်ယောက် ဖျတ်ခနဲ ပေါ်လာခဲ့တယ်။ ကျွန်တော် သူ့ကို ကောင်းကောင်း မှတ်မိတာပေါ့။ ကျွန်တော်ဟာ ကောင်လေးတစ်ယောက်အရွယ်မှာတုန်းက အဲဒီအဘိုးအိုနဲ့ စတွေ့ခဲ့တာပါ။ အဲဒီတုန်းက စကော့လူမျိုး အဘိုးအိုဟာ ဝင်းလက်တောက်ပနေတဲ့ မျက်လုံးအစုံနဲ့ ထိုင်ခုံကို ကျောမှီပြီး ထိုင်နေခဲ့တယ်။ သူက ထိုင်နေရင်း

mgyoe.com  SAMPLE BOOK

ကနေ ကျွန်တော့်ကို သေချာစောင့်ကြည့်နေတာပါ။ အကြောင်းကတော့ သူ ကျွန်တော့်ကိုပြောမယ့်စကားတွေကို ကျွန်တော်က သေချာနားလည်နိုင် လောက်အောင် ဉာဏ်ရည်မီရဲ့လား?ဆိုပြီး စောင့်ကြည့်နေခြင်းဖြစ်ပါတယ်။

စကော့လူမျိုး အဘိုးအိုက ကျွန်တော့်ကို ပြောတယ်။ တကယ်လို့ ကျွန်တော်ဟာ စိတ်ကူးကောင်းတစ်ခု၊ အခွင့်အလမ်းကောင်းတစ်ခုကို အမိအရ ဆုပ်ကိုင်မိတယ်ဆိုရင် ကျွန်တော့်ကိုယ်ကျွန်တော် အကောင်းဆုံး ဖြစ်အောင် ပြင်ဆင်နိုင်ဖို့ နှစ်ပေါင်း ၂၀ ကြာ အချိန်ပေးနိုင်မလား?...ပေါ့။ ဘဝအောင်မြင်တိုးတက်ဖို့၊ ကြီးပွားချမ်းသာလာစေဖို့ဆိုတဲ့ လျှို့ဝှက်ချက်ကို မသိဘဲ ရှန်းကန်ကြိုးစားသမျှ အချည်းနှီးဖြစ်ပြီး ကျရှုံးရမယ်ဆိုတာကို သူက သတိပေးခဲ့တယ်။ အဘိုးအိုက မစ္စတာ 'ကာနေဂျီ'ပါ၊ ကျွန်တော်က အကောင်းဆုံး ကြိုးစားလုပ်ကိုင်ပါမယ်ဆိုတဲ့အကြောင်းနဲ့ မစ္စတာကာနေဂျီ ရဲ့ ပူးပေါင်းအားဖြည့်ပေးမှုတွေကို လိုက်နာ၊ လက်ခံပါ့မယ်ဆိုတဲ့အကြောင်း ကတိပေးစကား ပြောလိုက်ပါတယ်။ အမှန်တကယ်လည်း ကျွန်တော်ဟာ လက်တွေ့တိုးတက်အောင်မြင်အောင် ကြိုးစားပြနိုင်ခဲ့ပါတယ်။ ကျွန်တော် ရေးတဲ့ "Think and Grow Rich" ဆိုတဲ့ စာအုပ်ထဲမှာ ဘဝတိုးတက်အောင် မြင်ရေး၊ ကြီးပွားချမ်းသာရေး (ငွေရှာနည်း) ရဲ့ လျှို့ဝှက်ချက်တွေ ပါဝင်နေ တာ တွေ့ရပါမယ်။ ကျွန်တော်က ဘဝအခြေအနေ အဆင့်အတန်းအမျိုးမျိုး ကွဲပြားနေတဲ့ လူပေါင်းများစွာ (ထောင်ချီအရေအတွက်) ကို လက်တွေ့စမ်း သပ်မှုတွေ လုပ်ခဲ့တယ်။ ပြီးတော့ အသေးစိတ်ပြီး စနစ်တကျ သိရအောင် သုတေသနပြုလုပ်တာ၊ ခွဲခြမ်းစိတ်ဖြာ အံ့ဖြေရှာတာတွေ လုပ်ခဲ့တယ်။ ကျွန်တော်က ဆင်းရဲသူတွေရော ချမ်းသာသောသူတွေကိုပါ ခွဲခြမ်းစိတ်ဖြာ လေ့လာရင်းကနေ ကြီးပွားချမ်းသာသူတွေက ငွေကို ဘယ်လိုရှာတတ်ကြ တယ်ဆိုတဲ့ လျှို့ဝှက်ချက်ကို ရှာတွေ့ခဲ့ပါတယ်။ မစ္စတာကာနေဂျီအနေနဲ့ ကြီးပွားအောင်မြင်နေတဲ့သူတွေ ငွေဘယ်လိုရှာတယ်ဆိုတာကို လေ့လာစုံစမ်း ဖို့ (တစ်ဦးတစ်ယောက်ချင်းအလိုက်ကို မေးမြန်းဖို့ မဖြစ်နိုင်လို့) အကောင်း ဆုံး လေ့လာပြီး လက်တွေ့စမ်းသပ်မှုလုပ်ထားတဲ့ ဖော်မြူလာနဲ့သာ အားလုံး ကို တိုင်းတာဖို့ အကြံပြုခဲ့ပါတယ်။ သူ့အနေနဲ့ အစိုးရကျောင်း၊ ပုဂ္ဂလိက ကျောင်းတွေ၊ ကောလိပ်တွေကို သွားရောက်ပြီး ကျောင်းသားအားလုံးကို

mgyoe.com

mgyoe.com  SAMPLE BOOK

အဲဒီဖော်မြူလာ တတ်မြောက်၊ နားလည်အောင် လုပ်ပေးဖို့ ဆန္ဒရှိနေခဲ့တယ်။ ကြီးပွားချမ်းသာစေတဲ့ နည်းလမ်း (သို့) ငွေရှာနည်း လျှို့ဝှက်ချက်နဲ့ ဘဝ တိုးတက်အောင်မြင်ရေး ဖော်မြူလာတွေကို ကျောင်းသားအားလုံး နားလည် သဘောပေါက်မယ်ဆိုရင် ငယ်ငယ်ရွယ်ရွယ်နဲ့ (အချိန်မနှောင်းခင်) ကြီးပွား ချမ်းသာနိုင်ကြကြောင်း၊ ဒါကြောင့် ကျောင်းတွေရဲ့ စာသင်ချိန်တွေကို လျှော့ ချပြီး ကြီးပွားချမ်းသာရေးအတွက် လုပ်စရာကိစ္စတွေကို အချိန်ပိုပေးသင့် ကြောင်း၊ ထို့အတွက် ပညာရေးစနစ်တစ်ခုလုံးကိုပါ အကောင်းဘက်ရောက် အောင် ဆန်းသစ်၊ ပြုပြင်၊ ပြောင်းလဲသင့်ကြောင်း၊ အဲဒီနောက် စာသင်ချိန်ကို ထက်ဝက်လျှော့ချနိုင်ခြင်းအားဖြင့် ငွေရှာနည်းရဲ့ လျှို့ဝှက်ချက်ကို လေ့လာ သင်ယူဖို့ အချိန်တွေရှိလာမှာဖြစ်ကြောင်း ကောင်းစွာ နားလည်ထားပါတယ်။ မစ္စတာကာနေဂျီက အထက်ပါစကားတွေ၊ စိတ်ကူးတွေကို ရဲဝံ့စွာ ပြောဆို နေရခြင်းဟာ စွန့်စားရင်းနှီးမြှုပ်နှံသူ (ချားစ်ရှုရပ်ဘ်) "Charles Schwab" အပါအဝင် အခြားသော လူငယ် စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ လက်တွေ့ အောင်မြင်အောင် လုပ်နိုင်စွမ်းတွေကို ကိုယ်တိုင်ကြုံတွေ့ သိရှိခဲ့တာကြောင့် ဖြစ်ပါတယ်။ မစ္စတာ 'ချားစ်ရှုရပ်ဘ်' အနေနဲ့ ကောလိပ်ပညာရေး/ အစိုးရ ကျောင်းပညာရေးတွေမှာ နှစ်ပေါင်းများစွာ အချိန်ကုန်ခံပြီး နေခဲ့မယ်ဆိုရင် အောင်မြင်တိုးတက်၊ ကြီးပွားချမ်းသာတဲ့ စီးပွားရေးလုပ်ငန်းရှင် ဘယ်တော့မှ ဖြစ်မလာနိုင်ပါဘူး။ မစ္စတာကာနေဂျီက ကျောင်းပညာရေးကို လုံးဝဥဿုံ ပစ်ပယ်တာမျိုးမဟုတ်ဘဲ ပညာရေးထဲမှာပဲ ဘဝကို နစ်မွန်းမခံဖို့၊ ကြီးပွား တိုးတက် ချမ်းသာကြွယ်ဝနိုင်တဲ့ အခွင့်အရေးတွေ ရှိနေပါလျက်နဲ့ မျက်ကွယ် မပြုမိစေဖို့ကိုသာ ရည်ရွယ်ပြောဆိုခြင်း ဖြစ်ပါတယ်။

ဤစာအုပ်ရဲ့ အခန်း-၂ မှာ "အမေရိကန်ပြည်ထောင်စု 'စတီး' ကော်ပိုရေးရှင်းလုပ်ငန်းကြီးရဲ့ အံ့သြဖွယ် တိုးတက်အောင်မြင်မှုအကြောင်း တွေကို ဖတ်ရှုလေ့လာရမှာ ဖြစ်ပါတယ်။ အဲဒီစီးပွားရေးလုပ်ငန်း ကုမ္ပဏီ ကြီးရဲ့ပိုင်ရှင်ဟာ အခြားမဟုတ်တဲ့ မစ္စတာကာနေဂျီသာဖြစ်ပြီး သူ့ရဲ့ ငွေရှာနည်းလျှို့ဝှက်ချက်ကို သူကိုယ်တိုင် လက်တွေ့အကောင်အထည်ဖော် အသုံးချရင်း အောင်မြင်အောင် လုပ်နိုင်ခဲ့တာဖြစ်ပါတယ်။

မစ္စတာကာနေဂျီရဲ့ စတီးထုတ်လုပ်ရေးလုပ်ငန်း တိုးတက်အောင်မြင်

mgyoe.com

mgyoe.com SAMPLE BOOK


လာစေတဲ့ အကြောင်းရင်းတွေထဲမှာ စွန့်စားရင်းနှီးမြှုပ်နှံသူ (ငွေလုံးငွေရင်း စိုက်ထုတ်နိုင်သူ) ဖြစ်တဲ့ မစ္စတာ 'ချားစ်ရှုရပ်ဘ်' ရဲ့ ငွေကြေးနဲ့ အခြားသော အခွင့်အရေးကောင်းတွေရဲ့ ပံ့ပိုးမှုတွေလည်း ပါဝင်ခဲ့ပါတယ်။ အကြမ်းဖျင်း အားဖြင့်ပြောရရင် မစ္စတာကာနေဂျီရဲ့ 'ငွေရှာနည်းလျှို့ဝှက်ချက်' ဟာ ကာလ တန်ဖိုးအားဖြင့် သန်းပေါင်း ၆၀၀ အထိ တန်ကြေးရှိနေခဲ့ပါတယ်။ ထို ငွေရှာနည်း လျှို့ဝှက်ချက်ကို လက်တွေ့ဖော်ထုတ် အသုံးချပြီဆိုရင်တော့ အထက်ပါအတိုင်း ငွေလုံးငွေရင်းနဲ့ ရင်းနှီးမြှုပ်နှံသူ အပါအဝင် အခြား လိုအပ်တဲ့ အရင်းအမြစ်တွေ အားလုံးကို ပေါင်းစပ်ပြီး အောင်မြင်မှုရသည် အထိ ရဲရဲဝံ့ဝံ့ လုပ်သွားရုံသာ ရှိပါတော့တယ်။

မစ္စတာ ကာနေဂျီက **'သင်လိုချင်တာက ဘာလဲ? ဆိုတာကို သင် သိပြီးဖြစ်တယ်'** ဆိုတဲ့အချက်အား ကွက်ကွက်ကွင်းကွင်းမြင်အောင်နဲ့ သင့် ဘက်က လက်တွေ့အကောင်အထည်ဖော်ဖို့သာ လိုအပ်တဲ့အကြောင်း အဓိကပြောလိုခြင်းဖြစ်ပါတယ်။

မစ္စတာကာနေဂျီဟာ ငွေရှာနည်းလျှို့ဝှက်ချက်နဲ့ ပတ်သက်ပြီး နှစ် ပေါင်း ၂၀ ကြာ လက်တွေ့စမ်းသပ်မှုတွေ လုပ်ခဲ့ပါတယ်။ ထိုအတောအတွင်း ထောင်ပေါင်းများစွာသော ယောကျ်ား/မိန်းမတွေဟာ သူတို့ဘဝတစ်သက် တာ အကျိုးရလဒ်ကောင်းတွေအတွက် ငွေရှာနည်းလျှို့ဝှက်ချက်ကို လက်တွေ့အသုံးချနိုင်ခဲ့တာ တွေ့ရပါတယ်။

မစ္စတာကာနေဂျီရဲ့ ငွေရှာနည်းလျှို့ဝှက်ချက်ကို လက်တွေ့အသုံးချပြီး တစ်စထက်တစ်စ တိုးတက်အောင်မြင် ကြီးပွားလာသူကတော့ စွန့်စားရင်းနှီး မြှုပ်နှံသော လုပ်ငန်းတွေအတွက် ငွေလုံးငွေရင်း စိုက်ထုတ်/ ရင်းနှီးမြှုပ်နှံတဲ့ မစ္စတာ 'ချားစ်ရှုရပ်ဘ်' ပဲဖြစ်ပါတယ်။ 'ချားစ်ရှုရပ်ဘ်' ဟာ ထိုခေတ်ကာလ အတွင်း လူငယ်စီးပွားရေး စွမ်းဆောင်ရှင်တစ်ယောက်ပီပီ လုပ်ငန်းတိုးတက် အောင်မြင်အောင် ကြိုးစားအားထုတ်ရုံမက မစ္စတာကာနေဂျီရဲ့ ငွေရှာနည်း ဖော်မြူလာနဲ့ လျှို့ဝှက်ချက်တွေအပေါ် ယုံကြည်စွာ လက်တွေ့ကျင့်သုံးသူ တစ်ယောက် ဖြစ်နေခဲ့ပါတယ်။

အမေရိကန် 'အိုဟိုင်းအိုး' ပြည်နယ်၊ 'ဆင်ဆင်နတီ' မြို့ (Cincin-nati) မြို့က အပ်ချုပ်သမား 'အာသာနက်ရှ်' (Arthur Nash) ဟာ ကြွေးမြီ

mgyoe.com

mgyoe.com
SAMPLE BOOK


တွေ မဆပ်နိုင်လောက်တဲ့အထိ စီးပွားရေး ချွတ်ခြုံကျခဲ့တာကြောင့် သူ့အတွက် ကူ–ကယ်ရာ ဖြစ်စေလောက်မယ်လို့ မျှော်မှန်းပြီး မစ္စတာ ကာနေဂျီရဲ့ ငွေရှာနည်း လျှို့ဝှက်ချက်နဲ့ စီးပွားဖြစ်ထွန်းစေမယ့် ဖော်မြူလာကို စတင်စမ်းသပ်ကြည့်ခဲ့ပါတယ်။ ဒီလိုနဲ့ မကြာခင်မှာပဲ ကြွေးမြီတွေ တဖြည်းဖြည်းလျော့ပါးလာပြီး သူ့လုပ်ငန်းကလည်း တစ်ဖန် သက်ဝင်လှုပ်ရှားလာတာကို အံ့ဩဖွယ် တွေ့လိုက်ရပါတယ်။

"အာသာနက်ရှ်" ကိုယ်တိုင် လက်တွေ့ကောင်းကျိုးခံစားရတဲ့ မစ္စတာကာနေဂျီရဲ့ လက်တွေ့စမ်းသပ်မှု ရလဒ်တွေ၊ သူ့မူပိုင်အဖြစ် တွေ့ရှိထားတဲ့ လျှို့ဝှက်ချက်နဲ့ ဖော်မြူလာတွေဟာ ထူးခြားလွန်းတာကြောင့် နောက်ပိုင်းမှာ သတင်းစာတွေနဲ့ မဂ္ဂဇင်းတွေထဲမှာပါ ထည့်သွင်းဖော်ပြခံရတဲ့အထိ နာမည်ကျော်ခဲ့ပါတယ်။ ထို့ပြင့်မက သန်းပေါင်းများစွာ တန်ဖိုးနဲ့ညီမျှတဲ့ လူအများရဲ့ ချီးမွမ်းဂုဏ်ပြုစကားတွေကိုလည်း လက်ခံရရှိခဲ့ပါတယ်။

အဲဒီနောက် မစ္စတာကာနေဂျီရဲ့ ငွေရှာနည်း လျှို့ဝှက်ချက်ဟာ တက္ကဆက်ပြည်နယ်၊ ဒဲလပ်စ် (Dallas) မြို့က "Stuart Austin Wier" (စတုအော်စတင်ဝီရာ) ဆိုသူထံသို့ ရောက်ခဲ့ပြန်ပါတယ်။ အမေရိကန်ရဲ့ ရှေ့နေလည်းဖြစ်၊ ကထိကတစ်ဦးလည်းဖြစ်၊ စာရေးဆရာတစ်ယောက်လည်းဖြစ်တဲ့ 'အော်စတင်ဝီရာ' ဟာ သူကျွမ်းကျင်တဲ့ နယ်ပယ်ဖြစ်တဲ့ ဥပဒေရေးရာကိစ္စတွေကို လက်လျှော့စွန့်လွှတ်ပြီး မစ္စတာကာနေဂျီရဲ့ ငွေရှာနည်း လျှို့ဝှက်ချက်ကိုသာ လက်တွေ့အကောင်အထည်ဖော်ခဲ့သူ ဖြစ်ပါတယ်။ နောက်ပြီး 'နပိုလီယန်ဟေး' ဆိုတဲ့ ကျွန်တော်ကိုယ်တိုင်ကလည်း ငွေရှာနည်းဆိုတဲ့ လျှို့ဝှက်ချက်ကို "Jennings Randolph" (ဂျင်နီရမ်းဒေါ့ပ်) ဆိုတဲ့ အမေရိကန် အထက်လွှတ်တော်အမတ် (ဆီနိတ်တာ) ဖြစ်လာမယ့်သူဆီသို့ ပေးခဲ့ဖူးပါတယ်။ ကျွန်တော်က အဲဒီလျှို့ဝှက်ချက်ကို "ရမ်းဒေါ့ပ်" ကောလိပ်ကနေ ဘွဲ့ယူတဲ့နေ့မှာပဲ ပေးခဲ့တာဖြစ်ပါတယ်။ 'ရမ်းဒေါ့ပ်' ကိုယ်တိုင်ကလည်း အဲဒီလျှို့ဝှက်ချက်ကို 'ဆီနိတ်တာ' (Senator) တစ်ယောက်ဖြစ်လာတဲ့အထိ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့တာ တွေ့ရပါတယ်။

အီလီနွိုက်စ်ပြည်နယ် ချီကာဂိုမြို့မှာ အခြေစိုက်တဲ့ La Salle Extension University **'လက်စ်လီအိပ်စတန်းရှင်းယူနီဗာစီတီ'** ရဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


**ကြော်ငြာလုပ်ငန်းမှာ တာဝန်ထမ်းဆောင်**ခဲ့ဖူးသူ 'နပိုလီယန်ဟေး' ဆိုတဲ့ ကျွန်တော်က အဲဒီယူနီဗာစီတီရဲ့ အဓိပတိဖြစ်တဲ့ "J.G Chapline (ဂျေဂျီချက်ပလိုင်း) အား တိုးတက်အောင်မြင်စေမယ့် ဖော်မြူလာနဲ့ စီးပွားရာတဲ့ လျှို့ဝှက်ချက်ကို ပေးခဲ့ဖူးပါတယ်။ ဒါကြောင့်လည်း နောက်ပိုင်းကာလမှာ နိုင်ငံအနှံ့ Lasalle Extension ကျောင်းတွေများစွာ တည်ထောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော် ရည်ညွှန်းပြောဆိုနေတဲ့ လျှို့ဝှက်ချက်ဆိုတာဟာ ဒီစာအုပ်တစ်အုပ်လုံးကို အကြိမ် ၁၀၀ ထက်မနည်း ဖတ်ပေးဖို့ တိုက်တွန်းပြောဆိုချက်သာဖြစ်ပြီး ဘယ်သူတွေကတော့ ဒီစာအုပ်ကြောင့် တိုးတက်အောင်မြင် ချမ်းသာနေကြပြီဆိုတာကိုတော့ နာမည်နဲ့ တိုက်ရိုက်မဖော်ပြလိုပါဘူး။ တိုးတက်မှုကို ရှာဖွေနေသူတွေ၊ တိုးတက်အောင်မြင်အောင် လုပ်ဖို့ အရန်သင့်ဖြစ်နေသူတွေအတွက်ကတော့ ဒီစာအုပ်ကို အကြိမ်များစွာ ဖတ်မိလေ အကျိုးရှိလေ ဖြစ်နေပါလိမ့်မယ်။ မစ္စတာကာနေဂျီက ကျွန်ုပ်အား ငွေရှာနည်း လျှို့ဝှက်ချက်ကို ညင်သာတိုးတိတ်စွာ ပြောပြခဲ့ပေမဲ့ ဘယ်သူဘယ်ဝါတွေ လက်တွေ့အောင်မြင်နေပြီ ဆိုတာကိုတော့ အတိအကျ (နာမည်ထုတ်ဖော်) ပြောဆိုခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် သင်က ဒီစာအုပ်ကို အကြိမ်များစွာ ဖတ်ပြီး လက်တွေ့ စတင် အသုံးချပေးပါ။ သင်ဟာ ဒီစာအုပ်ကို ဖတ်နေရင်း အခန်းတစ်ခန်းစီအလိုက် 'ငွေရှာနည်း လျှို့ဝှက်ချက်' ကို အနည်းဆုံး တစ်ကြိမ်ခန့် အသိအမှတ်ပြုဖြစ်ပါလိမ့်မယ်။ ကျွန်တော်က ဒီစာအုပ်ကို ရေးနေစဉ်အတွင်း ကောလိပ်နောက်ဆုံးနှစ်ပြေပြီးတဲ့ ကျွန်တော့်ရဲ့သားက ဒီစာအုပ် အခန်း–၁ အတွက် ရေးလက်စ စာမူကို ကောက်ယူပြီး ဖတ်လိုက်တယ်။ ပြီးတော့ 'လျှို့ဝှက်ချက်' ကို သူ့ဘာသာ တစ်ယောက်တည်း ရှာတွေ့သွားခဲ့တယ်။ ငွေရှာနည်း လျှို့ဝှက်ချက်ကို ရှာတွေ့သွားခဲ့တဲ့ ကျွန်တော့်သားဟာ ထိရောက်၊ မှန်ကန်၊ တိကျတဲ့ သတင်းအချက်အလက်တွေ စုဆောင်းတယ်။ ပြီးတော့ သူ့အလုပ်စလုပ်ကတည်းက သာမန်လူတွေ ရှာနိုင်တဲ့ ဝင်ငွေထက် ပိုပြီး သာလွန်အောင် ရှာနိုင်ဖို့ အကောင်းဆုံး ကြိုးစားအားထုတ်ခဲ့တယ်။ ကျွန်တော့်သားနဲ့ပတ်သက်တဲ့ ဇာတ်လမ်းကို အခန်း–၁ မှာ ဖော်ပြပေးထားပါတယ်။

သင်က ကျွန်တော့်ရဲ့ "Think and Grow Rich" ကို ဖတ်ပြီးဆိုတာ

mgyoe.com

mgyoe.com  SAMPLE BOOK

နဲ့ အစပိုင်းမှာကတည်းက စိတ်ထဲရှိနေတဲ့ ခံစားချက်အားလုံးအား ဖယ်ထုတ်ပြီး အာရုံစူးစိုက်ဖတ်ရှုပါ။ ထိုအခါ သင့်အတွက် ဖြစ်နိုင်ခြေ အလားအလာကောင်းတဲ့ အချက်တွေကို တွေ့ရမှာဖြစ်သလို သင် စိတ်ဓာတ်ကျနေရတဲ့ အခြေအနေတွေ၊ ကြုံတွေ့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ဘယ်လို ရင်ဆိုင်ဖြေရှင်းရမယ်ဆိုတာကိုပါ လမ်းညွှန်ချက်တွေနဲ့အတူ တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဘဝတစ်သက်တာအတွင်း သင်ဟာ ကြိုးစားအားထုတ်သော်လည်း ကျရှုံးမှုတွေနဲ့ ကြုံတွေ့ရတတ်ပါတယ်။ သင်ဟာ ရုပ်ပိုင်းဆိုင်ရာအရ ခန္ဓာကိုယ်ရဲ့ ရောဂါဝေဒနာကြောင့် နာမကျန်းခြင်းကြောင့် သူများနဲ့ယှဉ်ရင် တစ်ပန်းရှုံးရတတ်သလို သင့်လောက် မကြိုးစားတဲ့သူတွေက သင့်ထက် သာလွန်တိုးတက်သွားတာမျိုးတွေလည်း တွေ့ရနိုင်ပါတယ်။

ကျွန်တော့်သားရဲ့ ငွေရှာခြင်း/ကြီးပွားချမ်းသာခြင်းရဲ့ လျှို့ဝှက်ချက်ကို ရှာတွေ့တဲ့ ဓာတ်လမ်းနဲ့ မစ္စတာကာနေဂျီ (အင်ဒရူးကာနေဂျီ) ရဲ့ ဖော်မြူလာကို လက်တွေ့အသုံးချနိုင်တဲ့ ဓာတ်လမ်းတွေဟာ 'မျှော်လင့်ချက်ပျောက်ဆုံးနေတဲ့ သဲကန္တာရ' အတွင်း အိုအေစစ်တစ်ခုကို အမှတ်မထင် တွေ့လိုက်ရသလိုမျိုး ဖြစ်ခဲ့ပါတယ်။

ဘဝတိုးတက် အောင်မြင်မှုအတွက်ဖြစ်စေ၊ ကြီးပွားချမ်းသာမှုအတွက် ဖြစ်စေ၊ အခက်အခဲ အတားအဆီးတွေကို ရင်ဆိုင်ကျော်ဖြတ်ဖို့ဖြစ်စေ 'လျှို့ဝှက်ချက်က ရှိနေပြီးဖြစ်ပါတယ်။ ထိုလျှို့ဝှက်ချက်ကို ပထမကမ္ဘာစစ်အတွင်း အမေရိကန်သမ္မတ 'ဝူးဒရိုးဝီလ်ဆင်' က လက်တွေ့အသုံးချနိုင်ခဲ့ပါတယ်။ အဲဒီလျှို့ဝှက်ချက်ဟာ စစ်အတွင်း ပါဝင်တိုက်ခိုက်ခဲ့ကြတဲ့ စစ်သားတိုင်းဆီသို့ ပျံ့နှံ့ရောက်ရှိခဲ့တယ်။

တကယ်တော့ ဘဝတိုးတက် အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက်၊ ကြီးပွားချမ်းသာခြင်းရဲ့ လျှို့ဝှက်ချက်ဟာ ကျွန်ုပ်တို့ ဘဝကို သိသာစွာ အပြောင်းအလဲဖြစ်စေခဲ့ပေမဲ့ ပညာရေးကတော့ အဲဒီလျှို့ဝှက်ချက်လောက် စွမ်းဆောင်မှုကောင်းတွေ မပေးနိုင်တာ တွေ့ရပါတယ်။ ကြီးပွားတိုးတက် အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက်၊ ငွေရှာခြင်းရဲ့ လျှို့ဝှက်ချက်ဟာ ကျွန်တော့်ကို မမွေးဖွားခင်ကတည်းက ရှိနေပြီးဖြစ်ပါတယ်။ 'သောမတ်စ်အေအယ်ဒီဆင်'

mgyoe.com

mgyoe.com SAMPLE BOOK


ဟာ ထိုလျှို့ဝှက်ချက်ကို ရှာတွေ့ပြီး ကမ္ဘာ့အတော်ဆုံးသော တီထွင်ရေးသမား တစ်ယောက်အဖြစ် ကမ္ဘာကျော်ခဲ့ပါတယ်။ သောမတ်စ်အယ်ဒီဆင်ဟာ ပညာရေးမှာ မထူးချွန်သော်လည်း သူ့ရဲ့ တီထွင်မှုတွေကို ထိထိရောက်ရောက် လုပ်နိုင်စွမ်းတာဟာ အဲဒီလျှို့ဝှက်ချက်ကြောင့် ဖြစ်ပါတယ်။ ထိုကာလ အတောအတွင်း မစ္စတာ 'အယ်ဒီဆင်' ရဲ့ဝင်ငွေဟာ တစ်နှစ်ကို ဒေါ်လာ ၁၂,၀၀၀ သာ ရရှိခဲ့ပါတယ်။ သို့သော်လည်း 'အယ်ဒီဆင်' က သူ့ပိုင်ဆိုင်မှု မှန်သမျှကို နည်းနည်းစီ စုဆောင်းနိုင်ခဲ့ပြီး သူအနားယူချိန်မှာတော့ ငယ်ရွယ်တုန်း ရှိနေသေးတာ တွေ့ရပါတယ်။ သင်ဟာ အယ်ဒီဆင်ရဲ့ ဇာတ်လမ်းကို လည်း ဒီစာအုပ်ရဲ့ နောက်အခန်းတစ်ခုမှာ ဖတ်ရှုခွင့်ရရှိမှာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ မစ္စတာ 'အင်ဒရူးကာနေဂျီ' ရဲ့ တောင်းဆိုချက်အရ ထင်ပေါ်ကျော်ကြားတဲ့ လူပေါင်း (ရာဂဏန်း) များစွာအား တစ်ဦးတစ်ယောက်ချင်းအလိုက် ခွဲခြမ်းစိတ်ဖြာ စစ်ဆေးခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို ခွဲခြမ်းစိတ်ဖြာ လေ့လာစစ်ဆေးမှုလုပ်ရာမှာ အများစုက သူတို့ရဲ့ စီးပွားဥစ္စာတွေကို မစ္စတာကာနေဂျီရဲ့ လျှို့ဝှက်ချက် အထောက်အပံ့တွေနဲ့ စုဆောင်းနိုင်ခဲ့တာဖြစ်တယ်လို့ ဝန်ခံပြောဆိုခဲ့ကြပါတယ်။

မစ္စတာကာနေဂျီရဲ့ လျှို့ဝှက်ချက်ကို အကူအညီယူပြီး တိုးတက်ကြီးပွားအောင် လုပ်နိုင်ခဲ့တယ်လို့ ဝန်ခံပြောဆိုခဲ့တဲ့သူတွေကို အောက်ပါအတိုင်း ဖော်ပြပေးလိုပါတယ်။

| | |
|---|---|
| – ဟင်နရီဖို့ဒ် | – ဂျွန်ဒီရော့ခ်ဖဲလား |
| – ဝီလျံ ရီဂလီဂျူနီယာ | – သောမတ်စ်အေအယ်ဒီဆင် |
| – ဂျွန်ဝါနာမိတ်ကာ | – ဖရန့်စ်အေ ဗန်ဒါလစ်ပ် |
| – ဂျိမ်းစ် ဂျေ ဟေးလ် | – အက်ဖ်ဒဗလျူဝူးဝေါ့သ် |
| – ဖန်နီ ဟတ်စ် | – ရောဘတ်အေ ဒေါ်လာ |
| – ဂျော့စ် အက်စ် ပတ်ကား | – အက်ဒဝပ်အေဖိုင်နီ |
| – အီးအမ်စတက်လာ | – အက်ဒဝင်ဘာန်းစ် |
| – ဟင်နရီအယ်လ် ဒေါ်တီ | – အာသာဘာရစ္စဘိမ်း |
| – ဆိုင်းရပ်စ် အိပ်ချ်ကေကားတစ် | – ဝူးဒရိုးဝီလ်ဆင် |
| – ဂျော့ဂျ်အိစ်မန်း | – ဝီလျံဟောဝပ်ဒ်တပ်ဖ် |

mgyoe.com

mgyoe.com

SAMPLE BOOK



| | |
|---|---|
| – သီအိုဒေါရုစဘဲ့တ် | – လူသာဗားဆန့်ခ် |
| – ဂျွန်ဒဗလျူဒေးဗစ် | – အက်ဒဝပ်ဒဗလျူဘော့ခ် |
| – မာရီဒရက်စ်လာ | – ဖရန့်ခ် အေ မန်ဆီ |
| – အဲလ်ဘတ်ဟူးဘတ်ဒ် | – ကိတ်စမစ်သ် |
| – ဝီလ်ဘာရိုက်တ် | – အဲလ်ဘတ်အိပ်ချ်ဂါရီ |
| – ဝီလျံဂျုန်နီဘရိုင်ယန် | – အလက်ဇန်းဒါးဂရေဟမ်ဘဲလ် |
| – ဒေါက်တာဒေးဗစ်စတားဂျော်ဒန် | – ဂျွန်အိပ်ချ်ပက်တာဆန် |
| – ဂျေအော်ဒင်အာမားလ် | – ဂျူးလီးယက်စ်ရိုဆန်ဝေါဒ် |
| – ချားစ်အမ်ရှုရပ်ဘ်် | – စတု အော်စတင် ဝီရာ |
| – အန်းနက်စတင်းန်ရှုမန်ဟိန့်ခ် | – ဒေါက်တာဖရန့်ခ်ကရိုန်း |
| – ဒေါက်တာဖရန့်ဂန်ဆောလပ်စ် | – ဂျေဂျီချက်ပလင်း |
| – ဒန်နီရယ်ဝီလ်လာ့ဒ် | – အာသာနက်ရှ် |
| – ကင်းဂျီးလက်တ် | – အယ်လ်လာဝီလာဝီကော့ဇ် |
| – ရက်ဖ်အေဝီခ် | – ကလဲရန့်စ်ဒါးရိုး |
| – ဂျူ့ဒ်ဒန်နီရယ် တီ ရိုက်ဒ် | – ဂျန်နီရမ်းဒေ့ပ် |

အထက်ပါ အမည်ပိုင်ရှင်တွေဟာ တိုးတက်အောင်မြင် ကြီးပွားအောင် လုပ်နိုင်ခဲ့ကြတဲ့ ထင်ပေါ်ကျော်ကြားသော အမေရိကန် ရာပေါင်းများစွာ အနက်က အစိတ်အပိုင်း အနည်းငယ်မျှသာ ရှိပါသေးတယ်။ တစ်နည်းအားဖြင့် သူတို့ဟာ မစ္စတာ ကာနေဂျီရဲ့ ကြီးပွားချမ်းသာ တိုးတက်အောင်မြင်နည်း လျှို့ဝှက်ချက်ကို ဖော်ထုတ်အသုံးချပြီး ဘဝရဲ့ အမြင့်ဆုံးသော အောင်မြင်မှုတွေ ရရှိအောင် လက်တွေ့လုပ်ဆောင်နိုင်ခဲ့သူတွေ ဖြစ်ပါတယ်။ ကျွန်တော်ဟာ မစ္စတာကာနေဂျီကို စံနမူနာထားပြီး ဘဝတိုးတက်အောင်မြင်ရေးနဲ့ ကြီးပွားချမ်းသာရေးအတွက် ဘယ်လောက်ပဲ ကြိုးစားအားထုတ်သည်ဖြစ်စေ နည်းမှန်လမ်းမှန်နဲ့ မလုပ်နိုင်သမျှ၊ တိုးတက်အောင်မြင်စေခြင်းရဲ့ လျှို့ဝှက်ချက်ကို မသိနိုင်သမျှ အမှန်တကယ် ထိုက်တန်တဲ့ ရလဒ်တွေ မရနိုင်ဘူးဆိုတဲ့ အချက်ကို ကောင်းစွာ နားလည်နိုင်ခဲ့ပါတယ်။ အမှန်တော့ တိုးတက်အောင်မြင်ခြင်း၊ ကြီးပွားချမ်းသာခြင်းရဲ့ လျှို့ဝှက်ချက်ဟာ ကျွန်ုပ်တို့ကိုယ်တိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


မှန်ကန်စွာ ဆုံးဖြတ်နိုင်စွမ်းတွေအတွက် အသိပညာ၊ ဗဟုသုတတွေက အရေး ပါနေသည့်အတိုင်း ထပ်တူအရေးပါနေတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လူအများစုရဲ့ ငယ်ဘဝတွေက ကျောင်းပညာရေး အတွက် အချိန်တွေကုန်နေတာကို တွေ့ရတဲ့အတွက် နှမြောမိသလို ဘဝ တိုးတက် ကြီးပွားချမ်းသာအောင် လုပ်နိုင်စေမယ့် အခွင့်အရေးတွေကို လက်လွှတ်လိုက်သလို ဖြစ်နေတယ်လို့လည်း ခံစားမိပါတယ်။ ကျွန်တော့် အမြင်အရ ပညာသင်တာ မကောင်းဘူးလို့ ပစ်ပယ်တာမျိုး မဟုတ်ဘဲ ပညာ သင်နေရင်း ဘဝတိုးတက် အောင်မြင်မှုရစေမယ့်အချိန်တွေ မဖြုန်းမိစေဖို့ ကိုသာ အဓိက ပြောလိုပါတယ်။

ကမ္ဘာကျော်တဲ့ 'ဖို့ဒ်' ကား ထုတ်လုပ်ရေး ကုမ္ပဏီပိုင်ရှင် ဟင်နရီဖို့ဒ် ဟာ အထက်တန်းကျောင်းနဲ့ ကောလိပ်ပညာရေးကို ကောင်းစွာ တက်ရောက် သင်ကြားခဲ့ခြင်းမရှိသူ ဖြစ်ပါတယ်။ ဟင်နရီဖို့ဒ်ဟာ ပညာရေးရဲ့တန်ဖိုးကို နိမ့်ပါးတယ်လို့ မပြောသော်လည်း သူ့ဘဝအတွက် သူ ယုံကြည်ရာကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ကိုသာ အဓိက ဦးစားပေး ဆောင်ရွက်ခဲ့ သူဖြစ်ပါတယ်။ 'ဟင်နရီဖို့ဒ်' ဟာ ကြီးပွားတိုးတက်ခြင်းရဲ့ လျှို့ဝှက်ချက်ကို အမြင့်ဆုံးအထိရောက်အောင် အကောင်အထည်ဖော်နိုင်ခဲ့တယ်။ သူ့ရဲ့ ကြွယ်ဝချမ်းသာမှုတွေကိုလည်း တဖြည်းဖြည်း တိုးတက်များပြားအောင် စု ဆောင်းနိုင်ခဲ့သူဖြစ်တယ်။

သင်က ဒီစာအုပ်ကို ဖတ်နေရင်းကနေ 'ဘာလုပ်မယ်' ဆိုတာကို စိတ်ကူးလိုက်တာနဲ့ 'ဘယ်လိုလုပ်ရမယ်' ဆိုတာကိုပါ တစ်ခါတည်း စဉ်းစား တတ်လာပါလိမ့်မယ်။

သင်က စာတစ်အုပ်လုံးရဲ့ တစ်ခန်းချင်းကို အသေးစိတ်သိအောင် ဖတ်သွားရင်းကနေ ဘဝတိုးတက်မှုအားလုံး၊ ကြီးပွားချမ်းသာခြင်းတွေ အားလုံးရဲ့အစဟာ စိတ်ကူးတစ်ခုကြောင့် ဖြစ်တယ်ဆိုတာကို နားလည်ပြီ ဆိုတာနဲ့ လက်တွေ့ တိုးတက်အောင်မြင်အောင် လုပ်ပေးနိုင်တဲ့ လျှို့ဝှက်ချက် ကိုလည်း တစ်ခါတည်း သိရှိလာပါလိမ့်မယ်။

– **နပိုလီယန်ဟေး**

Napoleon Hill

mgyoe.com

mgyoe.com
SAMPLE BOOK


- အောင်မြင်မှုဆိုတာဟာ အောင်မြင်ရေးအသိရှိသူထံသို့ ရောက်လာလေ့ရှိပါတယ်။
- ကျရှုံးခြင်းဟာ မိမိကိုယ်ကို ကျရှုံးမယ့် အသိဝင်ရောက်ခွင့်ပေးတဲ့ ညံ့ဖျင်းသောသူထံသို့ ရောက်လာတတ်ပါတယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## မိတ်ဆက်စကား

### စိတ်စွမ်းအား (Mind power)

**– မိမိကိုယ်ပိုင်နည်းလမ်းကို စဉ်းစားပြီးသူ**

တကယ်တော့ စဉ်းစားတွေးခေါ်မှုတိုင်းဟာ အကြောင်းကိစ္စတွေနဲ့ ပတ်သက်လျက်ရှိပါတယ်။ စွမ်းအားကြီးမားတဲ့ အကြောင်းကိစ္စတွေကတော့ ရှင်းလင်း–ပြတ်သားစွာထားရှိတဲ့ ရည်မှန်းချက်၊ မဆုတ်မနစ် ကြိုးစားနိုင်စွမ်းနဲ့ ပြင်းပြတဲ့ အလိုဆန္ဒတွေနဲ့ တိုက်ရိုက်ပတ်သက်လျက်ရှိပါတယ်။ 'အက်ဒ်ဝင်စီဘန်းစ်' (Edwin C. Barnes) ဟာ Think and Grow Rich စာအုပ်ထဲပါတဲ့ တိုးတက်အောင်မြင်၊ ကြီးပွားချမ်းသာခြင်းတွေရဲ့ လျှို့ဝှက်ချက်ကို တွေ့ရှိနားလည်ခဲ့ပြီး တစ်ဆက်တည်းမှာပဲ အဲဒီလျှို့ဝှက်ချက်ကို ပြင်းပြတဲ့ ဆန္ဒတွေနဲ့ စတင် အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် မစ္စတာ 'ဘန်းစ်' က 'သောမတ်အယ်ဒီဆင်' နဲ့ တွဲဖက်ပြီး စီးပွားရေးကို တိုးတက်အောင်မြင်အောင် လုပ်ချင်ခဲ့တာပါ။

မစ္စတာဘန်းစ်ရဲ့ ဆန္ဒတွေထဲက အပြင်းပြဆုံးသော အလိုဆန္ဒတစ်ခုကတော့ သူဟာ 'အယ်ဒီဆင်' အတွက် အလုပ်လုပ်ပေးတာမျိုးမဟုတ်ဘဲ 'အယ်ဒီဆင်' နဲ့ တွဲဖက်ပြီး အကျိုးတူစီးပွားအဖြစ် အလုပ်လုပ်လိုတာပဲ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK

သင်က Think and Grow Rich ကို ဖတ်ရင်းကနေ ချမ်းသာကြွယ်ဝခြင်းဆီ ဦးတည်နေတဲ့ ခြေလှမ်း ၁၃ လှမ်းကို ကောင်းစွာ နားလည်လာမှာဖြစ်ပါတယ်။

တကယ်တော့ မစ္စတာ 'ဘန်းစ်' ရဲ့စိတ်ထဲမှာ အယ်ဒီဆင်နဲ့ တွဲဖက်အလုပ်လုပ်ချင်တဲ့ဆန္ဒ ပေါ်ရတယ်ဆိုတာဟာ သူ့ရဲ့ ကြီးပွားချမ်းသာတိုးတက်အောင်မြင်မှုအတွက် ပြင်းပြတဲ့ဆန္ဒအပေါ် မူတည်ပြီး ရုတ်တရက်ပေါ်လာခဲ့တဲ့ စိတ်ကူးကောင်းတစ်ခုဖြစ်ပါတယ်။ သို့သော်လည်း သူသွားမယ့်လမ်းမှာ အခက်အခဲ၊ အတားအဆီးနှစ်ခုက စောင့်ကြိုနေတယ်ဆိုတာကို သူ မသိသေးပါဘူး။ ပထမအချက်အနေနဲ့ 'အက်ဒ်ဝင်ဘန်းစ်' ဟာ မစ္စတာ 'အယ်ဒီဆင်' ကို ရင်းနှီးစွာ သိရှိထားခြင်း လုံးဝ မရှိပါဘူး။ ဒုတိယအချက်ကတော့ မစ္စတာ အယ်ဒီဆင်ရဲ့ လက်တွေ့စမ်းသပ်ခန်းရှိရာ နယူးဂျာစီပြည်နယ် 'အောရိမ်းချ်' မြို့ကိုရောက်အောင် သွားနိုင်ဖို့ ရထားခ အလုံအလောက် မရှိခဲ့ပါဘူး။ အဆိုပါ အတားအဆီး၊ အခက်အခဲတွေဟာ ဘယ်လောက်ပဲ ရည်မှန်းချက်ထားပြီး စိတ်ဆန္ဒတွေ ပြင်းပြနေတဲ့သူတွေကိုဖြစ်စေ ကြိုးစားချင်စိတ် လျော့ကျပြီး ပျောညံ့သွားစေတတ်တာ တွေ့ရပါတယ်။ သို့သော်လည်း မစ္စတာ 'ဘန်းစ်' ရဲ့ ပြင်းပြတဲ့စိတ်က သူတကာထက် မြင့်မားသာလွန်ခဲ့သလို ဇွဲ၊ ခံနိုင်ရည်ကလည်း အားကောင်းနေခဲ့တာ တွေ့ရပါတယ်။ မစ္စတာဘန်းစ်က သူ့အလိုဆန္ဒပြည့်ဝအောင် ကြိုးစားဖို့ ယတိပြတ် ဆုံးဖြတ်ထားသူပီပီ နောက်ဆုံးမှာ မလောက်ငတဲ့ ခရီးစရိတ်နဲ့ပဲ ခရီးထွက်ဖြစ်အောင် ထွက်ခဲ့လိုက်ပါတယ်။ နောက်ဆုံးမှာ ရထားကုန်တွဲနဲ့ အခမဲ့စီးနင်းလိုက်ပါလာတဲ့ 'မစ္စတာဘန်းစ်' ဟာ 'အယ်ဒီဆင်' ရဲ့ လက်တွေ့စမ်းသပ်ခန်းရှိရာ 'အောရိမ်းချ်' (Orange) မြို့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားပါတော့တယ်။

မစ္စတာ အယ်ဒီဆင်ရဲ့ လက်တွေ့စမ်းသပ်ခန်းကို ရောက်သွားတဲ့အခါ မစ္စတာဘန်းစ်က သူ့ကိုယ်သူ မိတ်ဆက်လိုက်ပြီး သူဟာ တီထွင်သူ မစ္စတာအယ်ဒီဆင်နဲ့ တွဲဖက်လုပ်ကိုင်ဖို့ ရောက်လာရခြင်းဖြစ်ကြောင်း လာရင်းကိစ္စကို ပြောပြလိုက်ပါတယ်။ ထိုအချိန်ဟာ မစ္စတာ 'ဘန်းစ်' နဲ့ မစ္စတာ 'အယ်ဒီဆင်' တို့ ပထမဆုံးအကြိမ် စတွေ့ပြီး စကားပြောဆိုတဲ့အချိန်ဖြစ်ပါတယ်။

နှစ်ပေါင်းများစွာကြာပြီးတဲ့နောက် မစ္စတာအယ်ဒီဆင်က ကျွန်တော့်

mgyoe.com

mgyoe.com SAMPLE BOOK


ကို အခုလိုပြောပြတယ်။ . .

"သူက ခြေသလုံးအိမ်တိုင် လူလေလူလွင့်တစ်ယောက် ပုံစံမျိုးနဲ့ ကျွန်တော့်ရှေ့ကို လာရပ်ပြီး သူ့ကိုယ်သူ မိတ်ဆက်ခဲ့တယ်။ သူ့မျက်နှာကို ကြည့်ရတာကတော့ သူဖြစ်ချင်–လိုချင်တာကို ဖြစ်အောင်၊ ရအောင်လုပ်ဖို့ စိတ်ဆုံးဖြတ်ထားတဲ့ပုံပါပဲ။ ကျွန်တော်က နှစ်ပေါင်းများစွာအတွင်း ကြုံတွေ့ရတဲ့သူတွေဆီက လေ့လာသင်ယူစရာတွေ အများကြီး ရခဲ့ပါတယ်။ ကျွန်တော့်ရှေ့ရောက်လာတဲ့သူက သူ့အနာဂတ် ကံကြမ္မာဆိုတဲ့ လှည်းဘီးကို သူလိုချင်တဲ့ ပန်းတိုင်ရှိရာဆီ တစ်ချက်တည်း ဆွဲလှည့်ပစ်ဖို့ ပြင်းပြတဲ့ ဆန္ဒတွေနဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက် ချထားပြီးသားဆိုတာကို ကျွန်တော် တစ်ခါတည်း သိလိုက်တယ်။ သူက လုံး၀ကို အောင်မြင်မယ့်သူတစ်ယောက် ဖြစ်လာလိမ့်မယ်လို့လည်း ကျွန်တော့်စိတ်ထဲ တွေးမိလိုက်တယ်။ ဒီတော့ အဲဒီလူ တောင်းဆိုတဲ့ အခွင့်အရေးကို ကျွန်တော် လိုက်လျောပေးလိုက်တယ်။ ဘာကြောင့်ဆိုတော့ သူက ရည်မှန်းချက်အတိုင်း အောင်မြင်အောင်လုပ်ဖို့ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချပြီးပြီဆိုတာ ကျွန်တော်ကိုယ်တိုင် သိလိုက်လို့ပါ"

အထက်ပါဇာတ်လမ်းကိုကြည့်ရင် မစ္စတာအယ်ဒီဆင်နဲ့ ဘ၀ တိုးတက်အောင်မြင်ဖို့ စိတ်ဆုံးဖြတ်ထားတဲ့လူငယ် မစ္စတာဘန်းစ်တို့အကြား အပြန်အလှန် ပြောဆိုတဲ့ စကားတွေဟာ သူတို့နှစ်ယောက်ကိုယ်စီမှာရှိနေတဲ့ စိတ်ကူး၊ အကြံအစည်တွေလောက် အရေးမပါတာ တွေ့ရပါမယ်။ တကယ် တော့ တီထွင်သူများလောကမှာ 'သောမတ်စ်အယ်ဒီဆင်' ရယ်လို့ ထင်ပေါ် ကျော်ကြားစေတဲ့ အခြေခံအရင်းအမြစ်တွေထဲမှာ သူနဲ့ တွဲဖက်လုပ်ကိုင်သူ 'အက်ဒ်ဝင်စီဘန်းစ်' ရဲ့ ကူညီပံ့ပိုးမှုတွေလည်း အပါအဝင်ဖြစ်တာကို မေ့ထား လို့ မရပါဘူး။

'မစ္စတာဘန်းစ်' အနေနဲ့ အယ်ဒီဆင်ကို တွေ့တွေ့ချင်းပဲ တစ်ခါ တည်း အဆင်မပြေခဲ့ပါဘူး။ မစ္စတာအယ်ဒီဆင်နဲ့ မိတ်ဆက်စကားပြောပြီး ပထမဆုံး အင်တာဗျူးလုပ်ရာမှာ အယ်ဒီဆင်ဘက်က သူ့ကို ခေတ္တစောင့် ကြည့်လိုတာကြောင့် သူ့ရဲ့ တွဲဖက်လုပ်ကိုင်သူ၊ စီးပွားဖက်တစ်ယောက်အဖြစ် ချက်ချင်း လက်မခံခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်း မစ္စတာအယ်ဒီဆင် ဟာ မစ္စတာဘန်းစ်ကို မပြန်ခိုင်းဘဲ မဖြစ်စလောက် လစာနည်းနည်းပေးပြီး

mgyoe.com

mgyoe.com SAMPLE BOOK


သူ့ရုံးခန်းမှာ အလုပ်လုပ်ခွင့်ပေးခဲ့ပါတယ်။ အလုပ်လုပ်ခြင်းဟာ မစ္စတာ 'အယ်ဒီဆင်' အတွက် အရေးမကြီးလှသော်လည်း မစ္စတာ ဘန်းစ်အတွက်ကတော့ တော်တော်လေးကို အရေးကြီးခဲ့ပါတယ်။ အကြောင်းကတော့ မစ္စတာ အယ်ဒီဆင်ဟာ သူ့ရဲ့ စီးပွားဖက်အဖြစ် ရည်ရွယ်ထားသူက ဘာတွေလုပ်တတ်တယ်၊ ဘယ်လိုအရည်အချင်းတွေ ရှိတယ်ဆိုတာကို သိရအောင် ထုတ်ဖော်ပြသဖို့ မစ္စတာဘန်းစ်အတွက် အခွင့်အရေးကောင်းရလာလို့ ဖြစ်ပါတယ်။

ဒီလိုနဲ့ လပေါင်းများစွာ ကြာလာသည့်တိုင် မစ္စတာဘန်းစ်အတွက် ဘာတစ်ခုမှ သိသာတဲ့ တိုးတက်ပြောင်းလဲမှုတွေ ရမလာသေးပါဘူး။ ဘာပဲဖြစ်ဖြစ် 'ဘန်းစ်' က ခိုင်မာတဲ့ စိတ်ဆုံးဖြတ်ချက်ရှိထားပြီးဖြစ်လို့ ပြဿနာမရှိသော်လည်း သူ့ရည်မှန်းချက် မြန်မြန်ရောက်အောင် အရှိန်မြှင့်ဖို့လိုတာကိုတော့ နားလည်ထားပါတယ်။ သူ ဒီကို မရောက်ရောက်အောင် လာခဲ့တာဟာ မစ္စတာအယ်ဒီဆင်နဲ့ တွဲဖက်ပြီး အကျိုးတူ စီးပွားဖြစ်ထွန်းအောင် လုပ်ဖို့ပါပဲ။ လက်တွေ့အနေအထားအရ အခြေအနေကောင်းတွေ မပေးသေးသော်လည်း 'ဘန်းစ်' က သူ့ရဲ့ မူလရည်ရွယ်ချက်ကို လုံးဝ အပျောက်မခံခဲ့ပါဘူး။ ဒါကြောင့် သူ့ကိုယ်သူ "ငါ့စိတ်ကို ပြောင်းပြီး အရောင်းဈေးသည် အလုပ်/အရောင်း–အဝယ် အလုပ်တစ်ခုခု စမ်းပြီး လုပ်ကြည့်ရင် ကောင်းမလား?" ...လို့ ဘယ်တော့မှမပြောဘဲ "ငါ ဒီကိုရောက်လာတာ မစ္စတာအယ်ဒီဆင်နဲ့ တွဲဖက်လုပ်ကိုင်ဖို့ပဲ! ငါ့ရဲ့ ကျန်ရှိတဲ့ ဘဝအချိန်တွေကို ဒီအလုပ်လုပ်သွားရင်းနဲ့ပဲ ကုန်ဆုံးစေမယ်" ဆိုတဲ့ စကားကိုတော့ သူ့ကိုယ်သူ ပြောလေ့ရှိခဲ့ပါတယ်။

ဒါဟာ ဘယ်သူမဆို ရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ ခိုင်မာတဲ့ ဆုံးဖြတ်ချက် ချထားပြီးပြီဆိုရင် အကောင်အထည်ဖော်နိုင်မယ့် အခွင့်အရေးကို စိတ်ရှည်၊ ဖွဲသန်စွာနဲ့ စောင့်နိုင်စွမ်းရှိဖို့လိုတာကို ဖော်ပြနေခြင်းဖြစ်ပါတယ်။

လက်တွေ့ဘဝအခြေအနေအရ ငယ်ရွယ်တဲ့ မစ္စတာ 'ဘန်းစ်' ဟာ သူ့ကံကြမ္မာရဲ့ အစီအမံအရ အတိုက်အခံ အတားအဆီးတွေကို ရင်ဆိုင်ကျော်ဖြတ်ရမယ်ဆိုတာကို မသိခဲ့ပါဘူး။ သို့သော်လည်း သူ့ရဲ့ ခိုင်မာ

mgyoe.com

mgyoe.com
SAMPLE BOOK


ပြတ်သားတဲ့ ဆုံးဖြတ်ချက်နဲ့ ကြံ့ကြံ့ခံနိုင်စွမ်းတွေကြောင့် သူလိုချင်တဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီး စိတ်ဓာတ်မကျခဲ့တာ ဖြစ်ပါတယ်။

အကယ်၍ မစ္စတာဘန်းစ်အတွက် အခွင့်အရေးကောင်းရလာပြီဆိုရင်လည်း အဲဒီအခွင့်အရေးဟာ မစ္စတာဘန်းစ် ကြိုတင်မျှော်မှန်းထားတဲ့အတိုင်း မဟုတ်ဘဲ အခြားသောပုံစံနဲ့ မထင်မှတ်တဲ့ အရပ်ဒေသကနေ ရောက်လာနိုင်ပါတယ်။ ဒါဟာ အခွင့်အရေးကောင်းတွေရဲ့ လှည့်စားချက်တစ်ခုဆိုလည်း မမှားပါဘူး။ တစ်ခါတစ်ရံမှာလည်း အခွင့်အရေးကောင်းတွေဟာ သိသာတဲ့ ကောင်းမွန်သော အနေအထားတွေ လုံးဝမပြဘဲ ကံဆိုးမိုးမှောင်ကျတဲ့ ပုံစံနဲ့လည်း ရောက်လာတတ်ကြပါတယ်။ ထိုနည်းတူ အခွင့်အရေးကောင်းတွေ ရောက်မလာသေးခင် ယာယီအားဖြင့် ဖိနှိပ်တိုက်ခိုက်ခံရတဲ့ အခြေအနေတွေလည်း ကြုံရတတ်ပါတယ်။ ဒါကြောင့်လည်း လူအများစုဟာ အခွင့်အရေးကောင်းတွေကို အသိအမှတ်ပြုဖို့အရေးမှာ ကျရှုံးရတတ်တာ ဖြစ်ပါတယ်။

ထိုကာလအတောအတွင်းမှာ 'အုယ်ဒီဆင်' ဟာ "Edison Dictating Machine" ခေါ် (နောက်ပိုင်း၌ Ediphone ဖြစ်လာမည့်) အသံဖမ်းစက်ကို အကောင်းဆုံးတီထွင်နေတဲ့အချိန်ဖြစ်ပါတယ်။ သို့သော်လည်း 'အယ်ဒီဆင်' ရဲ့ တီထွင်ထုတ်လုပ်သော စက်ပစ္စည်းကို ရောင်းချပေးမယ့် 'အရောင်းဝန်ထမ်း' အဖွဲ့က သူ့ရဲ့ တီထွင်မှုတွေအပေါ် စိတ်အားထက်သန် တက်ကြွမှုမရှိသလို ဘယ်လိုရလဒ်ကောင်း ရလာမယ်ဆိုတာကိုလည်း လုံးဝ စိတ်မဝင်စားကြပါဘူး။ ဒါဟာ အရောင်းဝန်ထမ်းအဖွဲ့က သူတို့ အားစိုက်ထုတ်မှု လုံးဝမရှိဘဲ ရောင်းချနိုင်တယ်ဆိုတဲ့အချက်ကို မယုံကြည်ကြလို့ဖြစ်ပါတယ်။

ထိုအချိန်မှာ မစ္စတာဘန်းစ်က သူ့အတွက် အခွင့်အရေးတွေကို ကိုယ်တိုင်မြင်လိုက်တယ်။ ဒါကြောင့် သူက ထူးခြားတဲ့ ပုံစံရှိနေတဲ့ စက်ပစ္စည်းကို အသာယူပြီး ဝှက်ထားခဲ့လိုက်တယ်။ အဲဒီစက်ပစ္စည်းဟာ မစ္စတာဘန်းစ်နဲ့ တီထွင်သူ မစ္စတာအယ်ဒီဆင်ကိုယ်တိုင်ကလွဲပြီး အခြား ဘယ်သူမှ စိတ်ဝင်စားမှုမရှိတဲ့ စက်ပစ္စည်းပါ။

'ဘန်းစ်' က မစ္စတာအယ်ဒီဆင် တီထွင်ထားတဲ့ "Edison Dictating Machine" ဆိုတဲ့ အသံဖမ်းစက်ကို အဆင်ပြေအောင် ရောင်းနိုင်မယ်ဆိုတာ သူသိတယ်။ ဒီတော့ သူက အယ်ဒီဆင်ကို အကြံပြုလိုက်တယ်။

mgyoe.com

mgyoe.com  SAMPLE BOOK

'အယ်ဒီဆင်' တံဆိပ်ထွင်ထားတဲ့ အသံဖမ်းစက်ကို သူ ရောင်းချပေးပါမယ်... အဲဒီအတွက် ခွင့်ပြုပေးပါလို့ ပြောတာပေါ့။ ဒီအခါ 'အယ်ဒီဆင်' ကလည်း မဆိုင်းမတွဘဲ ချက်ချင်း ခွင့်ပြုပေးလိုက်တယ်။

မစ္စတာဘာန်းစ်က 'အသံဖမ်းစက်' ကို စရောင်းတယ်။ အမှန်တကယ်လည်း အသံဖမ်းစက်တွေကို အောင်အောင်မြင်မြင်နဲ့ ရောင်းချနိုင်ခဲ့တာကြောင့် မစ္စတာအယ်ဒီဆင်က မစ္စတာ 'ဘာန်းစ်' ကို အရောင်းကန်ထရိုက် လုပ်ခွင့်ပေးလိုက်ပြီး တစ်နိုင်ငံလုံးရဲ့ ဈေးကွက်မှာလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်ခွင့် ပေးခဲ့ပါတယ်။

အယ်ဒီဆင်ရဲ့ အသံဖမ်းစက်တွေက ဈေးကွက်မှာ ကျယ်ပြန့်စွာ အောင်မြင်လာတဲ့အခါ အခြားသော စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတွေ အကြား အဲဒီ အသံဖမ်းစက်နဲ့ ပတ်သက်ပြီး "အယ်ဒီဆင်က လုပ်တယ်..." "ဘာန်းစ်က တပ်ဆင်တယ်" ဆိုတဲ့ ဆောင်ပုဒ်တောင် ပေါ်ပေါက်လာခဲ့ပါတယ်။

မစ္စတာအယ်ဒီဆင်နဲ့ မစ္စတာဘာန်းစ်တို့ ပူးပေါင်းဆောင်ရွက်တဲ့ စီးပွားရေးလုပ်ငန်းဟာ... ဆယ်စုနှစ် သုံးခုကျော်အထိ တောက်လျှောက် အကြီးအကျယ် အောင်မြင်ခဲ့ပါတယ်။ ထိုကာလမှာ မစ္စတာ 'ဘာန်းစ်' က သူ့ကိုယ်သူ ငွေကြေးချမ်းသာကြွယ်ဝအောင် လုပ်နိုင်ခဲ့သလို ဘယ်သူမဆို တစ်စုံတစ်ခုကို စဉ်းစားမိပြီး ချမ်းသာကြွယ်ဝအောင် လုပ်နိုင်တယ်ဆိုတဲ့ အချက်ကို သက်သေပြခဲ့ပါတယ်။ မစ္စတာဘာန်းစ်အနေနဲ့ သူ့ရဲ့ မူလရည်ရွယ်ချက်အရ မစ္စတာ အယ်ဒီဆင်နဲ့ တွဲဖက်လုပ်ကိုင်နိုင်ရေးကသာ အဓိကဖြစ်ပြီး ဒေါ်လာ ၂–၃ သန်း ကြွယ်ဝချမ်းသာအောင် လုပ်မယ်ဆိုတဲ့ စိတ်ကူးက အဓိက မဖြစ်ခဲ့ပါဘူး။ မစ္စတာဘာန်းစ်ဟာ အယ်ဒီဆင်နဲ့ စတင်တွေ့ဆုံဖို့ ကြိုးစားစဉ်ကာလကတည်းက ငွေကြေး မပြည့်စုံခဲ့သလို ပညာရေးလည်း အားကောင်းခဲ့သူ မဟုတ်ပါဘူး။ သူဟာ ငွေကြေးနဲ့ ပညာဆိုတဲ့ ဩဇာရှိန်ဝါ တွေ မပြနိုင်ခဲ့ပေမဲ့ သူရည်ရွယ်ထားတဲ့အရာတွေ အမှန်တကယ် ဖြစ်လာအောင် လက်တွေ့စတင်နိုင်ခဲ့သူဖြစ်တယ်။ သူက ဆုံးဖြတ်ချက်ပြတ်သားပြီး စိတ်ဓာတ်ခိုင်မာတယ်၊ ဇွဲနပဲရှိတယ်။ သူ့ကိုယ်သူ အောင်မြင်ရမယ်ဆိုတဲ့ ယုံကြည်ချက်လည်းရှိတယ်။ သူ့မှာရှိတဲ့ အထက်ပါ အစွမ်းအစတွေကို

mgyoe.com

mgyoe.com  SAMPLE BOOK

လက်ဆုပ်လက်ကိုင် မပြနိုင်ပေမဲ့ အဲဒီအစွမ်းအစတွေက အရမ်းကို အားကောင်း၊ ထက်မြက်ခဲ့တာကြောင့် သူ့ကို ချမ်းသာကြွယ်ဝသူဖြစ်အောင် လုပ်ပေးနိုင်ခဲ့တယ်။ ဒါကြောင့်လည်း ကမ္ဘာကျော်တဲ့ တီထွင်သူတစ်ယောက်နဲ့ တွဲဖက်အလုပ်လုပ်ရင်း ကြွယ်ဝချမ်းသာလာတဲ့ ပထမဆုံးသောသူတစ်ယောက်အဖြစ် မစ္စတာဘာန်းစ်ကို အသိအမှတ်ပြုပေးနိုင်ပါတယ်။

### အောင်မြင်မှုနှင့် လက်တစ်ကမ်းအလို... (ရွှေရဖို့ သုံးပေအလို)

အခြေအနေအမျိုးမျိုးအလိုက် ကြွယ်ဝချမ်းသာလာကြတဲ့သူတွေနဲ့ ပတ်သက်ပြီး လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ သက်သေအထောက်အထားတွေ ရှိနေပြီးဖြစ်ပါတယ်။ အချို့လူတွေဟာ အောင်မြင်မှု ပန်းတိုင်ဆီရောက်ဖို့ အခက်အခဲများစွာ အကြားကနေ ကြံ့ကြံ့ခံပြီး ဖြတ်ကျော်နိုင်ခဲ့ကြသလို အချို့ကတော့ အစပိုင်းမှာ တောက်လျှောက် ကြိုးစားရုန်းကန်ခဲ့ပြီး အောင်မြင်မှုနှင့် လက်တစ်ကမ်းအလိုရောက်မှပဲ ကြိုးစားမှုတွေကို ရပ်တန့်ပြီး လက်လျှော့သွားကြတာ တွေ့ရပါတယ်။ တကယ်တော့ အောင်မြင်မှုနဲ့ လက်တစ်ကမ်းအလိုမှာ ဘယ်လိုအခက်အခဲ အတားအဆီးတွေ ရှိနေသည်ဖြစ်စေ စိတ်မပျက်ဘဲ ဆက်လက်ကြိုးစား ရုန်းကန်သင့်ပါတယ်။ လက်တစ်ကမ်းအလိုအတွက် မကြိုးစားတဲ့သူတွေကို 'ကျရှုံးခြင်း' က အဆင်သင့် စောင့်ကြိုနေပါလိမ့်မယ်။ ကျရှုံးခြင်းဖြစ်စေတဲ့ အခြေခံအကြောင်းရင်းတွေကို လေ့လာရင် ခဏတာ ယာယီမျှ ဒုက္ခရောက်တာ၊ အခက်အခဲဖြစ်တာတွေကို ဒဏ်မခံဘဲ ကြိုးစားအားထုတ်တဲ့ အရှိန်တွေကို လျှော့ချ–ရပ်တန့်ပစ်တာ၊ ပြုမိတဲ့ အမှားတွေထဲကနေ ရုန်းမထွက်နိုင်တာ၊ အပြစ်ရှိသလို ခံစားနေရတာတွေကြောင့် ဖြစ်တာကို တွေ့ရှိရပါတယ်။

အာမခံကုမ္ပဏီရဲ့ဝန်ထမ်း၊ အာမခံရောင်းချသူ 'အာယူဒါဘီ' နဲ့ သူ့ဦးလေးဖြစ်သူတို့က ရွှေတူးဖော်ရေးတွေ ခေတ်စားနေတဲ့ ကာလအတွင်း အနောက်ဘက်သို့ ခရီးသွားပြီး ကြီးပွားချမ်းသာဖို့ ရွှေတူးခဲ့ကြပါတယ်။ 'ဒါဘီ' ဟာ ရွှေတွေကို မြေကြီးထဲကနေ တူးဖော်ရရှိတယ်ဆိုတဲ့ စကားကိုသာ ကြားဖူးခဲ့ပေမဲ့ လူသားရဲ့ ဦးနှောက်ထဲကနေ ရွှေတွေကို ပိုပြီးတူးဖော်ရရှိနိုင်တယ်ဆိုတဲ့ စကားကိုတော့ တစ်ခါမှ မကြားဖူးခဲ့ပါဘူး။ ဒါကြောင့် မြေကြီးထဲ

mgyoe.com

mgyoe.com SAMPLE BOOK


ရှိနေတဲ့ ရွှေတွေကို တူးဖော်နိုင်ဖို့ကိုသာ စိတ်ဝင်စားတာမို့ ပေါက်ချွန်းနဲ့ ဂေါ်ပြား (ငန်းပြား) ကို ကိုင်ပြီး လုပ်ငန်းစတင်ခဲ့ပါတယ်။

ရွှေတူးတဲ့အလုပ်ဟာ အလွန်ကို ပင်ပန်းဆင်းရဲလှပါတယ်။ ဒါပေမဲ့ လိုချင်တပ်မက်တဲ့စိတ် ရှိနေခဲ့တာကြောင့် ရွှေမရရအောင် တူးနိုင်ဖို့ကိုသာ စိတ်နှစ်ထားခဲ့တယ်။

ရက်သတ္တပေါင်းများစွာ ပင်ပန်းဆင်းရဲခံရပြီးတဲ့နောက် ဝင်းလက်တောက်ပနေတဲ့ ရွှေတွေကို ရှာတွေ့ခဲ့ပါတယ်။ ဒါဟာ ရည်မှန်းချက်ကို အပင်ပန်းခံပြီး လက်တွေ့ အကောင်အထည်ဖော်နိုင်ခြင်းရဲ့ ထိုက်တန်သော ဆုလာဘ်ဖြစ်ပါတယ်။ သူ့အနေနဲ့ မြေကြီးထဲ တွေ့ရှိရတဲ့ ရွှေသတ္တုရိုင်းတွေကို အပေါ်ရောက်အောင်တင်နိုင်ဖို့ စက်ယန္တရားတွေ လိုအပ်လာပြီဖြစ်ပါတယ်။ သူက အခြားလူတွေ မရိပ်မိရအောင် သူရှာထားတဲ့ ရွှေတွင်းကို အသာလေး ဖုံးကွယ်ထားလိုက်တယ်။ နောက်တော့ မေရီလန်းပြည်နယ် 'ဝီလျံစ်ဘတ်ဂျ်' မြို့မှာရှိတဲ့ သူ့အိမ်ကို အမြန်ပြန်သွားခဲ့ပြီး သူ့ဆွေမျိုးသားချင်းတွေနဲ့ အိမ်နီးချင်းအနည်းငယ်ကို ရွှေတူးဖော်ရေးအလုပ်လုပ်ဖို့ တီးတိုး အသိပေးလိုက်တယ်။ ပြီးတော့ ဒါဘီနဲ့ ဦးလေးဖြစ်သူတို့က စက်ယန္တရားတွေ ရရှိရေးအတွက် လိုအပ်မယ့်ငွေကို ဆွေမျိုးတွေနဲ့ အိမ်မိသားစုဆီကနေယူပြီး သူတို့တွေ့ရှိထားတဲ့ ရွှေတွင်းဆီ ပြန်လာခဲ့ကြတယ်။

သူတို့အစီအစဉ်အရ ပထမဆုံး တူးဖော်ရရှိတဲ့ ရွှေတွေကို သင်္ဘောနဲ့ တင်ပြီး အရည်ကျိုလိုက်မယ်။ ဒီအခါ သူတို့ တွေ့ရှိလုပ်ကိုင်နေတဲ့ ရွှေတွင်းက ကော်လိုရာဒိုမှာ အကောင်းဆုံးသော ရွှေတွင်းအဖြစ် သက်သေပြနိုင်တော့မယ့် မြေတွင်းထဲက တူးဖော်ရရှိတဲ့ ရွှေအစအန အနည်းငယ်ကတောင် သူ့ရဲ့ များပြားလှတဲ့ ကြွေးမြီတွေကို တစ်ခါတည်း ကျေအောင် ဆပ်နိုင်မယ်ဆိုတာ 'ဒါဘီ' က သိထားတယ်။ အထက်ပါ စိတ်ကူးတွေအပြည့်နဲ့ ဒါဘီတို့ တူဝရီးနှစ်ယောက်က ရွှေတွင်းထဲက ရွှေတွေဆက်ပြီး ထွက်လာဦးမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ အောက်ကို နက်နက်တူးလေ၊ သူတို့ရဲ့ မျှော်လင့်ချက်တွေက ပိုပြီး မြင့်တက်လေဖြစ်နေခဲ့တယ်။ ဒီလိုနဲ့ ထူးဆန်းတာတစ်ခုဖြစ်လာတာကို တွေ့ကြုံလိုက်ရတယ်။ အဲဒါကတော့ သူတို့ ပိုတူးလေ ရွှေအစအနတွေကို မတွေ့ရလေဖြစ်လာပြီး ကြိုးစားသမျှ အချည်းနှီး ဖြစ်ကုန်ပါတော့တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဒီလိုနဲ့ နောက်ဆုံးမှာ ဒါဘီရော သူ့ဦးလေးကပါ ရွှေတူးတဲ့အလုပ် ဆက်မလုပ်ဘဲ လက်လျှော့လိုက်ကြဖို့ ဆုံးဖြတ်ပါတော့တယ်။ ဒါဘီနဲ့ ဦးလေးဖြစ်သူက စက်ပစ္စည်းတွေကို အဟောင်းဆိုင်မှာ ရတဲ့ဈေးနဲ့ ရောင်းလိုက်ကြတယ်။ နောက်တော့ တူဝရီးနှစ်ယောက် ရထားစီးပြီး အိမ်ပြန်လာခဲ့ကြတယ်။ ထိုအချိန်မှာပဲ ရွှေတွင်းအနီးတစ်ဝိုက်မှာရှိတဲ့ ပစ္စည်းဟောင်း ရောင်းဝယ်တဲ့သူတစ်ယောက်က 'ဒါဘီ' တို့ တူးခဲ့တဲ့ ရွှေတွင်းထဲကို ဆင်းကြည့်ခဲ့တယ်။ သူက ရွှေတွင်းအနေအထားကိုကြည့်ပြီး ခေတ္တဆွံ့အ,သွားမိတယ်။ နောက်တော့ သူက အံ့ဩရာကနေ သတိဝင်ပြီး မိုင်းတွင်း အင်ဂျင်နီယာတစ်ယောက်ကို ခေါ်ပြလိုက်တယ်။ မိုင်းတွင်းအင်ဂျင်နီယာက အနည်းငယ် တွက်ချက်ပြီး ပစ္စည်းဟောင်းဝယ်တဲ့သူကို အကြံပေးလိုက်တယ်။ အဲဒီရွှေတွင်းကို ပထမဆုံး တူးတဲ့သူဟာ ပြတ်ရွှေ့ကြောအကြောင်းကို နားမလည်သလို ပြတ်ရွှေ့ကြောနဲ့လည်း နီးစပ်ထိတွေ့ဖူးသူ မဟုတ်လို့ အဲဒီအောက်မှာ ရွှေရှိနေတာကိုလည်း လုံးဝ မသိခဲ့တဲ့အကြောင်း၊ တကယ်တော့ 'ဒါဘီ' တို့ လက်လျှော့အဆုံးသတ်သွားတဲ့နေရာဟာ ရွှေကြောရှိနေတဲ့ နေရာရောက်ဖို့ သုံးပေသာ လိုတော့တဲ့အကြောင်းနဲ့ ပစ္စည်းဟောင်းဝယ်တဲ့သူကို အဲဒီရွှေတွင်းအားဆက်တူးဖို့ အကြံပေးလိုက်တာပေါ့။

မိုင်းတွင်း အင်ဂျင်နီယာပြောပြတဲ့အတိုင်း အဲဒီ ပြတ်ရွှေ့ကြောရဲ့အောက် သုံးပေအကွာနေရာမှာ ရွှေတွေ အမှန်တကယ် ရှိနေတာကို တွေ့လိုက်ရတယ်။

ဒီလိုနဲ့ ယခင်က ပစ္စည်းဟောင်းရောင်းဝယ်တဲ့ အလုပ်လုပ်ခဲ့သူဟာ ရွှေတွင်းထဲက ရွှေကြောကို ရှာဖွေတွေ့ရှိ တူးဖော်နိုင်ခဲ့တာကြောင့် ဒေါ်လာ သန်းချီပြီး ချမ်းသာတဲ့သူ ဖြစ်လာခဲ့ပါတယ်။ အကြောင်းကတော့ ပစ္စည်းဟောင်းရောင်းဝယ်သူဟာ သူလုပ်ချင်တဲ့ အလုပ်အတွက် သေချာရေရာမှုရှိအောင် ကျွမ်းကျင်သူ၊ မိုင်းအင်ဂျင်နီယာထံက အကြံဉာဏ်ကို ရယူနိုင်ခဲ့တာကြောင့် (အကြောင်းအကျိုး ဆင်ခြင်မှုမရှိဘဲ လက်လျှော့မယ့်အစား နားလည် ကျွမ်းကျင်သူထံ ချဉ်းကပ်–တိုင်ပင်–အကူအညီတောင်းနိုင်ခဲ့တာကြောင့်) အခုလို ကြီးပွားချမ်းသာလာတာ ဖြစ်ပါတယ်။ ငယ်ရွယ်တဲ့ 'ဒါဘီ' နဲ့ သူ့ဦးလေးက ရွှေတွင်းထဲက ရွှေတွေကို အပေါ်တင်ပြီး အရည်ကျိုတဲ့ နေရာ

mgyoe.com

mgyoe.com
SAMPLE BOOK


ဆီ သယ်ဆောင်ဖို့ စက်ယန္တရားတွေကို ငွေကုန်ကြေးကျခံ ဝယ်ယူခဲ့ရပါတယ်။ အဲဒီစက်တွေ ဝယ်ယူနိုင်ဖို့ ငွေကိုလည်း 'အာယူဒါဘီ' က သူ့ဆွေမျိုးတွေ၊ အိမ်နီးချင်းတွေဆီကနေ ယူလာခဲ့တာဖြစ်ပြီး အဲဒီလူတွေ အားလုံးကလည်း ဒါဘီကို ယုံကြည်စွာနဲ့ ငွေတွေပေးလိုက်ကြတာ ဖြစ်ပါတယ်။ ဒီတော့ ဘယ်လိုပဲ အဆင်မပြေပေစေ၊ အချိန်တွေ ဘယ်လောက်ပဲ ကြာပေစေ အဲဒီလူတွေဆီက ယူခဲ့တဲ့ ငွေအားလုံးကို တစ်ပြားတစ်ချပ်မကျန် အကုန်ပြန်ဆပ်မယ်လို့ 'ဒါဘီ' က ဆုံးဖြတ်ထားတယ်။

'အာယူဒါဘီ' ဟာ သူ့ရဲ့ လိုအင်ဆန္ဒ တောင့်တမှုတွေကို ရွှေတူးတဲ့ အလုပ်အဖြစ် အသွင်ပြောင်းနိုင်စွမ်းရှိခဲ့တဲ့အချက်ကို တွေ့ရှိခဲ့ပြီးနောက် သူ့ရဲ့ ဆုံးရှုံးမှုတွေကို ပြန်ထေမိအောင်လုပ်ဖို့ အဆပေါင်းများစွာ ကြိုးစားရမယ်ဆိုတာကိုလည်း ကောင်းစွာ နားလည်ခဲ့ပါတယ်။ အမှန်တော့ ဒါဘီဟာ အာမခံရောင်းတဲ့ အလုပ်လုပ်နေရင်းကနေ ရွှေထွက်ရာဒေသကို သွားရောက်စွန့်စားလုပ်ကိုင်ဖို့ ဆန္ဒ စတင်ဖြစ်ပေါ်ခဲ့ပြီး လက်တွေ့လုပ်ကိုင်ရာမှာတော့ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပါဘူး။ ဒါဘီက နောက်ပိုင်းမှာ ရွှေတွင်းကို လက်လျှော့ပြီး ပြန်လာခဲ့ရပုံတွေကို စဉ်းစားမိတယ်။ ရွှေကြောရှိတဲ့နေရာနဲ့ သုံးပေအကွာမှာ ရွှေတွင်းကို ဆက်မတူးဘဲ လက်လျှော့လိုက်တာကြောင့် သူ့အတွက် ကြီးမားတဲ့ ကံကောင်းမှုကြီးနဲ့ လွဲချော်ခဲ့ရပုံကိုလည်း ပြန်လည်တွေးမိပြီး သင်ခန်းစာအကြီးအကျယ် ရလိုက်တယ်။

"ဩော်... ငါက ရွှေတွေရှိနေတဲ့ သုံးပေအကွာမှာ ရွှေတူးတာကို ရပ်ပစ်ခဲ့မိတယ်။ ငါ အာမခံရောင်းတုန်းက လူတွေက 'နိုး' လို့ပြောတာတောင် မရပ်တန့်ဘဲ ငါ့ဆီက အာမခံဝယ်ဖို့ တောက်လျှောက် ပြောနိုင်ခဲ့တယ်" လို့ တစ်ယောက်တည်း ရေရွတ်ရင်း 'ဒါဘီ' ဟာ ရွှေတူးဖော်ခြင်းကနေ ရရှိတဲ့ အကြောင်းအကျိုး ဆီလျော်တဲ့ သင်ခန်းစာအတိုင်း ဘာပဲလုပ်လုပ် ဖွဲမလျှော့ဘဲ စွဲစွဲမြဲမြဲလုပ်တတ်တဲ့ အလေ့အကျင့် ရရှိလာခဲ့တယ်။ တစ်စုံတစ်ဦးရဲ့ ဘဝထဲကို အောင်မြင်မှုတွေ ဝင်ရောက်မလာသေးခင် ယာယီရှုံးနိမ့်မှုတွေ၊ ယာယီတိုက်ခိုက်ခံရခြင်းတွေ ရှိနေနိုင်သလို မထင်မှတ်ဘဲလည်း ကျရှုံးရတတ်ပါသေးတယ်။ ဒါဟာ အောင်မြင်မှုမရသေးခင်အတွင်း ဖြစ်တတ်တဲ့ သဘာဝသာဖြစ်ပြီး တစ်ကြိမ်တစ်ခါ ကျရှုံးခြင်းကို တစ်သက်လုံး

mgyoe.com

mgyoe.com
SAMPLE BOOK


ကျရှုံးခြင်းအဖြစ် မှတ်ယူစရာ မလိုပါဘူး။ ဒီနိုင်ငံထဲက အောင်မြင်မှုအရဆုံးသော လူ ၅၀၀ ကျော်ကို တစ်ဦးချင်းအလိုက် ဆွေးနွေးကြည့်တဲ့အခါ ကျရှုံးခြင်းတွေကို ကျော်လွှန်အောင်ဖြတ်သန်းပြီး ပထမဆုံးသော ခြေလှမ်းတစ်လှမ်းမှာပဲ အောင်မြင်မှုရဲ့ လမ်းစတွေကို စပြီး တွေ့ရတတ်ကြောင်း ပြောပြကြပါတယ်။

– ဖွဲ–စံနိုင်ရည်နဲ့ပတ်သက်သော ၅၀ ဆင့် သင်ခန်းစာ

မစ္စတာ 'ဒါဘီ' က Hard Knocks တက္ကသိုလ်ကနေ ဘွဲ့ရရှိပြီး မကြာခင်မှာပဲ သူ ရွှေတူးတုန်းက အတွေ့အကြုံကို အခြေခံပြီး အကျိုးအမြတ်ရအောင်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ပြီးတော့ 'No' ဆိုတဲ့ အငြင်းစကားဟာ အခြေအနေအရ ပြောဆိုခြင်းသာဖြစ်ပြီး လက်တွေ့အားဖြင့် "ဘာမှ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိ" ဆိုတဲ့ အဓိပ္ပာယ်ကို မရည်ညွှန်းကြောင်း အမှန်တကယ်သက်သေပြဖို့ စိတ်ပိုင်းဖြတ်ထားခဲ့ပါတယ်။

တစ်ခုသော နေ့လယ်ခင်းမှာ ဒါဘီက ဦးလေးဖြစ်သူ ဂျုံကြိတ်နေတာကို ဝိုင်းကူပေးခဲ့ပါတယ်။ ဒါဘီရဲ့ ဦးလေးအပါအဝင် အခြားသော သီးစားလူမည်း လယ်သမားတွေဟာ စိုက်ပျိုးရေးခြံဝင်းကြီးတစ်ခုအတွင်း စုပေါင်းနေထိုင်ကြရပါတယ်။ ဒါဘီနဲ့ ဦးလေးဖြစ်သူတို့ ဂျုံကြိတ်နေတုန်း တံခါးတစ်ချပ်အသာလေးပွင့်လာပြီး ကလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။ အဲဒီကလေးက သီးစားစိုက်ပျိုးတဲ့ လယ်သမားမိသားစုတစ်ခုရဲ့ သမီးလေးတစ်ယောက်ပါ။ သူမက ဒါဘီတို့ရှိနေတဲ့ အခန်းထဲဝင်လာပြီး တံခါးဝအနီးမှာ ထိုင်လိုက်တယ်။ ဦးလေးက မော့ကြည့်တဲ့အခါ အဲဒီကလေးမကို မြင်သွားပြီး "မင်း ဘာလိုချင်လို့လဲ?" လို့ လေသံမာမာနဲ့ ဟောက်ပြီး မေးလိုက်တယ်။ ထိုအခါ ကလေးမလေးက အောက်ကျို့တဲ့လေသံနဲ့ "သမီးအမေက ၅၀ ဆင့်လောက်ပေးပါ... လို့ ပြောခိုင်းလို့ပါ" လို့ ပြန်ဖြေတယ်။ "အိုး... ငါမပေးနိုင်ဘူး၊ မင်း အခုအိမ်ပြန်လိုက်တော့"... ဦးလေးက ငြင်းလိုက်တယ်။ "ဟုတ်ကဲ့ပါ" လို့ ကလေးမက ပြန်ပြောပေမဲ့ သူမရဲ့ခြေထောက်တွေက နေရာကနေ လုံးဝ မရွေ့ပါဘူး။ ဦးလေးက ဘာမှမပြောတော့ဘဲ သူ့အလုပ် သူ ဆက်လုပ်နေလိုက်တယ်။ နောက်ပြီး သူက အလုပ်တွေ တစ်ခုပြီးတစ်ခု

mgyoe.com

mgyoe.com
SAMPLE BOOK


လုပ်ရဦးမှာဆိုတော့ ကလေးမလေး အိမ်ပြန်တာ၊ မပြန်တာကိုလည်း စောင့်ကြည့်၊ အာရုံမစိုက်နိုင်တော့ပါဘူး။ ဒါပေမဲ့ အချိန်အတော်လေးကြာပြီးတော့မှ ဦးလေးက မော့ကြည့်လိုက်ချိန် ကလေးမလေးက အိမ်မပြန်သေးဘဲ ရပ်နေတာ တွေ့ရတော့ ဒေါသထွက်ပြီး အခုလို အော်လိုက်တယ်။ "ငါ မင်းကို အိမ်ပြန်တော့လို့ ပြောနေတာနော်၊ အခု ပြန်၊ မပြန်ရင် ငါ မင်းကို အပြစ်ပေးရလိမ့်မယ်"

ဒီအခါ ကလေးမလေးက အခုလိုပြန်ပြောတယ်။ "ဟုတ်ကဲ့ပါ"... ဒါပေမဲ့ နေရာကနေ တစ်လက်မတောင် မရွေ့ပါဘူး။ ထိုအခါ ဦးလေးက လုပ်လက်စအလုပ်ကို ရပ်လိုက်ပြီး သစ်သားစည်လုပ်ရာမှာ သုံးတဲ့ သစ်သားချောင်းတစ်ချောင်းကို သွားယူလိုက်တယ်။ ပြီးတော့ ကလေးမလေးရှိရာကို ဦးတည်ပြီး လျှောက်သွားတယ်။ ဦးလေးရဲ့ မျက်နှာပေါ်မှာ ကလေးမလေးကို ဒုက္ခပေးတော့မယ့် အရိပ်အယောင်တွေ ပေါ်နေပါပြီ။ ဒီအခြေအနေကိုမြင်တဲ့ ဒါဘီက အသက်တောင် ဝဝမရှူနိုင်တော့ပါဘူး။ ဘာလို့ဆိုတော့ သူ့ရှေ့မှာ ဦးလေးက အဲဒီကလေးမလေးကို တုတ်နဲ့ရိုက်မှာကို မြင်ရတော့မှာမို့လို့ပါ။ သူ့ဦးလေး ဒေါသကြီးတတ်တာကို ဒါဘီက ကောင်းကောင်းသိတယ်။

ထိုခေတ်ကာလမှာ ဆင်းရဲတဲ့ကလေးတွေ (အထူးသဖြင့် သီးစားစိုက်ပျိုးလုပ်ကိုင်တဲ့ လယ်သမားတွေရဲ့ ဘယ်သားသမီးကမှ) လူကြီးတွေကို အာခံပြောဆိုခွင့်မရှိသလို အဲဒီလို ပြုမူပြောဆိုခဲ့ရင်လည်း လူကြီးတွေဘက်က အပြစ်ပေးပိုင်ခွင့်ရှိခဲ့ပါတယ်။

တုတ်ကိုင်ထားတဲ့ ဦးလေးက ကလေးမလေး ရပ်နေတဲ့နေရာအနီး ရောက်လာချိန်မှာ အဲဒီကလေးမက ဦးလေးရှိရာဘက် မျက်နှာချင်းဆိုင်ရှေ့ကို ခြေတစ်လှမ်း လျင်မြန်စွာ လှမ်းလိုက်ပြီး ဦးလေးရဲ့မျက်နှာကို စေ့စေ့ကြည့်လိုက်တယ်။ ပြီးတော့ သူမရဲ့ စူးဝါးတဲ့အသံနဲ့ အခုလို အော်ပြောလိုက်တယ်။ "ကျွန်မအမေက အဲဒီ ၅၀ ဆင့် ရတော့မှာလား"

ဒီအခါ ဦးလေးက ရုတ်တရက် ရပ်သွားခဲ့ပြီး ကလေးမလေးကို သေချာကြည့်နေလိုက်တယ်။ နောက်တော့ ဦးလေးက လက်ထဲကိုင်ထားတဲ့ သစ်သားချောင်း (တုတ်) ကို ကြမ်းပြင်ပေါ် ပစ်ချလိုက်တယ်။ စောစောက တုတ်ကိုင်ထားတဲ့ ဦးလေးရဲ့ လက်တွေက အင်္ကျီအိတ်ကပ်ဆီကို ရောက်သွား

mgyoe.com

mgyoe.com SAMPLE BOOK 

ပြီး ငွေ half-dollar (50 cents) '၅၀ ဆင့်' ကို ထုတ်ယူကာ ကလေးမလေး ကို ပေးလိုက်တယ်။ ကလေးမလေးက ဦးလေးပေးတဲ့ ပိုက်ဆံကိုယူပြီး လေးကန်တဲ့ ခြေလှမ်းတွေနဲ့ တံခါးဝဆီ လျှောက်သွားခဲ့တယ်။ ကလေးမ လေး ပြန်သွားပြီးတော့ ဦးလေးက သေတ္တာတစ်လုံးပေါ်ထိုင်လိုက်ပြီး ပြတင်း ပေါက်ကရာစ်ဆင့် မြင်နေရတဲ့ အပြင်ဘက်ကို ၁၀ မိနစ်ကျော်လောက် ကြာအောင် ငေးကြည့်နေခဲ့တယ်။ ဦးလေးဖြစ်သူ အတွေးနယ်ချဲ့နေတုန်း 'ဒါဘီ' ကလည်း တွေးနေမိတယ်။ အဲဒါကတော့ 'လူမည်း ကလေးမလေး' တစ်ယောက်က လူဖြူ လူကြီးတစ်ယောက်ကို ကောင်းကောင်းလွှမ်းမိုး အနိုင်ယူသွားတာမျိုးကို သူ့ဘဝမှာ ပထမဆုံးအကြိမ် တွေ့လိုက်ရလို့ပါပဲ။ လူမည်းကလေးမကလေးက ဘယ်လိုများ လုပ်နိုင်ခဲ့တာလဲ? ဒေါသတကြီး ခက်ထန်လွန်းတတ်တဲ့ ဦးလေးက ဘာကြောင့်များ သိမ်မွေ့ကျိုးနွံတဲ့ သိုးငယ် လေးတစ်ကောင်အဖြစ် အလျင်အမြန် ပြောင်းလဲသွားရတာလဲ? လူမည်း ကလေးမလေးမှာ သူ့ရဲ့ အရှင်သခင်ဖြစ်တဲ့ လူဖြူတစ်ယောက်ကို အနိုင်ယူ ဖို့ ဘယ်လိုထူးဆန်းတဲ့အစွမ်းတွေ အသုံးပြုခဲ့တာလဲ? ဒါဘီအတွက်တော့ စဉ်းစားစရာတွေ အများကြီး ဖြစ်နေခဲ့ပါတယ်။ ဒါဘီအတွက် အထက်ပါ တွေးတောစရာတွေနဲ့ ပတ်သက်ပြီး တိကျတဲ့အဖြေမရှိပါဘူး။ ဒါပေမဲ့ သူ့ အတွေ့အကြုံအရ စာမတတ် ပေမတတ် လူမည်းကလေးတစ်ယောက်က ဩဇာရှိတဲ့လူဖြူတစ်ယောက်ကို အနိုင်ယူနိုင်တဲ့အစွမ်း ဘယ်လိုများ ရှိနေတာ လဲ? ဆိုတာကိုတော့ မကြာခဏ တွေးနေမိပါတယ်။ တကယ်တော့ 'ဒါဘီ' သိချင်တဲ့ အဖြေတွေဟာ Think and Grow Rich ဆိုတဲ့ ဒီစာအုပ်ထဲမှာ ပါရှိနေပြီး ဖြစ်ပါတယ်။ လူမည်း ကလေးမလေးရဲ့ ဘဝအခြေအနေဟာ နိမ့်ပါးပေမဲ့ အခက်အခဲပြဿနာနဲ့ ရင်ဆိုင်ရချိန် ဘယ်သူ့ကိုမှ မကြောက် မရွံ့ အော်ပြောရဲတဲ့သတ္တိ၊ လိုချင်တာ မရမချင်း ဖွဲကောင်းကောင်းနဲ့ စိတ်ရှည် သည်းခံ စောင့်ဆိုင်းနိုင်တဲ့အစွမ်းသတ္တိ၊ "နိုး" (No) လို့ အငြင်းခံလိုက်ရ ပေမဲ့ ချက်ချင်း လက်မြှောက်အရှုံးမပေးဘဲ ကြံ့ကြံ့ခံရင်ဆိုင်၊ ဆက်လက် ကြိုးစားအားထုတ်နိုင်တဲ့ အစွမ်းသတ္တိတွေက ဘယ်သူမဆို စံနမူနာထား အတုယူသင့်တဲ့ အပြုအမူတွေဖြစ်ပါတယ်။ နောက်ပိုင်းမှာ မစ္စတာ 'ဒါဘီ' ကိုယ်တိုင် ဝန်ခံပြောဆိုချက်အရ သူဟာ အာမခံရောင်းချရေးသမား

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက်အဖြစ် နှစ်ပေါင်း ၃၀ အတွေ့အကြုံရှိသူ ဖြစ်သော်လည်း အဲဒီ အတွေ့အကြုံ၊ ဗဟုသုတတွေဟာ လူမည်းကလေးမလေးထံက ရရှိတဲ့ အတွေ့အကြုံ၊ ဗဟုသုတ၊ သင်ခန်းစာတွေနဲ့ နှိုင်းယှဉ်ပါက မပြောပလောက်တဲ့ အတွေ့အကြုံတွေသာ ဖြစ်ခဲ့ပါတယ်။

နောက်တော့ မစ္စတာ ဒါဘီက အခုလို ထောက်ပြပြောဆိုခဲ့ပါသေးတယ်။

"ကျွန်တော်က ဦးလေးကို ဂျုံဝိုင်းကြိတ်ပေးနေတုန်းက ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို အခုထိ စွဲစွဲမြဲမြဲ မှတ်မိနေတုန်းပါပဲ။ အဲဒီတုန်းက လူမည်းကလေးမလေးက တံခါးဖွင့်ပြီး ဝင်လာတယ်။ သူမရဲ့ မျက်လုံးတွေက စူးရှတောက်ပနေသလို အမိန့်မှန်သမျှကိုလည်း ဆန့်ကျင်ဖီဆန်ဖို့ အသင့်ရှိနေသလိုမျိုး ထူးခြားနေတာပေါ့။ သူမရဲ့ အသွင်အပြင်နဲ့ အပြုအမူတွေကို မြင်တော့ ကျွန်တော့်ရဲ့ အာမခံရောင်းတဲ့အလုပ်ကို ချက်ချင်းပဲ ပြေးပြီး သတိရမိတယ်။ ကျွန်တော်က အာမခံရောင်းတိုင်း လူအများစုဆီက 'နိုး' ဆိုတဲ့ စကားကိုပဲ အပ်ကြောင်းထပ်အောင် ကြားခဲ့ရပြီး အဲဒီအငြင်းစကားက ကျွန်တော် ဆက်ပြောမယ့် အာမခံပေါ်လစီအကြောင်းတွေ နှုတ်က ထွက်မလာရဲအောင် တစ်ခါတည်း ပိတ်ပင်ပြီးသား ဖြစ်ခဲ့ပါတယ်။ အလားတူပဲ ရွှေတူးတုန်းကလည်း ရွှေကြောကို ရှာတွေ့ဖို့ သုံးပေအလိုမှာ ဆက်မတူးဘဲ လက်လျှော့လိုက်မိတယ်။ အတားအဆီး အခက်အခဲတွေက ဟန့်တားနှောင့်ယှက်တာနဲ့ သူတို့အလိုအတိုင်း နောက်ဆုတ်လိုက်မိတယ်။ ကျွန်တော့်ရဲ့ ဒီလိုမှားယွင်းခဲ့တဲ့ အတွေ့အကြုံတွေအပေါ် လူမည်းကလေးမလေးက ကောင်းကောင်းကြီး သင်ခန်းစာပေးလိုက်တာပဲလို့ ခံယူမိပါတယ်။ ဒီတော့ ကျွန်တော်က ဖြစ်ပျက်ကြုံတွေ့ခဲ့ရတဲ့ ကျရှုံးမှုတွေအပေါ် သင်ခန်းစာယူပြီး နောက်နောင် ဘဝတိုးတက်အောင်မြင်ရေးအတွက် ဘယ်အရာကိုမှ အလွယ်တကူ လက်မလျှော့တော့ဘူးလို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချထားလိုက်ပါပြီ"

ဘဝဆိုတာဟာ ထူးဆန်းပြီး ကြိုတင်မှန်းဆနိုင်ခြင်းမရှိတဲ့ အခြေအနေ အမျိုးမျိုးနဲ့လည်း ရင်ဆိုင်ကြုံတွေ့ရနိုင်ပါတယ်။ ဒါကြောင့် ကောင်းတာဖြစ်လာဖို့ကိုသာ လက်ကမ်းကြိုဆိုပြီး ဆိုးတာတွေ ကြုံတွေ့ရတဲ့အခါ အလွယ်တကူ လက်မလျှော့ဘဲ ရဲဝံ့စွာ လက်ကမ်းကြိုဆိုဖို့ လိုအပ်ပါတယ်။
mgyoe.com

mgyoe.com SAMPLE BOOK


စာရေးသူ ကျွန်တော့်အနေနဲ့ ဘဝတိုးတက်အောင်မြင်ပြီးသူတွေ၊ ကြီးပွား ချမ်းသာနေတဲ့သူတွေ ထောင်ပေါင်းများစွာကို ၂၅ နှစ်ကြာ လေ့လာသုတေ သနလုပ်ခဲ့ပြီး သူတို့တစ်ဦးချင်းစီရဲ့ အားသာချက်တွေနဲ့ ပတ်သက်လို့ သေချာ ခွဲခြမ်းစိတ်ဖြာလေ့လာပြီး အဖြေရှာခဲ့ပါတယ်။ ဒီလိုလုပ်ရတာဟာ ချမ်းသာ ကြွယ်ဝသူတိုင်းက တူညီတဲ့ နည်းလမ်းကိုသာ အသုံးပြုခြင်း ရှိ–မရှိ သိလို တာကြောင့် ဖြစ်ပါတယ်။ အကယ်၍ ကျွန်တော်ကသာ သုတေသန လုံးဝ မလုပ်ခဲ့သလို ချမ်းသာကြွယ်ဝသူတွေကို ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းတွေ လုံးဝ မလုပ်ခဲ့ဘူးဆိုပါက ဒီစာအုပ် "Think and Grow Rich" ကို လုံးဝ ရေးသားနိုင်ခဲ့မှာ မဟုတ်ပါဘူး။ ၁၉၂၉ ခုနှစ်မှာ ကမ္ဘာ့စီးပွားပျက်ကပ် ဆိုက်ခဲ့ ပြီး အမေရိကန်သမ္မတ 'ဖရန့်ကလင် ဒီရုစ်ဗဲ့တ်' အာဏာရရှိချိန် ကာလ နောက်ပိုင်း စီးပွားရေး ပျက်စီးခြင်းတွေရဲ့ အနိမ့်ဆုံးနဲ့ အမြင့်ဆုံးသော မှတ်တမ်းတွေအရ သိသာတဲ့ ကိန်းဂဏန်း ကွာဟချက်တွေကို တွေ့ရှိခဲ့ရ ပါတယ်။ သင်ဟာ စီးပွားပျက်ကပ်ဆိုက်တဲ့ အခြေအနေဆိုးထဲမှာ အပါအဝင် ဖြစ်နေခဲ့သည့်တိုင် မှန်ကန်တဲ့ စီးပွားရေးဆိုင်ရာ အတွေးအခေါ်တွေ၊ ထိရောက်တဲ့ ကိုယ်ပိုင်မူဝါဒတွေ၊ ကျရှုံးရာကနေ ချက်ချင်း ပြန်ထပြီး ကြိုးစား အားထုတ်နိုင်စွမ်းတွေ ရှိနေမယ်ဆိုရင် သင်ဟာ အချိန်တိုအတွင်း ပြန်လည် ခေါင်းထောင်လာနိုင်ရာကနေ ပိုမိုတိုးတက် အောင်မြင်မှုတွေဆီ ဆက်လက် တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

လူသားမျိုးနွယ်တွေရဲ့ အားနည်းချက်တွေထဲက အဓိကကျတဲ့ အားနည်းချက်ကတော့ သာမန်လူ အများစုဟာ 'မဖြစ်နိုင်ဘူး' ဆိုတဲ့ စကား လုံးနဲ့ ရင်းနှီးနေကျဖြစ်သလို လက်တွေ့လုပ်မကြည့်သေးဘဲ စိတ်အထင်နဲ့ 'မလုပ်နိုင်–မဖြစ်နိုင်' ဆိုတဲ့ စကားပြောတာ၊ အခက်အခဲပြဿနာ ကြုံရပါက လွယ်လွယ်လေး အရှုံးပေးတတ်တာ... တွေပဲဖြစ်ပါတယ်။

ကျွန်တော်ရေးသားတဲ့ Think and Grow Rich ဟာ မိမိကိုယ်တိုင် အတွက်သာမကဘဲ အခြားလူတွေကိုပါ ကြီးပွားတိုးတက် အောင်မြင်စေမယ့် နည်းလမ်းနဲ့ လိုက်နာရမယ့် ဥပဒေသတွေကို ရှာဖွေလိုသူတွေအတွက် အထူး ရည်ရွယ်ထားပါတယ်။

လွန်ခဲ့တဲ့ နှစ်အတန်ကြာက ကျွန်တော်ဟာ အဘိဓာန်စာအုပ်တစ်အုပ်

mgyoe.com

mgyoe.com
SAMPLE BOOK


ဝယ်ယူခဲ့ပါတယ်။ အဲဒီအဘိဓာန်နဲ့ ပတ်သက်ပြီး ကျွန်တော် ပထမဆုံး လုပ်တဲ့ အလုပ်ကတော့ Impossible(မဖြစ်နိုင်သော) ဆိုတဲ့ စကားလုံးရှိရာ စာမျက်နှာကို လှန်ပြီး အဲဒီစကားလုံးကို ကတ်ကြေးနဲ့ ညှပ်ထုတ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ သင့်အနေနဲ့ကတော့ ဒီလိုအပြုအမူဟာ ဉာဏ်အမြော်အမြင်မဲ့တဲ့၊ မိုက်မဲတဲ့ လုပ်ရပ်ဖြစ်တယ်လို့ ရှုမြင်မိပါလိမ့်မယ်။ တကယ်တော့ အောင်မြင်မှုဆိုတာဟာ အောင်မြင်ရေးအတွက် အစဉ်နိုးကြား သတိရှိနေတဲ့ သူဆီကိုပဲ တန်းတန်းမတ်မတ် ရောက်လာလေ့ရှိပါတယ်။ ထိုနည်းတူစွာ ကျရှုံးခြင်းဟာလည်း ကျရှုံးမှုဖြစ်စေမယ့် အသိတွေကိုသာ မိမိထံ ဝင်ရောက်ခွင့်ပြုတဲ့ လူညံ့-လူဖျင်းတွေဆီကိုသာ သွားရောက်လေ့ရှိတတ်ပါတယ်။

ဒီစာအုပ်ရဲ့ ဦးတည်ချက်ဟာ ကျရှုံးခြင်းဖြစ်စေတဲ့ အတွေးအမြင်တွေကို အောင်မြင်မှုရစေတဲ့ အတွေးအမြင်တွေအဖြစ် ပြောင်းလဲနိုင်စေဖို့ လေ့လာသင်ယူရမယ့်အချက်တွေ ရှာဖွေလိုသူတွေအတွက် အထူးရည်ရွယ်ထားပါတယ်။

ကျွန်တော့်ရဲ့ လေ့လာချက်အရ လူအများမှာ တွေ့ရှိရတဲ့ နောက်ထပ် အားနည်းချက်တစ်ခုကတော့ အရာရာကို သူတို့ရဲ့ ထင်မြင်ယူဆချက်၊ ယုံကြည်ချက်တွေနဲ့ တိုင်းတာတတ်ခြင်းပဲဖြစ်ပါတယ်။ နောက်ပြီး အဲဒီလူမျိုးတွေဟာ ဘယ်သူမှ စဉ်းစားတွေးခေါ်ပြီး ချမ်းသာနိုင်ခြင်း မရှိဘူးလို့ အမြဲယူဆတတ်ပါလိမ့်မယ်။ လေ့လာမှုတွေအရ ချမ်းသာကြွယ်ဝလိုစိတ် ရှိကြသော်လည်း လက်တွေ့အားဖြင့် 'ချမ်းသာကြွယ်ဝခြင်း' ဆိုတဲ့ စကားရပ်(ဝေါဟာရ) ကို လေးလေးနက်နက် စဉ်းစားနိုင်ခြင်း မရှိတဲ့သူတွေဟာ ချမ်းသာကြွယ်ဝနိုင်ခြင်းဆိုတဲ့ အခွင့်အရေးနဲ့ အလှမ်းဝေးနေတတ်ပါတယ်။ အကြောင်းကတော့ သူတို့ လက်ရှိရောက်နေတဲ့ ဘဝအခြေအနေအရ ဆင်းရဲတွင်းနက်ခြင်း၊ ကျရှုံးခြင်း၊ လက်မြှောက်အရှုံးပေးရခြင်း၊ လိုအပ်ချက်နှင့် လိုချင်တာတွေ များနေခြင်း၊ ကံဆိုးမိုးမှောင်ကျခြင်းတွေကိုသာ အမြဲတမ်း တွေးတောနေတာကြောင့် ဖြစ်ပါတယ်။

ကံကောင်း-တိုးတက်စေမယ့် အတွေးအခေါ်တွေ လုံးဝမရှိတဲ့ ကံမကောင်းတဲ့သူတွေဟာ ကျွန်တော့်ကို Think and Grow Rich ဆိုတဲ့ စာအုပ်ရေးသားဖို့ အားပေးတိုက်တွန်းသလို ဖြစ်ခဲ့ပါတယ်။ ကျွန်တော့်အနေ

mgyoe.com

mgyoe.com
SAMPLE BOOK


နဲ့ ထူးခြားထင်ရှားတဲ့ အဖြစ်အပျက်တစ်ခုကို ဖော်ပြလိုပါတယ်။ အဲဒါက တော့ တစ်ခါက အာရှသားတစ်ယောက်ဟာ အမေရိကကို ပညာသင်ကြားဖို့ ရောက်လာခဲ့ပြီး ချီကာဂိုတက္ကသိုလ်မှာ တက်ရောက်ပညာသင်ကြားခဲ့ပါ တယ်။ တစ်နေ့မှာ တက္ကသိုလ်ရဲ့ အဓိပတိဖြစ်တဲ့ 'ဝီလျံရိမ်နီဟာပါ' က အဲဒီ အာရှကျောင်းသားကို တက္ကသိုလ်ဝင်းအတွင်းမှာ လာရောက်တွေ့ဆုံပြီး ခဏလောက် စကားစမြည်ပြောဆိုဖို့ ကမ်းလှမ်းခဲ့တယ်။ တကယ်တော့ အဲဒီ အာရှကျောင်းသားဟာ အမေရိကန် ကျောင်းသားတွေအကြား သိသာ ထင်ရှားမှုအရှိဆုံး ဖြစ်နေတာကြောင့် တက္ကသိုလ်ရဲ့ အဓိပတိကိုယ်တိုင်က စကားပြောကြည့်ဖို့ ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။

အဓိပတိက အဲဒီကျောင်းသားရဲ့ ထူးခြားတဲ့ မျက်လုံးအရောင်နဲ့ ပတ် သက်ပြီး စကားထဲ ထည့်ပြောသွားခဲ့တယ်။ တကယ်တော့ ဘယ်သူတွေပဲဖြစ် ဖြစ် ကျွန်တော်တို့နဲ့ တစ်ပုံစံတည်း ဆင်တူမှု မရှိနိုင်သလို လူအများအကြား ကျွန်တော်တို့ အနည်းစုက သိသာထင်ရှားနေခဲ့ရင်လည်း အများရဲ့အမြင်မှာ ထူးဆန်းနေမှာဖြစ်ပါတယ်။

လူအများစုအနေနဲ့ အထက်ပါ ထူးခြားတဲ့ ကွဲလွဲမှုတွေကို ကိုယ်ပိုင် ကန့်သတ်ချက်တွေအဖြစ် မှားယွင်းစွာ ယုံကြည်လက်ခံထားတာ တွေ့ရပါ တယ်။ ဒီမှာ မှားယွင်းတဲ့ လက်ခံယုံကြည်မှုဟာ တကယ်ကို မိုက်မဲရာကျ ပါတယ်။

လူအများစုဟာ 'ဟင်နရီဖို့ဒ်' လိုမျိုး မြင့်မားစွာ တိုးတက်အောင်မြင်ခဲ့ တဲ့ စီးပွားရေးစွမ်းဆောင်ရှင်တွေအပေါ် လေးစားအားကျခြင်း (သို့) မနာလို ခြင်းတွေနဲ့သာ အချိန်ကုန်တတ်ကြပါတယ်။ စီးပွားရေးစွမ်းဆောင်ရှင်တစ် ယောက်အဖြစ် အောင်မြင်ဖို့ဆိုတာဟာ ကံကောင်းရုံသက်သက်နဲ့ မဖြစ်နိုင်ဘဲ သူ့ရဲ့ ကြိုးစားအားထုတ်မှု၊ ဖွဲ့ရှိမှု၊ စီးပွားရေးဆိုင်ရာ တွေးခေါ်ယူဆနိုင်စွမ်း ပြည့်ဝမှုနဲ့ တိုးတက်အောင်မြင်၊ ကြီးပွားချမ်းသာစေတဲ့ လျှို့ဝှက်ချက်ကိုလည်း ဖော်ထုတ်နိုင်ဖို့ လိုအပ်ပါတယ်။ တစ်နေ့မှာ 'ဟင်နရီဖို့ဒ်' က (နောက်ပိုင်း ကာလအတွင်း ထင်ပေါ်ကျော်ကြားလာမယ့်) 'V-8' ကားအင်ဂျင်ထုတ်လုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ V-8.မော်တော်ကားအင်ဂျင်ဟာ မော်တော်ကား ထုတ် လုပ်မှုသမိုင်းကြောင်းတစ်လျှောက် အအောင်မြင်ဆုံးနဲ့ အတိုးတက်ဆုံးသော

mgyoe.com

mgyoe.com  SAMPLE BOOK

အခြေအနေထိ ရောက်ရှိခဲ့ပါတယ်။ 'ဖို့ဒ်' အနေနဲ့ 'ဆလင်ဒါဘလော့ခ်' တစ်ခုအတွင်း ဆလင်ဒါပေါင်း ရှစ်လုံးတိတိပါဝင်တဲ့ အင်ဂျင်တည်ဆောက်ဖို့ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူက အင်ဂျင်ဒီဇိုင်းကောင်းကောင်းလေးထုတ်နိုင်ဖို့ သူ့ရဲ့ အင်ဂျင်နီယာတွေကို ညွှန်ကြားလိုက်တယ်။ နောက်တော့ အင်ဂျင်ဒီဇိုင်းကို စာရွက်ပေါ်မှာ ချရေးဆွဲစေခဲ့တယ်။ ဒါပေမဲ့ အင်ဂျင်အစိတ်အပိုင်းတစ်ခု (ဆလင်ဒါဘလော့ခ်) တစ်ခုတည်းမှာပဲ ဆလင်ဒါရှစ်လုံးပါတဲ့ အင်ဂျင်ကို တည်ဆောက်ဖို့ မဖြစ်နိုင်တဲ့အကြောင်း အင်ဂျင်နီယာအားလုံးက သဘောတူခဲ့ကြတယ်။ သို့သော်လည်း ဖို့ဒ်က ခေါင်းမာမာနဲ့ "ဒါကို တစ်နည်းနည်းနဲ့ ရအောင်ထုတ်မယ်" လို့ အင်ဂျင်နီယာတွေကို ပြောလိုက်တော့ အင်ဂျင်နီယာတွေက "ဒါ လုံးဝမဖြစ်နိုင်ဘူး" လို့ ငြင်းဆိုခဲ့ကြတယ်။

'ဖို့ဒ်' ဘက်ကလည်း လုံးဝအလျှော့မပေးဘဲ "ဆက်လုပ်စရာရှိတာသာ ဆက်လုပ်ပေးကြပါ၊ ဒီကိစ္စက အောင်မြင်မှု မရမချင်း မင်းတို့အားလုံး ဒီမှာပဲနေပြီး ကြိုးစားပေးပါ။ အချိန်ဘယ်လောက်ကြာကြာ မကန့်သတ်ဘူး။ ဒါပေမဲ့ ဖြစ်အောင်တော့ လုပ်ရမယ်"...လို့ သူ့အင်ဂျင်နီယာတွေကို အမိန့်ပေးလိုက်တယ်။ ဒီတော့ 'ဖို့ဒ်' ရဲ့ အင်ဂျင်နီယာတွေက ဆက်လုပ်ရတော့တာပေါ့။

ခြောက်လကြာပြီးတဲ့အထိ အင်ဂျင်နီယာတွေဘက်က ထူးထူးခြားခြားဘာမှ လက်စွမ်းမပြနိုင်ခဲ့သေးပါဘူး။ အင်ဂျင်နီယာအားလုံးက သူတို့စိတ်ကူးကြံစည်နိုင်သမျှ မျိုးစုံစဉ်းစားပြီး ဖို့ဒ်အမိန့်အတိုင်း ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလိုနဲ့ သူတို့ရဲ့ခေါင်းထဲကို "မဖြစ်နိုင်ဘူး" ဆိုတဲ့ အတွေးသာ ထပ်မံဝင်ရောက်လာခဲ့ပါတယ်။

နှစ်ကုန်ခါနီးအချိန်မှာတော့ ဖို့ဒ်က သူ့အင်ဂျင်နီယာတွေ ဘာလုပ်ထားတယ်ဆိုတာကို သေချာစစ်ဆေးလိုက်တယ်။ ဒီအခါ အင်ဂျင်နီယာတွေက ဖို့ဒ်ပေးတဲ့ အမိန့်အတိုင်း သူတို့ကြိုးစားဆောင်ရွက်ကြပေမဲ့ အမှန်တကယ် အကောင်အထည်ဖော်နိုင်မယ့် နည်းလမ်းကို ရှာမတွေ့သေးတဲ့အကြောင်း အသိပေးကြပါတယ်။ ဒီတစ်ကြိမ်မှာလည်း ဖို့ဒ်က သူတို့အားလုံးကို "ဆက်ပြီး ကြိုးစားကြည့်ပါ၊ ငါ အောင်မြင်တာကို လိုချင်တယ်၊

mgyoe.com

mgyoe.com

ဒီအင်ဂျင်ကို အောင်အောင်မြင်မြင် ထုတ်နိုင်မှဖြစ်မယ်"... လို့ ပြောလိုက်ပြန်ပါတယ်။

အင်ဂျင်နီယာတွေက ဖို့ဒ်ပြောတဲ့အတိုင်း ဆက်လုပ်ကြတာပေါ့။ ကံကောင်းချင်တော့ ဒီတစ်ကြိမ် ထပ်မံ ကြိုးစားမှုမှာ အင်ဂျင်ဒီဇိုင်းထုတ်နိုင်မယ့် လျှို့ဝှက်ချက်ကို ရှာတွေ့သွားခဲ့ကြတယ်။ ဒီအခါ 'ဖို့ဒ်' (Ford) မော်တော်ကားကုမ္ပဏီက နောက်တစ်ကြိမ် အောင်မြင်မှုရရှိမယ့် ဆုံးဖြတ်ချက်ကို ချနိုင်ခဲ့ပါတယ်။ ဒီလို အောင်မြင်ဖို့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချရာမှာ အဓိက အရေးအကြီးဆုံးကတော့ စိတ်ကူးကောင်းကို တွေးမိဖို့ပဲဖြစ်ပါတယ်။

'ဖို့ဒ်' ကုမ္ပဏီရဲ့ ကားထုတ်လုပ်မှု ဇာတ်လမ်းကနေ ကောက်ချက်ချမယ်ဆိုရင် သင်က စဉ်းစား၊ တွေးခေါ်၊ စိတ်ကူး (အကြံ) ရပြီး ကြီးပွားချမ်းသာအောင် လုပ်လိုပါက လက်တွေ့ အမှန်တကယ်ဖြစ်လာအောင် လုပ်နိုင်တယ်ဆိုတာကို ထင်ရှားစွာ တွေ့ရပါမယ်။ 'ဟင်နရီဖို့ဒ်' က ကြီးပွားချမ်းသာ၊ တိုးတက်အောင်မြင်နိုင်မယ့် လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခဲ့တာကြောင့် ငွေကြေးသန်းပေါင်းများစွာကို ထပ်မံပိုင်ဆိုင်ခွင့် ရခဲ့ပါတယ်။

ဟင်နရီဖို့ဒ်ကို လေ့လာမယ်ဆိုရင် သူဟာ ဘဝတိုးတက်အောင်မြင်ရေးအတွက် လိုက်နာရမယ့် စည်းကမ်းတွေကို အပြည့်အဝ လိုက်နာနိုင်ခဲ့သလို အောင်မြင်ရေးအတွက် အရေးပါတဲ့ လျှို့ဝှက်ချက်ကိုလည်း နားလည်နိုင်စွမ်းရှိခဲ့တာ တွေ့ရပါတယ်။

လူတစ်ယောက်ကို အောင်မြင်စေတဲ့ အချက်တွေထဲမှာ ရည်ရွယ်ထားတဲ့အတိုင်းဖြစ်အောင် လုပ်ဖို့ဆိုတဲ့ ပြင်းပြတဲ့စိတ်ဆန္ဒနဲ့ အလွယ်တကူ အလျှော့မပေးတတ်တဲ့ ဇွဲကောင်းခြင်းတွေကလည်း အပါအဝင် ဖြစ်ပါတယ်။

သင့်အနေနဲ့ ဟင်နရီဖို့ဒ် အောင်မြင်မှုရခဲ့တာကိုကြည့်ပြီး လက်တွေ့မှာ သူ့လို လိုက်မလုပ်နိုင်ဘူးဆိုတဲ့စိတ် မထားရှိဖို့ လိုပါတယ်။ တကယ်တော့ သင်သည်လည်း ဟင်နရီဖို့ဒ်နည်းတူ လိုက်နာဆောင်ရွက်နိုင်မယ်။ အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်ကို လက်တွေ့ အသုံးချနိုင်မယ်ဆိုရင် ဟင်နရီဖို့ဒ်အတိုင်း ထပ်တူ အောင်မြင်နိုင်တယ်ဆိုတာကို ရဲရဲကြီး ခံယူထားဖို့ လိုပါတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK

**– သင်ဟာ သင့်ကံကြမ္မာရဲ့ အရှင်သခင်ဖြစ်သလို သင့်စိတ်ဝိညာဉ်ရဲ့ ဦးဆောင်သူဖြစ်ပါတယ်။**

ကဗျာဆရာ 'ဝီလျံအန်းနက်ခ်ဟန်လီ' က "ကျွန်တော်ဟာ ကျွန်တော့် ကံကြမ္မာရဲ့ အရှင်သခင်ဖြစ်သလို ကျွန်တော့်စိတ်ဝိညာဉ်ရဲ့ ဦးဆောင်သူလည်းဖြစ်တယ်"... လို့ နိမိတ်ဖတ်တဲ့ ကဗျာစာသားကို ရေးခဲ့ဖူးပါတယ်။

တကယ်တော့ အဲဒီကဗျာစာသားဟာ "ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ ကံကြမ္မာရဲ့ အရှင်သခင်တွေဖြစ်ကြသလို ကျွန်ုပ်တို့ စိတ်ဝိညာဉ်ရဲ့ ဦးဆောင်သူတွေလည်း ဖြစ်ကြတယ်"...လို့ ရေးသားအသိပေးလိုခြင်း ဖြစ်ပါတယ်။ အကြောင်းကတော့... ကျွန်ုပ်တို့ဆီမှာ ကျွန်ုပ်တို့ရဲ့ အတွေးအခေါ်တွေကို ထိန်းချုပ်နိုင်တဲ့စွမ်းအင် ရှိနေတာကြောင့် ဖြစ်ပါတယ်။

ကဗျာဆရာအနေနဲ့ ကျွန်ုပ်တို့ကို ပြောပြသင့်တဲ့ အချက်တွေကတော့ စကြဝဠာအတွင်း ဖြစ်တည်နေတဲ့ ကမ္ဘာဂြိုဟ်အတွင်းက ကျွန်ုပ်တို့ရဲ့ ရုန်းကန်လှုပ်ရှားရှင်သန်မှုတွေ၊ စကြဝဠာဆိုင်ရာ စွမ်းအင်၊ ခွန်အားတွေက ကျွန်ုပ်တို့နဲ့ သင့်လျော်လိုက်ဖက်မယ့် စဉ်းစားတွေးခေါ်မှုတွေ ဖြစ်စေပုံနဲ့ ကျွန်ုပ်တို့အပေါ် ဩဇာသက်ရောက်ပုံတွေအပြင် ကျွန်ုပ်တို့ရဲ့ စဉ်းစားတွေးခေါ်မှုတွေကို ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေအဖြစ် အသွင်ပြောင်းနိုင်တယ်ဆိုတဲ့ အချက်တွေပဲဖြစ်ပါတယ်။

အကယ်၍ ကဗျာဆရာက အဘက်ဘက်က ပြီးပြည့်စုံတဲ့ အမှန်တရား (Great truth) အကြောင်း ကျွန်ုပ်တို့ကို ပြောပြခဲ့မယ်ဆိုရင် ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ ကံကြမ္မာရဲ့ အရှင်သခင်တွေ ဖြစ်တယ်ဆိုတာနဲ့ ကျွန်ုပ်တို့ စိတ်ဝိညာဉ်ရဲ့ ဦးဆောင်သူတွေလည်း ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို ပိုပြီး ထင်ရှားစေပါလိမ့်မယ်။ ကျွန်ုပ်တို့မှာ အထက်ပါ စွမ်းအင်တွေ အမှန်တကယ် ပိုင်ဆိုင်ထားပြီဆိုရင် အပျက်သဘောကို ဦးတည်တဲ့ စဉ်းစားတွေးခေါ်မှုတွေနဲ့ အပြုသဘောဆောင် အကောင်းမြင်နိုင်စွမ်းရှိတဲ့ စဉ်းစားတွေးခေါ်မှုတွေကို အထူးတလည် အားစိုက်ထုတ်စရာမလိုဘဲ ခွဲခြားသိမြင်နိုင်မှာ ဖြစ်ပါတယ်။ ထို့ပြင်မက ထိုစွမ်းအင်တွေဟာ ကျွန်ုပ်တို့မှာ ရှိနေတတ်တဲ့ ဆင်းရဲခြင်းနဲ့ ဆိုင်တဲ့ စဉ်းစားတွေးခေါ်မှုတွေကို ချမ်းသာခြင်းဖြစ်လာစေမယ့် အတွေးအခေါ်တွေအဖြစ်သို့ လျင်မြန်စွာ ပြောင်းလဲပေးနိုင်မှာဖြစ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကဗျာဆရာအနေနဲ့ ကျွန်ုပ်တို့ဦးနှောက်ဟာ ကျွန်ုပ်တို့စိတ်အတွင်းရှိနေတဲ့ စဉ်းစားတွေးခေါ်မှုတွေကို ဆွဲဆောင်တတ်ကြောင်း၊ ကောင်းသောအတွေးများစွာကို ဆွဲဆောင်နိုင်ခြင်းဟာ ထိရောက်တဲ့ စွမ်းပကားတွေဖြစ်လာစေနိုင်သလို ဘဝအခြေအနေ အမျိုးမျိုးနဲ့ လိုက်ဖက်စွာ ရှင်သန်နိုင်စေမယ့် တွေးခေါ်မှုတွေဖြစ်စေကြောင်း ပြောပြသင့်ပါတယ်။

ကျွန်ုပ်တို့က ကျွန်ုပ်တို့ကံကြမ္မာရဲ့ အရှင်သခင်ဖြစ်သလို ကျွန်ုပ်တို့စိတ်ဝိညာဉ်ရဲ့ ဦးဆောင်သူလည်း ဖြစ်တာကြောင့် ချမ်းသာကြွယ်ဝမှုတွေမြင့်မားလာအောင် ချမ်းသာကြွယ်ဝမှု အခြေအနေ နည်းနည်းစီကို စုဆောင်းခြင်းတွေမလုပ်ခင် ကျွန်ုပ်တို့ရဲ့စိတ်ကို ချမ်းသာကြွယ်ဝဖို့ဆိုသော ပြင်းပြတဲ့အလိုဆန္ဒတွေနဲ့ ဦးစွာ ဆွဲဆောင်ထားနိုင်ဖို့ လိုပါတယ်။ ကျွန်ုပ်တို့မှာရှိနေတဲ့ပြင်းပြတဲ့ အလိုဆန္ဒဟာ ငွေကြေးနဲ့ပတ်သက်တဲ့ နိုးကြားသတိတွေဖြစ်လာပြီး အဲဒီနိုးကြားသတိက ကျွန်ုပ်တို့ လက်တွေ့ငွေကြေးရှာဖွေ (စီးပွားရေးလုပ်မယ့်) အစီအစဉ်တွေ ရေးဆွဲဖို့ အခြေအနေတွေ ဆက်လက်ဖန်တီးပေးပါလိမ့်မယ်။

အတွေးအခေါ် ပညာရှင်မဟုတ်တဲ့ ကဗျာဆရာသက်သက်သာဖြစ်သော 'ဟန်လီ' ဟာ အဘက်ဘက်က ပြည့်စုံတဲ့၊ ငြင်းချက်ထုတ်စရာ မလုပ်လိုသော အမှန်တရား (Great truth) အကြောင်းကို ကဗျာစာသားအဖြစ်ဖွဲ့စည်းလိုက်ရင်း သူ့ကိုယ်သူ စိန်ခေါ်ထားတာ တွေ့ရပါတယ်။ သို့သော်လည်း 'ဟန်လီ' ရဲ့ကဗျာကို လေ့လာလိုက်စားသော ပရိသတ်ကတော့ သူ့ကဗျာကို အတွေးအခေါ်ကဗျာအဖြစ် အဓိပ္ပာယ်ပြန်ဆို လေ့လာကြတာ တွေ့ရပါတယ်။

ဘယ်လိုအခြေအနေတွေမှာဖြစ်ဖြစ် အမှန်တရားဟာ အကြောင်းကိစ္စအမျိုးမျိုးအတွက် ဓာတ်ရည်လည်ပြီး နားလည်အောင် ထုတ်ဖော်ပြသနိုင်စွမ်းရှိပြီးဖြစ်ပါတယ်။ သင်ဟာ ဒီစာအုပ်ရဲ့ အစောပိုင်း စာမျက်နှာမှာ ဖော်ပြထားတဲ့ 'ချမ်းသာကြွယ်ဝစေဖို့ ပထမဆုံးအဆင့်' အကြောင်းတွေကို မဖတ်ရှုခင်စာအုပ်ထဲပါတဲ့ ဖြစ်ရပ်မှန် အခြေခံထားတဲ့ သတင်းအချက်အလက်တွေက သင့်ရဲ့ ဘဏ္ဍာရေးဆိုင်ရာ ကံကြမ္မာတစ်ခုလုံးအား အလွယ်တကူ အပြောင်းအလဲဖြစ်စေမှာဖြစ်ကြောင်း ကြိုတင်နားလည်ထားရပါမယ်။

mgyoe.com

mgyoe.com

SAMPLE BOOK

ဒီစာအုပ်မှာ သင့်ကို သိစေချင်တာက ကျွန်တော်ရယ်၊ ကျွန်တော့်သားရယ်၊ ကျွန်တော့်သူငယ်ချင်းရယ်ဆိုတဲ့ သုံးယောက်အကြားမှာရှိတဲ့ ဆက်ဆံရေး အခြေအနေတွေနဲ့ တစ်ဦးချင်းစီအလိုက် ဖြစ်ပျက်ကြုံတွေ့ရတာတွေကို ပြောပြချင်တာ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းကို ရာစုနှစ်တစ်ခုရဲ့ လေးပုံတစ်ပုံကျော် ကာလအထိ တောက်လျှောက် ခင်မင်စွာ ပေါင်းသင်းလာခဲ့ပါတယ်။ အဲဒီ ကျွန်တော့်သူငယ်ချင်းနဲ့ ကျွန်တော့်သားက သူများတွေထက် ထူးကဲပြီး တိုးတက်အောင်မြင်အောင် လုပ်နိုင်တာကို ကျွန်တော် ဝမ်းမြောက်စွာ တွေ့မြင်ခွင့်ရရှိခဲ့တယ်။ သူတို့ အခုလို အောင်မြင်တာဟာ တိုးတက်၊ အောင်မြင်၊ ကြီးပွားချမ်းသာစေမယ့် လျှို့ဝှက်ချက်ကို လက်တွေ့ အကောင်အထည်ဖော်နိုင်ခဲ့လို့သာ ဖြစ်ပါတယ်။

"ဖြစ်ရမယ်... လုပ်ကိုလုပ်ရမယ်" ဆိုတဲ့ ပြင်းပြတဲ့စိတ် အလိုဆန္ဒဟာ စိတ်ကူးယဉ်သမားတွေ ဘေးဖယ်ထားတဲ့ နေရာကနေ အစပြုလေ့ရှိပါတယ်။

အိပ်မက်စိတ်ကူးတွေဟာ စိတ်မဝင်စား၊ ဥပေက္ခာပြုဖို့၊ ပျင်းရိငြီးငွေ့ဖို့နဲ့ ရည်မှန်းချက်ကင်းမဲ့ဖို့ မွေးဖွားလာတာ မဟုတ်ပါဘူး။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း-၁

# အလိုဆန္ဒ (Desire)

### တိုးတက်အောင်မြင်မှု အားလုံးတို့၏ အစပြုရာနေရာ

ချမ်းသာကြွယ်ဝလာစေဖို့ ဆောင်ရွက်ရမည့် အဆင့်-၁

"အက်ဒဝင်စီဘန်းစ်" က နယူးဂျာစီပြည်နယ်၊ အောရိမ်းချ်မြို့ကို အရောက် သူစီးလာတဲ့ ကုန်တွဲရထားပေါ်ကနေ ဆင်းခဲ့လိုက်တယ်။ သူ့ပုံစံ၊ အသွင်အပြင်ဟာ လူလေလူလွင့်ပုံစံ ဖြစ်နေပေမဲ့ သူ့အတွေးအခေါ်နဲ့ စိတ်ကူးတွေကတော့ ဘုရင်တစ်ပါးရဲ့ စိတ်ကူးတွေလို မြင့်မားစွာ ရှိနေခဲ့တယ်။ သူက ရထားလမ်းဘေးကလမ်းအတိုင်း 'သောမတ်စ်အယ်ဒီဆင်' ရဲ့ ရုံးခန်းရှိရာကို ဦးတည်လျှောက်လာရင်း သူ့စိတ်ထဲမှာ အလုပ်တွေ များနေခဲ့ပါတယ်။ ခဏအကြာ သူဟာ 'အယ်ဒီဆင်' ရဲ့ ရုံးခန်းကို ရောက်ရှိပြီး 'သောမတ်စ်အယ်ဒီဆင်' ရဲ့ရှေ့မှာ မတ်တတ်ရပ်နေလိုက်တယ်။ သူ့ရဲ့စိတ်ထဲကနေ မစ္စတာအယ်ဒီဆင်နဲ့ အလုပ်တွဲလုပ်ပြီး သူ့ဘဝ တိုးတက်မြင့်မားအောင် ရည်မှန်းထားတဲ့အကြောင်းတွေ ပြောနေမိတယ်။ နာမည်ကျော် တီထွင်ရေးသမား မစ္စတာအယ်ဒီဆင်နဲ့ အလုပ်တွဲဖက်လုပ်ကိုင်ဖို့ဆိုတာဟာ လူငယ်တစ်ယောက်ဖြစ်တဲ့ မစ္စတာဘန်းစ်ရဲ့ စိတ်ထဲမှာရှိနေတဲ့ ပြင်းပြတဲ့ အလိုဆန္ဒ

mgyoe.com

mgyoe.com  SAMPLE BOOK 

ဖြစ်ပါတယ်။ 'ဘန်းစ်' ရဲ့ အလိုဆန္ဒဟာ မျှော်လင့်ချက်တစ်ခုသက်သက် မဟုတ်ဘဲ၊ အလိုဆန္ဒရှိခြင်းသက်သက်မဟုတ်ဘဲ ပြင်းပြတဲ့ အလိုဆန္ဒ ဖြစ်နေတာကြောင့် ဘယ်လိုအခက်အခဲ အတားအဆီးတွေပဲရှိရှိ မရရအောင် ရင်ဆိုင်ကျော်ဖြတ်ပြီး ရည်မှန်းချက် အောင်မြင်အောင် လက်တွေ့လုပ်မယ့် အလိုဆန္ဒ ဖြစ်ပါတယ်။ မစ္စတာဘန်းစ်ဟာ 'အယ်ဒီဆင်' နဲ့ အလုပ်တွဲလုပ်ဖို့ အချိန်ကာလများစွာကတည်းက ဆန္ဒရှိခဲ့ပြီး၊ အဲဒီစိတ်ဆန္ဒက တဖြည်းဖြည်း ရင့်သန်လာတဲ့အချိန်မှာ ပြင်းပြတဲ့ အလိုဆန္ဒ ဖြစ်လာခဲ့ပါတယ်။ ဒါ့ကြောင့် လည်း နောက်ထပ် နှစ်အနည်းငယ်ကြာပြီးနောက်မှာ အခုလို မစ္စတာ 'အယ်ဒီဆင်' ရဲ့ ရှေ့မှောက်ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ သူ့အနေနဲ့ နာမည်ကျော် တီထွင်ရေးသမားတစ် ယောက်နဲ့ ပထမဆုံးအကြိမ် တွေ့ဆုံခွင့်ရခြင်းပဲ ဖြစ်ပါတယ်။ အဲဒီအချိန်ဟာ တကယ်တော့ သူ့မှာရှိနေခဲ့တဲ့ ပြင်းပြတဲ့ အလိုဆန္ဒတွေကို ပဏာမအနေနဲ့ လက်တွေ့ အရှိတရားအဖြစ်သို့ ပြောင်းလဲနိုင်တဲ့အချိန့် ဖြစ်ခဲ့ပါတယ်။

မစ္စတာ အယ်ဒီဆင်နဲ့ တွဲဖက်ပြီး အလုပ်လုပ်မယ်ဆိုတဲ့ သူ့စိတ်ကို တစ်ချိန်လုံး လွှမ်းမိုးထားတဲ့ ပြင်းပြတဲ့ အလိုဆန္ဒတွေကို လက်တွေ့အမှန်ဖြစ် အောင် ပြောင်းလဲလိုက်တဲ့အခါ လူအများက မစ္စတာ 'ဘန်းစ်' ဟာ 'အယ်ဒီ ဆင်' ရဲ့ အောင်မြင်တဲ့ဘဝကို အားကျတာလား? ... သို့မဟုတ် မနာလို မရှုဆိတ်ဖြစ်တာလား? ဆိုပြီး အမျိုးမျိုး ဝေဖန်ခဲ့ကြပါတယ်။ အကြောင်း ကတော့ မစ္စတာ 'ဘန်းစ်' ကိုယ်တိုင် စီးပွားဉစ္စာတွေ တိုးတက်အောင်မြင် အောင် လုပ်နိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်။

လူအများစုအနေနဲ့ မစ္စတာဘန်းစ်ရဲ့ တိုးတက်အောင်မြင်မှုအပေါ်မှာ သာကြည့်ပြီး အမျိုးမျိုး ဝေဖန်၊ ထင်မြင်ချက်ပေးကြပေမဲ့ မစ္စတာ 'ဘန်းစ်' ရဲ့ ဘဝမှာ ဘယ်လိုအခက်အခဲတွေ ကြုံတွေ့ရင်ဆိုင်ခဲ့ရတယ်၊ သူ့ကို ဘယ် လိုအခြေခံ အကြောင်းတရားတွေက အောင်မြင်အောင် ထောက်ပံ့ပေးခဲ့တယ် ဆိုတာကိုတော့ ဘယ်သူကမှ သေချာမသိခဲ့ကြပါဘူး။

'ဘန်းစ်' က တိကျသေချာမှုရှိတဲ့ ရည်မှန်းချက်တွေ ရွေးချယ်ထားရှိ တယ်။ သူ့ရဲ့ ကာယ၊ စိတ္တ နှစ်ဖြာနဲ့ဆိုင်တဲ့ စွမ်းအင်၊ ခွန်အားတွေက အမြဲတမ်း ပြည့်ဝနေခဲ့တယ်။ ဖြစ်ချင်ရာကို ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ခိုင်မာ

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ ဆုံးဖြတ်ချက်နဲ့ အမှန်တကယ်ဖြစ်အောင် လက်တွေ့ အကောင်အထည် ဖော်နိုင်စွမ်းလည်း ရှိတယ်။

မစ္စတာဘန်းစ်ဟာ ပြင်းပြတဲ့ အလိုဆန္ဒတွေရဲ့ လွှမ်းမိုးမှုအရ မစ္စတာ အယ်ဒီဆင်ဆီကို ရောက်လာခဲ့သော်လည်း စရောက်ရောက်ချင်း မစ္စတာ အယ်ဒီဆင်ရဲ့ တွဲဖက်လုပ်ကိုင်သူတစ်ယောက် မဖြစ်ခဲ့ပါဘူး။ ထိုကာလမှာ 'အယ်ဒီဆင်' ပေးတဲ့ မစိုမပို့လစာနဲ့ သူ့ရုံးခန်းမှာ အလုပ်တွေ လုပ်ခဲ့ရပါသေး တယ်။ ဒီလို အခက်အခဲတွေ ရင်ဆိုင်ကြုံတွေ့ရပေမဲ့ မစ္စတာဘန်းစ်ဟာ စိတ်ဓာတ်လုံးဝမကျဘဲ သူရနိုင်မယ့် အခွင့်အရေးတွေအတွက် ခြေတစ်လှမ်း ချင်း တိုးပြီး နည်းနည်းစီ ချဉ်းကပ်ကြိုးစားခဲ့ရပါတယ်။ ဒီနည်းနဲ့ပဲ သူဟာ ရည်မှန်းချက်ဆီ ရောက်အောင် တက်လှမ်းသွားနိုင်ခဲ့ပါတယ်။

မစ္စတာဘန်းစ်ဟာ မစ္စတာ အယ်ဒီဆင်ဆီမှာ အလုပ်လုပ်ရင်း ငါးနှစ် ကြာသွားခဲ့တယ်။ အဲဒီနှစ်တွေအတွင်း သူ့ရဲ့ အရင်ကရှိခဲ့တဲ့ ပြင်းပြသော ဆန္ဒတွေဟာ လျော့ပါးသွားခြင်း လုံးဝမရှိဘဲ ပိုပြီးတော့တောင် ရင့်သန်လာခဲ့ ပါတယ်။ မစ္စတာ 'ဘန်းစ်' ရဲ့ စိတ်ထဲမှာတော့ 'သူဟာ မိနစ်တိုင်း၊ စက္ကန့် တိုင်းမှာ မစ္စတာအယ်ဒီဆင်ရဲ့ အကျိုးတူစီးပွားဖက် (တွဲဖက်လုပ်ကိုင်သူ) တစ်ယောက်ဖြစ်တယ်' ဆိုတဲ့စကားတွေ ပြောနေမိပါတယ်။

မစ္စတာ 'ဘန်းစ်' ဟာ Orange မြို့ကို ရောက်လာကတည်းက "မစ္စတာ အယ်ဒီဆင်က ငါ့ကို အလုပ်တစ်ခုခုပေးရင် ကောင်းမှာပဲ" ဆိုတဲ့ အတွေးလုံးဝမရှိဘဲ "ငါဟာ အယ်ဒီဆင်အတွက် အလုပ်လုပ်ပေးဖို့လာတာ မဟုတ်ဘဲ မစ္စတာအယ်ဒီဆင်နဲ့ အကျိုးတူ စီးပွားဖက်အဖြစ် အလုပ်တွဲလုပ်ဖို့ လာခဲ့ခြင်းသာဖြစ်တယ်" ဆိုတဲ့ အတွေးသာ ခိုင်မာစွာ ရှိနေခဲ့ပါတယ်။ ထို နည်းတူ မစ္စတာဘန်းစ်ဟာ "ငါ အဲဒီမှာ လအနည်းငယ်ကြာတဲ့အထိ အလုပ် လုပ်ကြည့်မယ်၊ ပြီးရင် မစ္စတာ အယ်ဒီဆင်နဲ့ အလုပ်တွဲဖက်လုပ်လိုကြောင်း ပြောကြည့်မယ်။ တကယ်လို့ အဆင်မပြေခဲ့ရင် အဲဒီကထွက်ပြီး အခြားတစ် နေရာမှာ အလုပ်ပြောင်းလုပ်မယ်" ... ဆိုတဲ့ အတွေးမျိုး လုံးဝမရှိခဲ့ဘဲ ၎င်းအစား "ငါ ဘယ်နေရာကပဲဖြစ်ဖြစ် စတင်လိုက်မယ်။ 'အယ်ဒီဆင်' က သူနဲ့ တွဲဖက်လုပ်ကိုင်ဖို့ လက်မခံသေးလည်း ရတယ်။ လောလောဆယ် သူ ဘာလုပ်ခိုင်းသည်ဖြစ်စေ ဖြစ်အောင်လုပ်ပေးလိုက်မယ်။ အရေးကြီးတာ

mgyoe.com

mgyoe.com
SAMPLE BOOK

က တစ်ချိန်ချိန်မှာ သူနဲ့ တွဲဖက်လုပ်ကိုင်ခွင့်ရဖို့ဆိုတဲ့ ငါ့ရည်ရွယ်ချက် ပြည့်ဝဖို့ပါပဲ"... ဆိုတဲ့အတွေးသာ စွဲမြဲစွာ ရှိနေခဲ့ပါတယ်။

မစ္စတာဘန်းစ်ဟာ "ငါ မစ္စတာအယ်ဒီဆင်နဲ့ အဆင်မပြေရင် နောက်ထပ် အခွင့်အရေးကောင်းတွေ ရလာစေဖို့ မျက်စိဖွင့်၊ နားဖွင့်ထားရမယ်"... ဆိုတဲ့ သေချာရေရာမှုမရှိတဲ့ အတွေး၊ စိတ်ကူးတွေအစား "ငါ့ရဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒက မစ္စတာ 'သောမတ်စ်အေအယ်ဒီဆင်' ဆိုတဲ့ နာမည်ကျော် တီထွင်ရေးသမားနဲ့ အကျိုးတူ စီးပွားဖက်ဖြစ်အောင် လုပ်ဖို့ဆိုတော့ အခြားဘာမှ စဉ်းစားနေစရာမလိုဘဲ မူလရည်ရွယ်ချက်ကိုသာ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားရုံပါပဲ။ ငါက အရာရာအရှုံးပေးပြီး နောက်ကြောင်းပြန်လှည့်လို့မရအောင် တံတားတွေအားလုံးကို ငါ့နောက်မှာ မီးရှို့ဖျက်ဆီးခဲ့ပြီးပြီ။ ဒါမှလည်း ငါ့ရဲ့ အနာဂတ်ဆီကို လုံးလုံးလျားလျား တည့်တည့်မတ်မတ် သွားနိုင်မှာဖြစ်တယ်။ ငါလိုချင်တာကို ငါ့အစွမ်းအစနဲ့ ရအောင် ယူနိုင်လိမ့်မယ်" ဆိုတဲ့ စိတ်ကူးတွေသာ ရှိနေခဲ့ပါတယ်။

အမှန်တကယ်လည်း မစ္စတာ 'ဘန်းစ်' ဟာ နောက်ကြောင်းပြန်လှည့်ဖို့ လုံးဝ စိတ်ကူးမရှိပါဘူး။ သူ့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ပျက်စီးခံမလား? ရည်မှန်းချက်အတိုင်း အောင်မြင်အောင်လုပ်မလား? ဆိုတဲ့ ရွေးချယ်မှုကို ပြတ်ပြတ်သားသား ရွေးချယ်လုပ်ဆောင်တော့မှာ ဖြစ်ပါတယ်။

အထက်ပါ ဇာတ်လမ်းတွေဟာ မစ္စတာ 'ဘန်းစ်' ဘယ်လိုအောင်မြင်အောင် လုပ်ခဲ့တယ်ဆိုတာကို ဖော်ပြတဲ့ ဇာတ်လမ်းတွေ ဖြစ်ပါတယ်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက အလွန်တော်တဲ့ စစ်သူရဲကောင်းတစ်ယောက်ဟာ ဆုံးဖြတ်ချက် ပြတ်ပြတ်သားသားချရမယ့် အခြေအနေတစ်ခုနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး၊ အဲဒီဆုံးဖြတ်ချက်က စစ်မြေပြင်အတွင်း သူ့ရဲ့ အောင်ပွဲခံနိုင်ဖို့ အခြေအနေတွေကို ပိုပြီး သေချာသလောက် ရှိစေခဲ့ပါတယ်။ အဲဒီစစ်သူရဲကောင်းဟာ အင်အားကြီးတဲ့ ရန်သူတပ်ဖွဲ့ကို တိုက်ခိုက်ဖို့ သူ့ရဲ့ စစ်သည်တော်တွေကို ရေ့တန်းသို့ စေလွှတ်ရတော့မှာပါ။ ဒီတော့ သူက စစ်သည်တော်တွေကို သင်္ဘောတွေပေါ် တက်စေပြီး ရန်သူ့နိုင်ငံရှိရာသို့ ရောက်အောင် သွားခဲ့တယ်။ ရန်သူ့နိုင်ငံအနီး ရောက်ချိန်မှာ စစ်သည်တွေနဲ့ လက်နက်ရိက္ခာတွေကို သင်္ဘောပေါ်ကချပြီး သူတို့စီးလာခဲ့တဲ့ အဲဒီသင်္ဘော

mgyoe.com

mgyoe.com SAMPLE BOOK

တွေအားလုံးကို မီးရှို့ဖျက်ဆီးလိုက်ဖို့ သူ့ရဲ့ စစ်သည်တွေကို အမိန့်ပေးလိုက်တယ်။ ပြီးတော့ ပထမဆုံး တိုက်ပွဲမစခင် အဲဒီစစ်သူရဲကောင်းက သူ့ရဲ့ စစ်သည်တော်တွေအားလုံးကို အခုလို မှာကြားလိုက်တယ်။

"ကဲ... အခု သင်္ဘောတွေအားလုံး မီးလောင်သွားပြီ၊ ဒါဟာ ငါတို့ အနိုင်မရဘဲ ဒီကမ်းခြေကနေ ပြန်ထွက်သွားဖို့ မဖြစ်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ပဲ။ ငါတို့မှာ အခု ရွေးချယ်စရာ မရှိတော့ဘူး။ ငါတို့ နိုင်အောင်တိုက်မလား? အသေခံမလား? ဒါပဲစဉ်းစားရတော့မယ်"

နောက်ဆုံးမှာ အဲဒီတပ်ဖွဲ့က အောင်ပွဲခံနိုင်ခဲ့ပါတယ်။ တကယ်တော့ သူတို့က နောက်ပြန်ဆုတ်မယ့် အခြေအနေ မပေါ်ပေါက်ရအောင် သင်္ဘောအားလုံးကို မီးရှို့ပြီး စစ်ပွဲကိုသာ အာရုံစူးစိုက် တိုက်ခိုက်နိုင်ခဲ့တာကြောင့် နောက်ဆုံးမှာ အခုလို အောင်မြင်တာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒါဟာ အောင်မြင်မှုရဖို့ (အနိုင်ယူနိုင်ဖို့) ဆိုတဲ့ ပြင်းပြတဲ့ အလိုဆန္ဒမပါဘဲ အောင်မြင်မှုမရနိုင်ဘူး ဆိုတာကို ရှင်းရှင်းလင်းလင်း ဖော်ပြနေခြင်း ဖြစ်ပါတယ်။

ချီကာဂိုမြို့ မီးလောင်မှုကြီး ပြီးဆုံးသွားတဲ့ နောက်တစ်နေ့မှာ ကုန်ရောင်းကုန်ဝယ်လုပ်တဲ့သူ အုပ်စုတစ်ခုက မီးလောင်ပျက်စီးပြီး ကျန်ရစ်ခဲ့တဲ့ သူတို့ပိုင် စတိုးဆိုင်တွေကို လမ်းပေါ်ကနေ ကြည့်နေခဲ့ကြပါတယ်။ နောက်တော့ အဲဒီစီးပွားဆုံးရှုံးသွားတဲ့ ကုန်သည်အုပ်စုက အစည်းအဝေးတစ်ခု လုပ်ခဲ့ကြတယ်။ အဲဒီအစည်းအဝေးမှာ စတိုးဆိုင်တွေ ပြန်လည်တည်ဆောက် ဖွင့်လှစ်ကြမလား? ဒါမှမဟုတ် ချီကာဂိုမြို့ကနေ ထွက်သွားကြမလား? ဆိုပြီး ဆုံးဖြတ်ချက်ချတော့မယ့်ဆဲဆဲမှာ ကုန်သည်အုပ်စုထဲက တစ်ယောက်တည်းကသာ ချီကာဂိုမြို့ကနေ ထွက်သွားမယ်လို့ ဆုံးဖြတ်ကြောင်း အားလုံးကို အသိပေးလိုက်ပါတယ်။ ချီကာဂိုမှာပဲ ဆက်နေပြီး စတိုးဆိုင်သစ်တွေ ပြန်လည်တည်ထောင်လိုတဲ့ ကုန်သည်တစ်ယောက်က မီးလောင်ပျက်စီးသွားတဲ့ သူ့စတိုးဆိုင်နေရာကို လက်ညှိုးထိုးပြီး အခုလို ပြောလိုက်တယ်။ "လူကြီးမင်းတို့... ကျွန်တော်က အခု မီးလောင်သွားတဲ့ နေရာမှာ ကမ္ဘာ့အကြီးဆုံး စတိုးဆိုင်ကြီးတစ်ဆိုင် တည်ဆောက်ဖွင့်လှစ်ဖို့ စိတ်ကူးထားပါတယ်။ အဲဒီနေရာမှာ မီးဘယ်နှကြိမ်ပဲလောင်လောင် ကိစ္စမရှိပါဘူး"

mgyoe.com

mgyoe.com

အဲဒီလူရဲ့ စတိုးဆိုင်ကို ၁၈၇၁ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး "Burning Desire" (ပြင်းပြသောဆန္ဒ) အဖြစ် အဲဒီစတိုးဆိုင်ကို လူသိများခဲ့ပါတယ်။

တကယ်တော့ Burning Desire လို့ လူသိများတဲ့ စတိုးဆိုင်ကြီး (ကုန်တိုက်) ကို စတင်တည်ဆောက်သူဟာ 'မာရှယ်ဖီးလ်ဒ်' ဖြစ်ပြီး သူ့ရဲ့ ကုန်တိုက်မှာ ရောင်းချတဲ့ ပစ္စည်းတွေကလည်း အရည်အသွေး တိုးတက်–ကောင်းမွန်ခဲ့တာ တွေ့ရပါတယ်။ ဒါကိုကြည့်ရင် 'မာရှယ်ဖီးဒ်' နဲ့ အခြားသော ကုန်သည်တွေအကြားက ကွာခြားချက်ကို ကောင်းစွာ ခွဲခြား သိမြင်နိုင်ပါလိမ့်မယ်။ တစ်နည်းအားဖြင့် မစ္စတာ အယ်ဒီဆင်ဆီမှာ အလုပ် လုပ်နေတဲ့ ထောင်ချီအရေအတွက်ရှိတဲ့ လူငယ်တွေနဲ့ မစ္စတာအယ်ဒီဆင်နဲ့ အကျိုးတူစီးပွားဖက်အဖြစ် အလုပ်လုပ်ဖို့ ကြိုးစားနေတဲ့ မစ္စတာ 'ဘန်းစ်' လို လူငယ်ရဲ့ အကြားက ကွာခြားချက်ကို ခွဲခြားတွေ့မြင်ရသလိုပါပဲ။ နောက်ပြီး အထက်ပါ အခြေအနေတွေနဲ့ ဆင်တူတဲ့ ကွာခြားချက်တွေကို အောင်မြင်သူတွေနဲ့ ကျရှုံးသူတွေအကြားမှာလည်း မကြာခဏ တွေ့မြင်ရတတ်ပါတယ်။

ငွေကြေးနဲ့ပတ်သက်တဲ့ ရည်ရွယ်ချက်ကို နားလည်ရုံမကဘဲ လက်တွေ့ ငွေကြေးချမ်းသာအောင် လုပ်ချင်တဲ့ဆန္ဒရှိနေတဲ့ ဘယ်သူမဆို လက်တွေ့လုပ်ကြည့်ပိုင်ခွင့် အပြည့်ရှိနေပါတယ်။ သင်ဟာ ငွေကြေးချမ်းသာချင်တဲ့ စိတ်ဆန္ဒရှိနေရုံလောက်နဲ့ လက်တွေ့ချမ်းသာနိုင်မှာ မဟုတ်ပါဘူး။ သင့်စိတ်အခြေအနေအရ ချမ်းသာဖို့ ပြင်းပြတဲ့စိတ်ရှိနေမှသာ သင့်ဆန္ဒကို လက်တွေ့အကောင်အထည်ဖော်ဖြစ်ပါလိမ့်မယ်။ အဲဒီနောက် သင်ဟာ ချမ်းသာကြွယ်ဝအောင် လုပ်နိုင်မယ့်နည်းလမ်းကို စဉ်းစားပြီး အသေးစိတ် အစီအစဉ်တွေ စတင် ရေးဆွဲရပါလိမ့်မယ်။ သင်က အောင်မြင်မှုမရသေးခင် ကာလအတွင်း မဆုတ်မနစ်တဲ့ဇွဲ၊ စိတ်ရှည်သည်းခံမှုတွေ ထားရှိရမှာဖြစ်သလို မအောင်မြင်သေးတာကို ကျရှုံးပြီလို့ အသိအမှတ်မပြုဘဲ ချမ်းသာကြွယ်ဝခြင်း အမှန်ရသည်အထိ ဆက်လက်ကြိုးစားရမှာဖြစ်ပါတယ်။

ချမ်းသာကြွယ်ဝအောင် လုပ်ဖို့ဆိုတဲ့ ပြင်းပြတဲ့ အလိုဆန္ဒဟာ ဘဏ္ဍာရေးဆိုင်ရာ အားသာချက်တွေဖြစ်အောင် သင့်ကို ပြောင်းလဲပေးနိုင်တဲ့ အောက်ပါ လက်တွေ့ကျတဲ့ အရေးယူဆောင်ရွက်မှုတွေ ရှိလာစေပါတယ်။

mgyoe.com

 SAMPLE BOOK 

*** ပထမအရေးယူဆောင်ရွက်ချက်။** ။သင့်စိတ်ထဲကနေ သင်အလိုရှိတဲ့ ငွေပမာဏ အတိအကျကို သတ်မှတ်ပေးလိုက်ပါ။ အကယ်၍ သင်က "ငွေအမြောက်အမြား လိုချင်တယ်" လို့ စိတ်ထဲသတ်မှတ်ခဲ့ပါက ပြီးပြည့်စုံမှုနဲ့ တိကျမှု မရှိဘူးလို့ မှတ်ယူပေးပါ။ ဒါကြောင့် တိကျတဲ့ ငွေပမာဏကို စိတ်ထဲမှာ သတ်မှတ်ပေးထားပါ။

*** ဒုတိယအရေးယူဆောင်ရွက်ချက်။** ။ သင် အလိုဆန္ဒရှိထားတဲ့ ငွေပမာဏအတွက် သင့်ဘက်က ဘာတွေပြန်လုပ်ပေးဖို့ ရည်ရွယ်ထားတယ်ဆိုတာကို တိတိကျကျ ဆုံးဖြတ်ပေးထားပါ။

**– (သင်ဟာ အလုပ်တစ်ခုခု ပြန်လုပ်ပေးခြင်း၊ ကြိုးစားအားထုတ်မှု တစ်ခုခု လုပ်ရခြင်းတွေ လုံးဝ မပါရှိဘဲ ဘယ်အရာကိုမှ အလကားရယူဖို့ မဖြစ်နိုင်တာကို သတိပြုပါ)**

*** တတိယအရေးယူဆောင်ရွက်ချက်။** ။သင် အလိုဆန္ဒ ပြင်းပြထားတဲ့ ငွေကြေးပမာဏအား ဘယ်အချိန်မှာ ပိုင်ဆိုင်ရမယ်လို့ ရည်ရွယ်ထားတဲ့ နေ့စွဲအတိအကျကို သတ်မှတ်ပေးထားပါ။

*** စတုတ္ထအရေးယူဆောင်ရွက်ချက်။** ။ သင်အလိုဆန္ဒရှိတဲ့ကိစ္စ ဆောင်ရွက်ဖို့ တိကျသေချာတဲ့ အစီအစဉ်တစ်ခု ဖန်တီးရေးဆွဲပြီးတာနဲ့ ချက်ချင်း စတင်ဆောင်ရွက်ပေးပါ။ ဒါဟာ သင့်ဘက်က အရန်သင့်ဖြစ်နေသည်ဖြစ်စေ၊ အဆင်သင့်မဖြစ်သေးလျှင်ဖြစ်စေ သင် ရေးဆွဲထားတဲ့ အစီအစဉ်အတိုင်း လက်တွေ့အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။

*** ပဉ္စမအရေးယူဆောင်ရွက်ချက်။** ။ သင့်ရဲ့ ထွက်ဆိုချက်တွေက တိကျသေချာ ရှင်းလင်းနေဖို့ လိုအပ်ပြီး သင်လိုချင်တဲ့ ငွေပမာဏ အတိအကျ၊ သင် ငွေကြေးပိုင်ဆိုင်လိုတဲ့ နေ့စွဲအတိအကျနဲ့ သင့်ရဲ့ အစီအစဉ်တွေ အားလုံး အစ၊ အလယ်၊ အဆုံး သင့်လျော်ကိုက်ညီမှု ရှိနေဖို့ လိုပါတယ်။

mgyoe.com

mgyoe.com

*** ဆင်္ခမမြော်ကအရေးယူဆောင်ရွက်ချက်။** ။ သင် ချရေးထားပြီးတဲ့ ထွက်ဆိုချက်တွေကို အသံကျယ်ကျယ်ဖြင့် ဖတ်ကြည့်ပေးပါ။ ထိုသို့ဖတ်ခြင်းအား နေ့စဉ် နှစ်ကြိမ်ခန့် ဆောင်ရွက်ပေးပါ။ ဥပမာ သင် နံနက် အိပ်ရာထပြီးချိန်၌ တစ်ကြိမ်၊ ညဘက် အိပ်ရာဝင်ခါနီးတစ်ကြိမ် ပြုလုပ်ပေးပါ။ သင်က ရေးထားတဲ့ ထွက်ဆိုချက်တွေကို ဖတ်နေတဲ့အချိန် သင့်ကိုယ်သင် ငွေကြေးမြောက်မြားစွာကို ပိုင်ဆိုင်ပြီးသူတစ်ယောက်အဖြစ် ရှုမြင်ခံစားပြီး ယုံကြည်ပေးလိုက်ပါ။

အထက်တွင် ဖော်ပြခဲ့တဲ့ အရေးယူဆောင်ရွက်ချက် ခြောက်မျိုးဟာ သင့်ရဲ့ ငွေကြေးချမ်းသာကြွယ်ဝဖို့ဆိုတဲ့ ပြင်းပြတဲ့စိတ်ဆန္ဒအတွက် ထိရောက်မှုများစွာပေးနိုင်တာကို သတိပြုပေးပါ။

တစ်ဖန် သင့်ရဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒဟာ သင့်ဘဝ တိုးတက်အောင်မြင်ရေး၊ ကြီးပွားချမ်းသာရေးအတွက် အရေးပါတဲ့ ထောက်ပံ့မှုတွေ ဖြစ်စေတာကို သတိပြုပေးပါ။

သင်က ငွေကြေးနှင့်ပတ်သက်ပြီး စိတ်အားထက်သန်ပြင်းပြလွန်းတဲ့အခါ ငွေကြေးနှင့်ပတ်သက်ပြီး စိတ်စွဲလမ်းလွန်းတာကြောင့် အခက်အခဲကြားကနေ ငွေရရှိရေးအတွက် ကြိုးစားပါလိမ့်မယ်။

သင့်ဘဝရဲ့ ရည်ရွယ်ချက်နဲ့ ဦးတည်ချက်တွေက ငွေကြေးရရှိရေးကို အဓိကထားတယ်ဆိုပါက သင့်ကိုယ်သင် ငွေရအောင် ရှာနိုင်မည့်သူအဖြစ် အခိုင်အမာ ယုံကြည်လာအောင် လက်တွေ့စွမ်းဆောင်မှာဖြစ်သလို အမှန်တကယ် ငွေရှာနိုင်စေဖို့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်လည်း ချနိုင်ပါလိမ့်မယ်။

မိမိရဲ့ ဘဏ္ဍာရေးအခြေအနေကို အစဉ်အမြဲ သတိမူနိုင်တဲ့သူတွေဟာ ငွေကြေးရရှိနိုင်မယ့် အခွင့်အရေးမှန်သမျှအား ဘယ်တော့မှ လက်လွှတ်မခံဘဲ ငွေကြေးကို ရနိုင်သမျှ ရှာဖွေစုဆောင်းနိုင်တာကြောင့် တဖြည်းဖြည်းနဲ့ ပိုပိုပြီး ချမ်းသာကြွယ်ဝသူတွေ ဖြစ်လာကြပါတယ်။

ငွေကြေး အခြေအနေကို အမြဲစောင့်ကြည့် သတိမူနိုင်စွမ်း (Money-consciousness) ဆိုတာဟာ ငွေကြေးရရှိဖို့ဆိုတဲ့ စွဲမြဲတဲ့စိတ် ရှိနေရုံမက ကာယကံရှင်ကိုယ်တိုင်က ငွေကြေးနဲ့ စီးပွားဥစ္စာတွေကို ပိုင်ဆိုင်ပြီးပြီလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်နိုင်စွမ်း ရှိနေခြင်းကို ဆိုလိုပါတယ်။ ငွေကြေး

mgyoe.com

mgyoe.com SAMPLE BOOK

ရှာဖွေမှုနဲ့ပတ်သက်ပြီး ထိရောက်တဲ့ အတွေးအခေါ်မရှိတဲ့သူ၊ ငွေကြေးရှာဖွေဖို့ အတွက် ပြင်းပြတဲ့ အလိုဆန္ဒမရှိသူ၊ မိမိရဲ့ ငွေကြေးအခြေအနေအပေါ် သတိထား စောင့်ကြည့်နိုင်စွမ်း မရှိသေးတဲ့သူတွေအတွက် ဤစာအုပ်ပါ လမ်းညွှန်အကြံပြုချက်တွေက ကောင်းစွာ အထောက်အကူပြုမှာဖြစ်ပါတယ်။

သင့်ရဲ့ လက်ရှိငွေကြေး မပြေလည်မှုတွေကို အကောင်းဆုံး ပြောင်းလဲပေးနိုင်တဲ့ အထက်တွင် ဖော်ပြခဲ့တဲ့ အရေးယူဆောင်ရွက်ချက် ခြောက်မျိုးဟာ ငွေကြေးချမ်းသာကြွယ်ဝပြီး ဘဝတိုးတက်အောင်မြင်အောင် လုပ်နိုင်ခဲ့တဲ့ မစ္စတာ 'အင်ဒရူးကာနေဂျီ' ထံက ရရှိတဲ့ သတင်းအချက်အလက်တွေဖြစ်ပါတယ်။ မစ္စတာ ကာနေဂျီဟာ စတီးထုတ်လုပ်ရေးစက်ရုံမှာ သာမန်စက်ရုံ အလုပ်သမားတစ်ယောက်အဖြစ်နဲ့ ဘဝကို စတင်ခဲ့ရပါတယ်။ သို့သော်လည်း သူဟာ ထောင်လွှားမှုမရှိ၊ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြောဆိုဆက်ဆံတတ်ခြင်း၊ ငွေကြေးကို စနစ်တကျ စီမံခန့်ခွဲတတ်ခြင်းတွေက သူ့ကို အရည်အချင်းကောင်းတွေဖြစ်စေပြီး နောက်ပိုင်းကာလမှာတော့ ဒေါ်လာသန်း ၁၀၀ ချမ်းသာတဲ့သူတစ်ယောက် ဖြစ်လာခဲ့ပါတယ်။ မစ္စတာကာနေဂျီ အခုလို တိုးတက်အောင်မြင်လာတာ ဟာ ကံကောင်းခြင်းသက်သက်၊ ကြိုးစားအားထုတ်ခြင်းသက်သက်ကြောင့် မဟုတ်ဘဲ အထက်ပါ အရေးယူဆောင်ရွက်ချက် ခြောက်မျိုးကို တိကျစွာ လိုက်နာကျင့်သုံးခဲ့တာကြောင့် ဖြစ်ပါတယ်။

တစ်ဖန် ကမ္ဘာကျော်တီထွင်သူ မစ္စတာသောမတ်စ်အေအယ်ဒီဆင်ကို လေ့လာတဲ့အခါမှာလည်း ထိုအရေးယူဆောင်ရွက်ချက်ခြောက်မျိုးနဲ့ ကိုက်ညီမှု ရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။

ငွေကြေးဆိုင်ရာ အောင်မြင်မှုရရှိဖို့ အလုပ်လုပ်ရာမှာ ပင်ပန်းဆင်းရဲခံပြီး လုပ်ရတာနဲ့ စွန့်လွှတ် အနစ်နာခံ၊ ပေးဆပ်၊ စတေးခြင်းတွေက အဓိက မကျဘဲ မှန်ကန်တဲ့ စဉ်းစားတွေးခေါ်မှုနဲ့ လုပ်နည်းကိုင်နည်းတွေကသာ အဓိကကျတာကို သတိမူရပါမယ်။ ထိုနည်းတူ သင်ဟာ ငွေကြေးရှာဖွေစုဆောင်းရာမှာ အဓိပ္ပာယ်မဲ့တဲ့ စဉ်းစားတွေးတောခြင်းတွေ မရှိသင့်သလို ကျောင်းပညာရေးနဲ့ တခြားသော အသိပညာ၊ အတတ်ပညာတွေလည်း များစွာ လက်တွေ့အသုံးချဖို့ မလိုအပ်ပါဘူး။ ဒါကြောင့် ငွေကြေးဆိုင်ရာ လိုက်နာဆောင်ရွက်သင့်တဲ့၊ လက်တွေ့အကျိုးဖြစ်ထွန်းမှုကို အားပေးတဲ့
mgyoe.com

mgyoe.com SAMPLE BOOK


အရေးယူဆောင်ရွက်ချက် ခြောက်မျိုးကိုသာ မဖြစ်မနေ လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။

အဆိုပါ အရေးယူဆောင်ရွက်ချက် ခြောက်မျိုးထဲမှာ ငွေကြေးဆိုင်ရာ အတွက် ပြီးပြည့်စုံတဲ့ အတွေး၊ စိတ်ကူးတွေ ပါဝင်နေပြီးဖြစ်သလို သင်ကိုယ်တိုင်လည်း အလွယ်တကူ နားလည်သဘောပေါက်ပြီး လက်တွေ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

သင့်အနေနဲ့ ရရှိသမျှ ငွေကြေးနည်းနည်းချင်းကို စုဆောင်းနိုင်ခြင်းဟာ သာမန်လုပ်နိုင်တဲ့ အနေအထားတစ်ခုဖြစ်ပြီး သင် စုဆောင်းနိုင်သလောက်သာ ရရှိမှာဖြစ်ပါတယ်။ ဒီလိုစုဆောင်းရရှိတဲ့ ငွေပမာဏဟာ တကယ်တော့ သင် အမှန်တကယ် လိုချင်တောင့်တတဲ့ ငွေပမာဏနဲ့ သင်မျှော်မှန်းထားတဲ့ ငွေကြေးဆိုင်ရာ ကြီးကျယ်တဲ့ အောင်မြင်မှုကို မပေးနိုင်ပါဘူး။ ဒါကြောင့် အရေးယူဆောင်ရွက်ချက် ခြောက်မျိုးရဲ့ အလိုအရ သင်လိုချင်တဲ့ ငွေကြေးပမာဏ စီးပွားဥစ္စာတွေကို မရသေးခင်ကတည်းက သင်လိုချင်တဲ့ ငွေပမာဏ အတိုင်းအတာကို အတိအကျသတ်မှတ်ပြီး သင့်ရဲ့ စိတ်ကူးအိပ်မက်တွေ၊ အလိုဆန္ဒတွေ၊ ပြင်းပြတဲ့ စိတ်အားထက်သန်မှုတွေနဲ့အတူ သင့်အစီအစဉ်ကို အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ သင်ကိုယ်တိုင် နားလည်သဘောပေါက်နိုင်တဲ့ အချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ သင် သတ်မှတ် ရည်မှန်းထားတဲ့ ငွေကြေးပမာဏ အတိအကျ ရလာစေဖို့ ပြင်းပြတဲ့ အလိုဆန္ဒတွေနဲ့ အားထုတ်ကြိုးစားမှုမရှိသလို သင်လိုချင်တဲ့ ငွေပမာဏ အတိအကျကို သင်ရပြီးပြီလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမထားရှိနိုင်ပါက သင်လိုချင်တဲ့ ငွေကြေးဆိုင်ရာ အခွင့်အရေးကောင်းတွေကို ဘယ်တော့မှ ဖမ်းဆုပ်နိုင်မှာ မဟုတ်ပါဘူး။ လူ့ယဉ်ကျေးမှု စတင်ထွန်းကားချိန်ကနေ ယနေ့ကာလအထိ ဘဝတိုးတက်အောင်မြင်မှုနဲ့ ကြီးပွားချမ်းသာအောင် လုပ်နိုင်တဲ့သူတွေဟာ စိတ်ကူးအိပ်မက်ကိုယ်စီရှိပြီး အဲဒီ စိတ်ကူးအိပ်မက်တွေကို လက်တွေ့အကောင်အထည် ဖော်နိုင်တဲ့သူတွေဖြစ်တာ တွေ့ရပါတယ်။ တကယ်တော့ သူတို့ဟာ ဘဝတိုးတက်အောင်မြင်ဖို့နဲ့ ကြီးပွားချမ်းသာဖို့ ကိုယ်ပိုင်အမြင်နဲ့ စိတ်ကူးအတွေးအခေါ်တွေ ကိုယ်စီရှိကြပြီး အဲဒီ စိတ်ကူးအတွေးအခေါ်နဲ့ ကိုယ်ပိုင်

mgyoe.com

mgyoe.com SAMPLE BOOK

အမြင်တွေကို လက်တွေ့လုပ်နိုင်တဲ့ ပုံစံဖြစ်အောင် အသွင်ပြောင်းနိုင်ခဲ့တာ တွေ့ရပါတယ်။

အကယ်၍ သင်ဟာ အတွေးစိတ်ကူးထဲမှာတောင် ချမ်းသာကြွယ်ဝခြင်းအား ပုံဖော် တွေ့မြင်နိုင်စွမ်း မရှိပါက... သင့်ရဲ့ ဘဏ်ရှိငွေစာရင်းလက်ကျန်ကိုလည်း ဘယ်တော့မှ လက်တွေ့ မြင်တွေ့နိုင်မှာ မဟုတ်ပါဘူး။ အမေရိကရဲ့ သမိုင်းကြောင်းကို လေ့လာမယ်ဆိုရင် လက်ရှိရှင်သန် ရပ်တည်နေတဲ့၊ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်သော စိတ်ကူးအိပ်မက်ရှိသူတွေလောက် အခွင့်အရေးကောင်း ဆုပ်ကိုင်နိုင်တဲ့သူ မရှိသလောက်နည်းပါးခဲ့တာ တွေ့ရပါတယ်။

ဘဝတိုးတက်အောင်မြင်အောင် လုပ်နိုင်သူတွေ၊ ငွေကြေးချမ်းသာကြွယ်ဝအောင် လုပ်နိုင်ခဲ့သူတွေဟာ စီးပွားရေး တည်ငြိမ်မှုမရှိတဲ့ ကာလတွေအတွင်း အတားအဆီး၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရသလို အချို့ဆိုကျရှုံးမှုနဲ့တောင် ကြုံတွေ့ခဲ့တာ တွေ့ရပါတယ်။ သို့သော်လည်း သူတို့ရဲ့ မဆုတ်မနစ်တဲ့ ကြိုးစားအားထုတ်မှု၊ ရည်မှန်းချက် အကောင်အထည်ဖော်ဖို့ ပြင်းပြတဲ့ စိတ်ဆန္ဒရှိမှုတွေနဲ့ တိုးတက်အောင်မြင်၊ ချမ်းသာကြွယ်ဝစေမယ့် လျှို့ဝှက်ချက်ကို ရှာတွေ့နိုင်မှုတွေကြောင့် နောက်တစ်ကြိမ် ပြန်လည်ဦးမော့ခေါင်းထောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဘဝတိုးတက်အောင်မြင်ပြီး ကြီးပွားချမ်းသာလိုတဲ့ ကျွန်ုပ်တို့အနေနဲ့ ကမ္ဘာလောကရဲ့ အပြောင်းအလဲတွေနဲ့ လိုက်လျောညီထွေစွာ ပြောင်းလဲမှုတွေ လုပ်ဆောင်ဖို့လိုပါတယ်။

တစ်ခါတစ်ရံမှာ ကျွန်ုပ်တို့ရဲ့ မလုပ်ရဲ မကိုင်ရဲဖြစ်စေတဲ့ အကြောက်တရားကြောင့် ကိုယ်ရည်ကိုယ်သွေး တိုးတက်မှု၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုတွေအတွက် အကောင်အထည်ဖော်ရာမှာ မဝံ့မရဲ ဖြစ်နေတတ်ပါတယ်။

ကျွန်ုပ်တို့က ကြီးပွားချမ်းသာရေးအတွက် အပြိုင်အဆိုင် ကြိုးစားနေစဉ်အတွင်း အပြောင်းအလဲဖြစ်နေတဲ့ကမ္ဘာမှာ အလိုက်သင့် စွမ်းဆောင်နိုင်စွမ်းရှိနေစေဖို့ စိတ်ကူးသစ်တွေရအောင်၊ တိုးတက်အောင်မြင်ဖို့ နည်းလမ်းသစ်တွေရအောင်၊ ခေါင်းဆောင်သစ်တွေနဲ့ တီထွင်ကြံဆနိုင်စွမ်း အသစ်တွေရအောင်၊ လေ့ကျင့်သင်ကြားမှုအသစ်၊ ဈေးကွက်ထိုးဖောက်ရေး နည်းလမ်း

mgyoe.com

mgyoe.com SAMPLE BOOK

သစ်၊ အတွေးစိတ်ကူးသစ်တွေ ရစေမယ့် စာအုပ်အသစ်တွေရအောင်လည်း ကြိုးစားအားထုတ်ရပါလိမ့်မယ်။ ရည်မှန်းချက်ပြည့်မြောက်ဖို့ ကြိုးစားအား ထုတ်မယ့်သူ၊ စိတ်ဆန္ဒပြင်းပြသူတွေအဖို့ အထက်ပါ အခြေအနေတွေမှာ အခက်အခဲတွေ ကြုံရသည်ဖြစ်စေ အလွယ်တကူ ဖြတ်ကျော်နိုင်ပါလိမ့်မယ်။

ခေတ်တစ်ခေတ် ကုန်ဆုံးလွန်မြောက်ပြီး နောက်ထပ် ခေတ်သစ် တစ်ခု စတင်မွေးဖွားတဲ့ သဘာဝကို ကျွန်ုပ်တို့ ဘဝတစ်သက်တာအတွင်း ကြုံရနိုင်ပါတယ်။ အပြောင်းအလဲဖြစ်သွားတဲ့ ကမ္ဘာမှာ ခေတ်သစ်တစ်ခု မွေးဖွားနေကျဖြစ်ပြီး အဲဒီအပြောင်းအလဲနဲ့ လိုက်လျောညီထွေစွာ ရှင်သန် ရှုန်းကန်ရင်း ဘဝတိုးတက်အောင်မြင်အောင်၊ ကြီးပွားချမ်းသာအောင် လုပ်နိုင်သူတွေဟာ လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်းရှိတဲ့ စိတ်ကူး အိပ်မက်ပိုင်ရှင်တွေပဲ ဖြစ်ပါတယ်။ တကယ်တော့ အဲဒီလူတွေဟာ လူယဉ် ကျေးမှု သမိုင်းတစ်လျှောက် ခေတ်တစ်ခေတ်စီအား ပုံစံတစ်မျိုးစီ ပုံဖော်ပေး နိုင်သူတွေလည်း ဖြစ်ပါတယ်။

ကြီးပွားချမ်းသာခြင်းတွေကို တဖြည်းဖြည်း တိုးတက်ပွားများအောင် စုဆောင်းလိုတဲ့ဆန္ဒရှိသူ (ကျွန်ုပ်တို့) အနေနဲ့ ကြီးပွားချမ်းသာအောင်၊ ဘဝတိုး တက်အောင်မြင်အောင် လက်တွေ့လုပ်ပြသွားကြတဲ့ စစ်မှန်တဲ့ ခေါင်းဆောင် တွေရဲ့ ပြောဆိုပြုမူ ဆောင်ရွက်မှုတွေကို အတုခိုး သင်ခန်းစာယူတတ်ဖို့ လိုပါတယ်။ ကမ္ဘာကို ခေါင်းဆောင်သွားတဲ့သူတွေ၊ ကမ္ဘာ့ကောင်းကျိုးနဲ့ လူသားတွေရဲ့ လိုအပ်ချက် ပြည့်စုံဖို့ တီထွင်ကြတဲ့ ပညာရှင်တွေ၊ ကမ္ဘာကျော် စီးပွားရေး စွမ်းဆောင်ရှင်၊ လုပ်ငန်းရှင် သူဌေးကြီးတွေဟာ လူအများ ကောင်း ကျိုးအတွက် တစ်ကြိမ်တစ်ခါမှ မမွေးဖွားဖူးသေးတဲ့ အခွင့်အရေးကောင်းတွေ မွေးဖွားအောင်နဲ့ တစ်ကြိမ်တစ်ခါမှ မစဉ်းစား၊ မတွေးတောဖူးတာတွေကို စဉ်းစားတွေးတောပြီး လက်တွေ့အကောင်အထည်ဖော်နိုင်အောင် ကြိုးစားခဲ့ သူတွေ ဖြစ်ပါတယ်။ သူတို့က အဲဒီလို အကောင်အထည်ဖော်နိုင်အောင် ကြိုးစားရာမှာ ကြုံတွေ့ရတဲ့ အတားအဆီး အခက်အခဲ ပြဿနာတွေကို ကြံ့ကြံ့ခံ ရင်ဆိုင်ထိုးဖောက်၊ ကျော်လွှားပြီး ဖွဲကောင်းကောင်းနဲ့ တောက် လျှောက် ကြိုးစားနိုင်ခဲ့တာကြောင့် သူတို့ရည်မှန်းထားတဲ့အတိုင်းဖြစ်အောင် ပြင်းပြတဲ့ အလိုဆန္ဒနဲ့ အားထုတ်နိုင်ခဲ့ကြတာကြောင့် မြို့ပြတွေရဲ့ ရှုမောဖွယ်

mgyoe.com

mgyoe.com SAMPLE BOOK


ရာ ကျက်သရေဆောင် မိုးပျံတိုက်ကြီးတွေ၊ စက်ရုံအလုပ်ရုံကြီးတွေ၊ လေယာဉ်ပျံ၊ မော်တော်ယာဉ်... စတဲ့ လူသားတွေအတွက် နေ့စဉ်ဘဝ အားကင်းလုံခြုံစိတ်ချမှုဖြစ်စေတဲ့ အရာတွေကို လက်တွေ့ဖန်တီးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ယနေ့ကာလမှာ စိတ်ကူးအိပ်မက်တွေကို လက်တွေ့ အကောင်အထည်ဖော်လိုသူတွေအနေနဲ့ အရာရာကို စိတ်ရှည်သည်းခံပြီး ပွင့်လင်းတဲ့သဘောထားရှိနေဖို့ လိုပါတယ်။ ပွင့်လင်းတဲ့ သဘောထားရှိသူတွေဟာ ဘယ်သူတွေကသူ့ကို ဘယ်လိုပဲ ဝေဖန်သုံးသပ်သည်ဖြစ်စေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပြည့်ဝစွာနဲ့ ရည်မှန်းချက် အောင်မြင်အောင်လုပ်ဖို့ကိုသာ ပြင်းပြတဲ့ စိတ်ဆန္ဒနဲ့ အာရုံစိုက်ထားတတ်ကြပါတယ်။

အချို့လူတွေဟာ စိတ်ကူးကောင်းတွေ၊ စိတ်ကူးသစ်တွေ ရှိနေကြသော်လည်း စိုးရိမ်ကြောင့်ကြစိတ်ကို ရှေ့တန်းတင်ပြီး အပျက်သဘောတွေကိုတွေးပြီး ကြောက်တတ်တာကြောင့် လက်တွေ့အကောင်အထည်မဖော်နိုင်သူတွေအဖြစ် ကွယ်ပျောက်သွားတတ်ပါတယ်။

သင်က စိတ်ကူးအိပ်မက်ရှိထားတဲ့အတိုင်း လက်တွေ့အကောင်အထည်ဖော်တော့မယ်ဆိုရင် သင့်ရဲ့ အစီအစဉ်တွေနဲ့ သင့်ရဲ့ စိတ်ဓာတ်ခွန်အားတွေ ယုတ်လျော့ပျက်စီးအောင် လုပ်နိုင်တဲ့သူတွေနဲ့ ဝေးဝေးမှာနေပြီး (အခြားလူတွေရဲ့ ဩဇာသက်ရောက်မှု၊ ကြားဝင်နှောင့်ယှက်မှုတွေနဲ့ ကင်းစွာ) သင့်အစီစဉ် ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ထို့အတူ ပြောင်းလဲခြင်းတွေ ဖြစ်ပေါ်နေတဲ့ ယနေ့ကမ္ဘာမှာ သင့်ရဲ့ များလှစွာသော ရင်းနှီးမြှုပ်နှံငွေတွေကြောင့် လုပ်ငန်းတိုးတက်အောင်မြင်လိုတယ်ဆိုရင်... သင့်ရှေ့မှာ အောင်မြင်အောင် ဦးဆောင်လုပ်ပြသွားသူတွေထံက နည်းနာတွေ၊ လိုအပ်တဲ့ အသိပညာ ဗဟုသုတတွေ၊ ဘဝအတွေ့အကြုံ သင်ခန်းစာတွေရယူပြီး မှားယွင်းချွတ်ချော်မှုကင်းစွာနဲ့ လုပ်နိုင်ပါလိမ့်မယ်။

ဘယ်သူမဆို ဖြစ်ချင်ရာ၊ လုပ်ချင်ရာကို အောင်မြင်စွာ လုပ်နိုင်စေဖို့ပြင်းပြတဲ့ အလိုဆန္ဒရှိထားဖို့ လိုပြီး အဲဒီအလိုဆန္ဒကသာလျှင် သင် ကြုံတွေ့ရင်ဆိုင်ရတဲ့ အခက်အခဲ၊ ပြဿနာတွေကို ကြံ့ကြံ့ခံနိုင်မှာဖြစ်ပါတယ်။ ထို့အတူ သင့်ရဲ့ ပြင်းပြတဲ့ အလိုဆန္ဒဟာ သင့်ဘဝအတွက် အံ့ဩဖွယ်ကောင်းတဲ့ အခွင့်အရေးကောင်းတွေ မရမချင်း မဆုတ်မနစ်တဲ့ဇွဲနဲ့ သည်းခံ

mgyoe.com

mgyoe.com SAMPLE BOOK
နိုင်စွမ်းတွေရှိနေအောင် အကူအညီ ပေးပါလိမ့်မယ်။

ကျွန်ုပ်တို့ တိုးတက်အောင်မြင်ရေးနဲ့ ကြီးပွားချမ်းသာရေးအတွက် မမေ့အပ်တဲ့ သာဓကကောင်းတွေကို အမှတ်ရနေဖို့ လိုပါတယ်။ ခရစ္စတိုဖာ ကိုလံဘတ်စ်ဟာ သူတစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးတဲ့ ကမ္ဘာ့နေရာတွေကို သွားရောက် လေ့လာစူးစမ်းဖို့ အိပ်မက်စိတ်ကူး ရှိခဲ့ပြီး အဲဒီအိပ်မက်စိတ်ကူးကို အခက်အခဲ ပြဿနာ၊ အန္တရာယ်တွေကြားထဲကနေ မရရအောင် လက်တွေ့အကောင်အထည် ဖော်နိုင်ခဲ့သူဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကမ္ဘာပတ်ပြီး စူးစမ်းရှာဖွေ လေ့လာမှုလုပ်ဖို့အတွက် သူ့ဘဝတစ်ခုလုံးကို ရင်းနှီးမြှုပ်နှံရဲခဲ့သူလို့လည်း ဆိုနိုင်ပါတယ်။

အလားတူ 'ကူပါနီးကပ်စ်' (Copernicus) ဟာ ကမ္ဘာလောကရဲ့ အခြေအနေတွေသာမက စကြဝဠာရဲ့အကြောင်းကို ထုတ်ဖော်ပြသ အသိပေးချင်တဲ့ စိတ်ကူးရှိသူဖြစ်ပါတယ်။

သူ့ကို အခြားဘယ်သူကမှ လက်တွေ့မကျသူ၊ မဖြစ်နိုင်တာတွေကို ပြောဆိုဖော်ပြသူတစ်ယောက်အဖြစ် စွပ်စွဲပြောဆိုနိုင်ခြင်း မရှိလောက်အောင် လက်တွေ့အောင်မြင်အောင် လုပ်နိုင်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့်လည်း 'ကူပါနီးကပ်စ်' ဟာ ကမ္ဘာကျော်တဲ့ နက္ခတ္တဗေဒပညာရှင်တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ ဘယ်သူမဆို အောင်မြင်အောင် ကြိုးစားနေစဉ်ကာလအတွင်း ကျရှုံးခြင်းဖြစ်စေခဲ့တဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှ ဝမ်းနည်းကြောင်း တောင်းပန်စရာ မလိုအပ်သလို ဘာကြောင့် ကျရှုံးရတယ်ဆိုတာအတွက် ဆင်ခြေပေး၊ သက်သေပြစရာလည်း လုံးဝ မလိုအပ်ပါဘူး။ အောင်မြင်အောင် အားထုတ်ကြိုးစားနေစဉ်အတွင်း အောင်မြင်မှုရဖို့ အချိန်မတန်သေးသမျှ သင်ဟာ အကြောင်းအမျိုးမျိုးကြောင့် ကျရှုံးရနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သင်ဟာ အောင်မြင်မှုမရမချင်း ဆက်လက်ကြိုးစားအားထုတ်မှုတွေနဲ့ ပန်းတိုင်ကို အာရုံစိုက်ထားရမှာ ဖြစ်ပါတယ်။ တစ်ဖန်သင့်ရဲ့ အတွေးစိတ်ကူးအရ သင်လုပ်ချင်တဲ့ အလုပ်တစ်ခုကို စတင်အကောင်အထည်ဖော်ရာမှာ ၎င်းကို သင်က မှန်ကန်တယ်လို့ ယူဆပါက ယုံကြည်မှုအပြည့်ထားရှိပြီး ရှေ့ဆက်လုပ်ဆောင်ပေးဖို့ လိုပါတယ်။ သင်က ရည်ရွယ်ချက် အောင်မြင်အောင် ကြိုးစားနေစဉ်အတွင်း ယာယီကျရှုံးမှုတွေနဲ့ ကြုံ

mgyoe.com

mgyoe.com SAMPLE BOOK


တွေ့ရတဲ့အခါ အလွယ်တကူ စိတ်မပျက်ဘဲ အဲဒီကျရှုံးမှုအပေါ် သင်ခန်းစာယူပြီး အောင်မြင်သည်အထိ ဆက်လက်ကြိုးစားရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျရှုံးမှုတိုင်းဟာ အောင်မြင်မှုအဖြစ် ရှင်သန်လာမယ့် မျိုးစေ့တွေကြဲချပေးနိုင်တယ်လို့ မှတ်ယူပေးပါ။

မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းဖြင့် ကမ္ဘာကျော်ခဲ့သူ 'ဟင်နရီဖို့ဒ်' ဟာ ဆင်းရဲပြီး ပညာမတတ်သူတစ်ယောက် ဖြစ်ခဲ့သော်လည်း မြင်းမပါတဲ့ ရထား/မြင်းနဲ့ဆွဲစရာမလိုတဲ့ လူစီးရထားတစ်စင်း ထုတ်လုပ်ဖို့ စိတ်ကူးအိပ်မက်ရှိခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့် သူက ဆန္ဒရှိတဲ့အတိုင်း လုပ်နိုင်စေမယ့် အခွင့်အရေးကောင်းတွေ ရောက်လာမှာကို မစောင့်ဆိုင်းဘဲ သူ့စိတ်ကူးအိပ်မက်ကို ချက်ချင်းအကောင်အထည်ဖော်ခဲ့သူ ဖြစ်ပါတယ်။ ထိုအခါ 'ဖို့ဒ်' က လက်တွေ့လုပ်ကိုင်ဆောင်ရွက်ရင်း သူ့လိုအပ်ချက်တွေကို တစ်ခုချင်း စိတ်ရှည်စွာ ဖြည့်စွက်နိုင်ခဲ့တာကြောင့် နောက်ဆုံးမှာ ဘယ်သူမှ မမျှော်လင့်ထားတဲ့ မော်တော်ကားကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ အကြောင်းကတော့ 'ဟင်နရီဖို့ဒ်' ဟာ အောင်မြင်မှုမရခင်၊ ပန်းတိုင်မရောက်မချင်း၊ အခက်အခဲတွေ ကျရှုံးမှုတွေ ရင်ဆိုင်ရသည့်တိုင် သူ့စိတ်ကူးအိပ်မက်ကို လက်လျှော့နောက်ဆုတ်ခြင်း မရှိခဲ့တာကြောင့် အခုလို အောင်မြင်မှုရရှိခဲ့တာ ဖြစ်ပါတယ်။

ထိုနည်းတူ 'သောမတ်စ်အယ်ဒီဆင်' သည်လည်း လျှပ်စစ်မီးသီးတီထွင်ထုတ်လုပ်ဖို့ စိတ်ကူးအိပ်မက် ရှိထားခဲ့သည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ပြီး အောင်မြင်မှုကို ရယူနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ အယ်ဒီဆင်ဟာ သူ့ရဲ့ တီထွင်မှု အောင်မြင်မှု မရသေးခင်အတွင်း အကြိမ်ပေါင်း ၁၀,၀၀၀ ကျော်အထိ ကျရှုံးခဲ့ရသူဖြစ်ပါတယ်။ သို့သော်လည်း အယ်ဒီဆင်ဟာ စိတ်ကူးအိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်ရာမှာ အလွယ်တကူ အလျှော့မပေးဘဲ လက်တွေ့ အောင်မြင်အောင် လုပ်နိုင်တာတွေ့ရပါတယ်။

အမေရိကန်သမ္မတဟောင်း 'လင်ကွန်း' ဟာ ကျွန်တွေ လွတ်မြောက်စေရမယ်ဆိုတဲ့ စိတ်ကူးအတွေးရှိခဲ့သူဖြစ်ပြီး သူ့စိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ လင်ကွန်းဟာ ကျွန်တွေကို လွတ်

mgyoe.com

mgyoe.com

မြောက်စေရုံသာမက အမေရိကန် တောင်ပိုင်းနဲ့ မြောက်ပိုင်း အောင်မြင်စွာ ပေါင်းစည်းနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

'ရိုက်တ်' (Wright)ညီနောင်ဟာ လေထဲပျံသန်းနိုင်တဲ့ စက်ယန္တရား တစ်ခု တီထွင်ထုတ်လုပ်ဖို့ အိပ်မက်စိတ်ကူး ရှိခဲ့ကြပါတယ်။ သူတို့စိတ်ကူး ကြောင့် ယနေ့ကာလမှာ တစ်ကမ္ဘာလုံးမှာ လေယာဉ်နဲ့ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေကို အဆင့်ဆင့် တိုးတက်စေခဲ့တာ ဖြစ်ပါတယ်။ 'မာကိုနီ' (Marconi)သည်လည်း လျှပ်စစ်သံလိုက်စွမ်းအားကို အသုံးချပြီး ကြေးနန်း ကို တီထွင်ဖို့ စိတ်ကူးရှိခဲ့သူဖြစ်ပါတယ်။ မာကိုနီရဲ့ တီထွင်မှုကနေ အစပြု ပြီး ယနေ့ကာလ ရေဒီယို–ရုပ်သံစက်တွေကို အဆင့်ဆင့် ပိုကောင်းအောင် တီထွင်ထုတ်လုပ်နိုင်ခဲ့တာ တွေ့ရပါတယ်။

မာကိုနီရဲ့ ကြေးနန်းဆက်သွယ်ရေးဟာ ကမ္ဘာ့နိုင်ငံအချင်းချင်းအား အိမ်ရှေ့နှင့် နောက်ဖေးနီးကပ်သော အိမ်နီးချင်းတွေသဖွယ် အနီးကပ်ဆုံး ဆက်သွယ်နိုင်အောင် ကောင်းကျိုးပြုခဲ့ပါတယ်။ 'မာကိုနီ' ရဲ့ တီထွင်ဉာဏ် အားကောင်းခြင်းကြောင့် အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတက တစ်နိုင်ငံ လုံးရဲ့ ပြည်သူတွေကို မှာကြားအသိပေးစရာ စကားတွေ တစ်ပြိုင်နက်တည်း ပြောဆိုနိုင်ခဲ့ပါတယ်။

မာကိုနီက လေလှိုင်းထဲကတစ်ဆင့် မည်သူမဆို သတင်းစကားတွေ ပေးပို့ဆက်သွယ်ပြောဆိုနိုင်တဲ့ နည်းလမ်းကိုတွေ့ပြီလို့ အသိပေးကြေညာချိန် မှာ မာကိုနီရဲ့ သူငယ်ချင်းတွေက မာကိုနီကို အချုပ်ခန်းထဲထည့်ပြီး ထိုမှတစ် ဆင့် စိတ္တဇဆေးရုံသို့ ပို့ဆောင်ကာ စမ်းသပ်စစ်ဆေးမှုတွေ လုပ်ခဲ့ကြပါ တယ်။ ဒါဟာ သူက လေထဲကတစ်ဆင့် သတင်းစကားတွေ ပြောဆို ဆက်သွယ်နိုင်မယ့် နည်းလမ်းကို ရှာတွေ့တယ်ဆိုတဲ့အပေါ် ဘယ်သူကမှ မယုံကြည်တာကြောင့် သူ့ကို စိတ်ဖောက်တယ်ထင်ပြီး အခုလို စစ်ဆေးခဲ့ကြ တာ ဖြစ်ပါတယ်။

မာကိုနီရဲ့ အထက်ပါရှာတွေ့ချက်ဟာ အစောပိုင်းကာလ ရှာဖွေ တွေ့ရှိချက်တစ်ခုဖြစ်တဲ့ ကြေးနန်းဆက်သွယ်ရေးလိုမျိုး ဝိုင်ယာကြိုးတွေ လုံးဝဆက်သွယ်ထားခြင်းမရှိတဲ့၊ လေလှိုင်းထဲကတစ်ဆင့် တိုက်ရိုက် ဆက် သွယ်နိုင်တဲ့ နည်းလမ်းဖြစ်ပါတယ်။ ယနေ့ကာလ စိတ်ကူးအိပ်မက်ရှိသူ၊
mgyoe.com

m-gyoe.com SAMPLE BOOK

အတွေး စိတ်ကူးကောင်းတွေကို အကောင်အထည်ဖော်တဲ့သူတွေဟာ မာကိုနီရဲ့ နည်းလမ်းအား အခြေခံပြီး မူလထက် ပိုမိုကောင်းမွန် ပြည့်စုံတဲ့ ဆက်သွယ်ရေး နည်းပညာတွေကို အောင်မြင်စွာ ဆက်လက်ဖော်ထုတ် နိုင်ခဲ့ကြပါတယ်။

ယနေ့ကမ္ဘာဟာ ရှာဖွေတွေ့ရှိမှု အသစ်တွေနဲ့ ကျင့်သားရနေပြီး တစ်စုံတစ်ခု တီထွင်ပြီး သိပ်မကြာခင်မှာပဲ နောက်ထပ် တီထွင်မှုအသစ်တွေက အချိန်တိုအတွင်း လျင်မြန်စွာ ပေါ်ပေါက်လာတာ တွေ့ရပါတယ်။ ဒီလိုဖြစ်ရတာဟာ စိတ်ကူးအိပ်မက်ကိုယ်စီရှိပြီးသားလူတွေက သူတို့စိတ်ကူးတွေကို အကောင်အထည်ဖော်နိုင်ဖို့ အချိန်နဲ့အမျှ ပြင်းပြတဲ့ စိတ်ဆန္ဒတွေနဲ့ ကြိုးစားနေလို့ပဲဖြစ်ပါတယ်။ သူတို့အနေနဲ့ ကမ္ဘာကြီးကို သူတို့ရဲ့ စိတ်ကူးသစ်တွေနဲ့ ကောင်းမွန်ပြည့်စုံအောင် အထောက်အပံ့ပေးဖို့နဲ့ တစ်ဖက်ကလည်း သူတို့ရဲ့ အောင်မြင်စွာ စွမ်းဆောင်နိုင်စွမ်းတွေကို ထုတ်ဖော်ပြသချင်တာကြောင့် ဖြစ်ပါတယ်။

အမြင့်မားဆုံးသော တိုးတက်အောင်မြင်မှုတွေကို လေ့လာတဲ့အခါ သူတို့ရဲ့ အစပထမဟာ စိတ်ကူးအိပ်မက်ရှိနေခြင်း (သို့) တစ်စုံတစ်ရာ လုပ်ဆောင်ဖို့ တွေးခေါ်ကြံစည်ခြင်းတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကြီးမားတဲ့ အောင်မြင်မှုမရသေးခင် ဦးစွာ တွေးခေါ်စဉ်းစားခြင်း၊ တတ်စွမ်းနိုင်သလောက် အသေးအမွှားကိစ္စတွေကို အောင်မြင်အောင် ပြုလုပ်ခြင်းတွေနဲ့ အစပျိုးနိုင်ဖို့ လိုပါတယ်။ တကယ်တော့ 'ဝက်သစ်ချသီး' ဟာ ကျွန်ုပ်တို့ရဲ့ စဉ်းစားတွေးခေါ်မှု၊ ကျွန်ုပ်တို့ရဲ့ အိပ်မက်စိတ်ကူးတွေနဲ့ စိတ်ကူးအကြံအစည်တွေကို ရည်ညွှန်းလျက်ရှိပါတယ်။ အကြောင်းကတော့ ဝက်သစ်ချသီးဟာ လက်ရှိအမြင်အရ သေးငယ်တဲ့ အသီးတစ်လုံးဖြစ်သော်လည်း ကြီးမားတဲ့ ဝက်သစ်ချပင်ကြီးဖြစ်အောင် ရှင်သန်ကြီးထွားလာစေမယ့် အခြေခံအရင်းအမြစ်ဖြစ်တာကို နားလည်နိုင်ပါတယ်။ ထိုနည်းတူ ငှက်တွေဟာ အတောင်အလက်မစုံခင်၊ လွတ်လပ်စွာ မပျံသန်းနိုင်သေးခင်အတွင်း သူတို့ရဲ့ အသိုက်ထဲမှာနေပြီး အချိန်ကောင်းကို စိတ်ရှည်စွာ စောင့်ဆိုင်းရလေ့ ရှိပါတယ်။ အလားတူ အိပ်မက်စိတ်ကူးတွေဟာ လက်တွေ့ဘဝမှာ အမှန်တကယ်ဖြစ်လာစေဖို့ လိုအပ်သလို ပြုစုပျိုးထောင်ပေးရမယ့် အရာတွေဖြစ်ပါတယ်။

နိုးကြားစွာ ပြုမူဆောင်ရွက်ခြင်း၊ ဖြစ်ထွန်းအောင်မြင်စေခြင်း၊ အခိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


အမာပြောဆိုနိုင်စွမ်းရှိခြင်းဆိုတဲ့ အရည်အသွေးတွေကို ကမ္ဘာပေါ်က စိတ်ကူး အိပ်မက်ကောင်းရှိသူတွေက ပိုင်ဆိုင်ထားလေ့ရှိပြီး အဲဒီအရည်အသွေးတွေကြောင့်လည်း သူတို့ရဲ့ စိတ်ကူးအိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ကြတာ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းမှာ စီးပွားရေးအခြေအနေတွေက သေချာရေရာမှုမရှိသေးချိန်အတွင်း သင်ဟာ အခြေအနေအရပ်ရပ်ကို စောင့်ကြည့်နိုင်တဲ့ အခွင့်အရေး ရနေပါလိမ့်မယ်။ ထိုကာလမှာ သင်ဟာ မအောင်မြင်သေးတဲ့ ရည်မှန်းချက်အတွက် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချအောက်ကျို့ခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ စိတ်သဘောထား ပွင့်လင်းစွာ ပြောဆိုဆက်ဆံတတ်ခြင်းဆိုတဲ့ အရည်အသွေးတွေရှိအောင် လေ့ကျင့်ထားရပါမယ်။

အရှိတရားအရ ကမ္ဘာကြီးမှာ အခွင့်အရေးကောင်းတွေ လွန်စွာပေါများနေတယ်ဆိုတာကို အတိတ်တစ်ချိန်က စိတ်ကူးအိပ်မက်ရှိသူတွေက မသိခဲ့ကြပါဘူး။

လိုချင်တာရအောင်နဲ့ ဖြစ်ချင်တာ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ပြင်းပြတဲ့ စိတ်အလိုဆန္ဒရှိပြီး လက်တွေ့မှာလည်း အဲဒီစိတ်အလိုဆန္ဒအတိုင်း အမှန်တကယ်ဖြစ်အောင် လုပ်နိုင်ခြင်းဟာ စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်လိုသူတိုင်း၌ ရှိသင့်တဲ့ အရည်အသွေးပဲ ဖြစ်ပါတယ်။ စိတ်ကူးအိပ်မက်တွေဆိုတာဟာ ခပ်ညံ့ညံ့လူဖြစ်စိဖို့၊ ပျင်းရိလေးတွဲ့ဖို့၊ ရည်မှန်းချက်မဲ့ဖို့ မွေးဖွားလာတာ မဟုတ်ပါဘူး။ ကမ္ဘာပေါ်က လူတွေအနေနဲ့ စိတ်ကူးအိပ်မက်ကောင်း ရှိသူတွေကို ရေရှည် လှောင်ပြောင်၊ သရော်တာမျိုး၊ လက်တွေ့မကျသူတွေအဖြစ် သတ်မှတ်တာမျိုး မလုပ်နိုင်ပါဘူး။ ဘာကြောင့်ဆိုတော့ ကမ္ဘာမှာ ထူးခြားထင်ရှားတာ မှန်သမျှကို အိပ်မက်စိတ်ကူးရှိသူတွေကသာ လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်။

လက်တွေ့ပြနိုင်တဲ့ သာဓကတစ်ခုအနေနဲ့ သင်ကိုယ်တိုင် အမေရိကန်ပြည်ထောင်စုရဲ့ 'တန်နက်ဆီ' ပြည်နယ်ကို သွားရောက်လေ့လာကြည့်ပေးပါ။ အဲဒီမှာ ကြီးမားတဲ့ ရေထိန်းဆည်ကြီးတစ်ခုကို တွေ့ရမှာဖြစ်ပြီး အဲဒီဆည်ကြောင့် စိုက်ပျိုးရေးသမားတွေအတွက် လိုအပ်သောရေနဲ့ အဲဒီပြည်နယ်အတွင်း လျှပ်စစ်စွမ်းအားရစေဖို့ ကောင်းကျိုးပြုနိုင်ခဲ့တာ တွေ့ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ဒီလိုမျိုး ကောင်းတဲ့အခြေအနေ ဖြစ်လာစေဖို့ ကြိုတင်စိတ်ကူးအိပ်မက်ရှိခဲ့သူဟာ အမေရိကန်သမ္မတဖြစ်ပြီး သူဟာ ပြင်းပြသော စိတ်ဆန္ဒနဲ့ လက်တွေ့အကောင်အထည်ဖော်ခဲ့သူ ဖြစ်ပါတယ်။

လူတစ်ယောက်ရဲ့ စိတ်ကူးအိပ်မက်တွေ ဘယ်လောက်ပဲကောင်းကောင်း လက်တွေ့အကောင်အထည် မဖော်နိုင်သေးခင်အတွင်း အဲဒီစိတ်ကူးကို လူအံများက လှောင်ပြောင်သရော်တာတွေ ကြုံတွေ့ရနိုင်ပါတယ်။ သို့သော်လည်း အရေးကြီးတာက အိပ်မက်စိတ်ကူးပိုင်ရှင်ကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ထားရှိပြီး ပြင်းပြတဲ့ စိတ်အလိုဆန္ဒတွေနဲ့ အကောင်အထည်ဖော်နိုင်ဖို့ကိုသာ အာရုံစိုက်ထားရမှာ ဖြစ်ပါတယ်။ သင်က စီးပွားရေး အကျပ်အတည်းဖြစ်နေစဉ်မှာ (သို့) သင့်စိတ်ကူးအိပ်မက်တွေကို အကောင်အထည် မဖော်နိုင်ခင်မှာ စိတ်ဓာတ်ကျစရာကောင်းလောက်အောင် အခြားသော ပြဿနာတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရနိုင်သလို သင့်အား လုံးဝပြိုလဲပျက်စီးစေတဲ့အထိ အပြင်းအထန် တိုက်ခိုက်ခံရတာမျိုးလည်း ရှိနေနိုင်ပါတယ်။

သင်က အထက်ပါ မကောင်းသော အခြေအနေတွေနဲ့ ရင်ဆိုင်ရတဲ့တိုင် စိတ်ရှည်ဖွဲ့သန် သည်းခံနိုင်စွမ်းတွေနဲ့ ကြံ့ကြံ့ခံ ရပ်တည်ပြီး သင်ရည်မှန်းထားတဲ့အတိုင်းဖြစ်အောင် အကောင်အထည်ဖော်နိုင်ဖို့ လိုပါတယ်။

ကမ္ဘာမှာ တိုးတက်အောင်မြင်တဲ့သူတွေကို လေ့လာရင် စတင်ရုန်းကန်ခါစမှာ အစစအရာရာ ချောမွေ့ခြင်းမရှိဘဲ အခက်အခဲများစွာနဲ့ ရင်ဆိုင်ခဲ့ရတာကို တွေ့ရမှာဖြစ်ပါတယ်။ ရည်မှန်းချက်ချပြီး လက်တွေ့အကောင်အထည် ဖော်နေသူတွေအတွက် တစ်ခါတစ်ရံမှာ အရေးပါတဲ့ အလှည့်အပြောင်းတွေ ပေါ်လာတတ်ပြီး အဲဒီအလှည့်အပြောင်းကို အကောင်းဆုံးသော အခွင့်အရေးတွေအဖြစ် အသုံးချနိုင်သူတွေက ရည်မှန်းချက်ဆီသို့ မြန်မြန်ရောက်အောင် လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။ သို့သော်လည်း တစ်ခါတစ်ရံမှာ မမျှော်လင့်တဲ့ အမှားတစ်ခုခုကြောင့် ခေတ္တခဏ ကျရှုံးခြင်းနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

'ဂျွန်ဘန်နင်' (John Bunyan) ဟာ 'ဘုရားဖူးခရီး' (Pilgrim's Progress) အမည်ရှိ စာအုပ်ကို ရေးတဲ့သူဖြစ်ပြီး အင်္ဂလိပ်စာပေလောကမှာ

mgyoe.com

mgyoe.com  SAMPLE BOOK 

အကောင်းဆုံးသော စွမ်းဆောင်ရှင်တစ်ယောက်အဖြစ် ထင်ရှားခဲ့သူ ဖြစ်ပါတယ်။ သူဟာ ဘာသာအယူဝါဒနဲ့ ကိုးကွယ်ယုံကြည်မှုတွေအပေါ် သူ့ကိုယ်ပိုင်အမြင်နဲ့ ဝေဖန်ဆန်းစစ်ခဲ့တာကြောင့် အကျဉ်းခံဘဝ ရောက်တဲ့အထိ အပြစ်ပေးခံခဲ့ရသူ ဖြစ်ပါတယ်။ သို့သော်လည်း သူ ပြစ်ဒဏ်ကျခံပြီးနောက်ပိုင်း ထွက်ရှိခဲ့တဲ့ သူ့စာအုပ်က အင်္ဂလိပ်စာပေလောက တစ်ခုလုံးအား ဩဇာလွှမ်းမိုးနိုင်ခဲ့ပါတယ်။ အလားတူ ဝတ္ထုတိုများ ရေးသားခြင်းမှာ နာမည်ကြီးတဲ့ O Henry (အိုဟင်နရီ) ဟာ ကံအကြောင်းမလှတဲ့ ဖြစ်ရပ်ကြီးတစ်ခုနဲ့ ရင်ဆိုင်ကြုံတွေ့ပြီး အိုဟိုင်းအိုးပြည်နယ်၊ ကိုလံဘတ်စ်မြို့၌ အကျဉ်းကျခံပြီးတဲ့နောက် သူ့ဦးနှောက်အတွင်း အိပ်စက်နေခဲ့တဲ့ 'ထက်မြက်သောဉာဏ်ရည်' (အထုံပါရမီနဲ့ ထူးချွန်ထက်မြက်မှု) ဆိုတဲ့ "Genius" ကို ရှာဖွေတွေ့ရှိခဲ့သူဖြစ်ပါတယ်။ တကယ်တော့ 'အိုဟင်နရီ' ဟာ တက္ကဆက်ပြည်နယ်၊ အော်စတင်မြို့ ဘဏ်တစ်ခုကနေ ငွေအလွဲသုံးစား လုပ်ခဲ့တယ်ဆိုတဲ့ စွဲချက်နဲ့ တရားရင်ဆိုင်ပြီး ထောင်ကျခဲ့တာ ဖြစ်ပါတယ်။

အကျဉ်းထောင်က လွတ်မြောက်ပြီးတဲ့နောက် 'အိုဟင်နရီ' ဟာ စိတ်မချမ်းမြေ့ဖွယ်ကောင်းလှတဲ့ ရာဇဝတ်ကောင်ဘဝ (သို့) လူအများရဲ့ အပယ်ခံဘဝမှာ နေရမယ့်အစား ကြီးကျယ်မြင့်မြတ်တဲ့ စာရေးဆရာကောင်းတစ်ယောက်အဖြစ် ရပ်တည်နိုင်မယ့် အခွင့်အရေးကို ကိုယ်တိုင်ရှာဖွေ တွေ့ရှိခဲ့ပါတယ်။ ကွဲပြားခြားနားမှု၊ ပြောင်းလဲမှုနဲ့ ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ အဖြစ်အပျက်၊ အတွေ့အကြုံတွေဟာ ကျွန်ုပ်တို့ရဲ့ ဘဝရှင်သန်ပုံ နည်းလမ်းအမျိုးမျိုးအတွက် ကုန်ကြမ်းအဖြစ် ရွေးချယ်အသုံးချနိုင်တဲ့ အရင်းအမြစ်ကောင်းတွေ ဖြစ်ပါတယ်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့ဘဝမှာ မကြုံချင်ဘဲကြုံရတဲ့ မကောင်းသော အဖြစ်အပျက်တွေဟာ ကျွန်ုပ်တို့အား လက်ရှိဘဝအခြေအနေထက် ပိုမိုကောင်းမွန်သော အခြေအနေထိရောက်အောင် တွန်းပို့ပေးနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့် မကောင်းတာတွေနဲ့ ကြုံတွေ့တိုင်း စိတ်ဓာတ်ကျစရာမလိုဘဲ အဲဒီ မကောင်းတာတွေကို ကောင်းတဲ့အခြေအနေရောက်အောင် ဘယ်လို အသုံးချရမလဲ၊ ဆိုတာကိုသာ အဖြေရှာဖို့ လိုပါတယ်။ တစ်နည်းအားဖြင့် လောကမှာ ကောင်းတာတွေလုပ်တိုင်း ကောင်းတာတွေ ချက်ချင်း အကျိုးမပေးတတ်သလို မကောင်းတာတွေနဲ့ ကြုံတွေ့တိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

လည်း အမြဲတမ်း အခြေအနေမဆိုးတတ်ဘူးဆိုတဲ့သဘောကို နားလည်ထားဖို့လိုပါတယ်။ ဒါမှသာ သင် ရည်မှန်းထားတဲ့ အရာတွေကို ပြင်းပြတဲ့ စိတ်ဆန္ဒအား ရှေ့တန်းတင်ပြီး (အခက်အခဲကြားကနေ) အောင်မြင်အောင် လုပ်ဆောင်နိုင်ပါလိမ့်မယ်။

တစ်ခါတလေ ကျွန်ုပ်တို့ဘဝမှာ ကြုံတွေ့ရတဲ့ အခက်အခဲ ပြဿနာတွေက ကျွန်ုပ်တို့ကို တန်ဖိုးမဖြတ်နိုင်တဲ့ အတွေးအခေါ်ကောင်းတွေ၊ ထူးချွန်ထက်မြက်တဲ့ ဉာဏ်ရည်တွေနဲ့ ထိရောက်စွာ ဆောင်ရွက်နိုင်တဲ့ စွမ်းဆောင်ရည်ကောင်းတွေ ရှိလာအောင် လုပ်ပေးတတ်ပါတယ်။

ဒါကြောင့် သင်ဟာ ဘဝတိုးတက်အောင်မြင်မှုနဲ့ ငွေကြေးချမ်းသာကြွယ်ဝမှုရှိဖို့ဆိုတဲ့ စိတ်ကူးကောင်းကို ဘယ်ကစလို့ အကောင်အထည်ဖော်ရမှန်း မသိသေးချိန်အတွင်း ရုတ်တရက် ပေါ်ပေါက်၊ ကြုံကြိုက်လာတဲ့ ပြဿနာ၊ အခက်အခဲ၊ ဒုက္ခတွေက သင့်ရဲ့ စိတ်ကူး အကြံအစည်တွေကို လက်တွေ့ အကောင်အထည် ဖော်ခိုင်းပါလိမ့်မယ်။

ကမ္ဘာကျော် တီထွင်သူနဲ့ သိပ္ပံပညာရှင်တစ်ယောက်လည်းဖြစ်တဲ့ 'သောမတ်စ်အယ်ဒီဆင်' ဟာ သာမန် 'ကြေးနန်းအော်ပရေတာ' တစ်ယောက်အဖြစ်နဲ့ ဘဝကို စတင်ခဲ့ပြီး သူ့ရဲ့ ဦးနှောက်အတွင်း ကာလကြာရှည်စွာ အိပ်စက်နေတဲ့ သူ့ရဲ့ ထက်မြက်စေသော ဉာဏ်ရည် "Genius" နဲ့ ထူးချွန်အောင် လုပ်နိုင်တဲ့ အထုံပါရမီအစွမ်းတွေကို သူကိုယ်တိုင် ရှာမတွေ့သေးခင် သူ့ရဲ့ လက်တွေ့စမ်းသပ်မှုတွေက အကြိမ်ပေါင်းများစွာ ကျရှုံးခဲ့ပါတယ်။

ကမ္ဘာကျော် စာရေးဆရာကြီးတစ်ယောက်ဖြစ်တဲ့ 'ချားစ်ဒစ်ကင်' (Charles Dickens) ဟာ မြေအိုးမြေခွက်တွေကို အချောကိုင်၊ စဥ့်ရည်သုတ်လိမ်းရတဲ့ အလုပ်သမားတစ်ယောက်အဖြစ် ဘဝကို စတင်ခဲ့ပြီး သူ့ဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ ဝမ်းနည်းကြေကွဲစရာ အဖြစ်အပျက် ဇာတ်လမ်းတွေက သူ့ကို ကမ္ဘာကျော် စာရေးဆရာဖြစ်လာအောင် တွန်းပို့ပေးခဲ့တာ တွေ့ရပါတယ်။

ချားစ်ဒစ်ကင်က သူ့ရဲ့ပထမဆုံးစာပေ လက်ရာအဖြစ် 'ဒေးဗစ်ကော်ပါဖီးလ်ဒ်' ဆိုတဲ့စာအုပ်ကို ရေးသားထုတ်ဝေနိုင်ခဲ့ပါတယ်။

'ချားစ်ဒစ်ကင်' ရဲ့ စာအုပ်တွေကို တစ်ကမ္ဘာလုံးရဲ့ စာဖတ်သူများစွာ
mgyoe.com

က အားပေးခဲ့တာကြောင့် အရင်ကထက် ငွေကြေးပြည့်စုံသူတစ်ယောက် ဖြစ်စေခဲ့ပါတယ်။

'ဟယ်လင်ကယ်လာ' (Helen Keller) ဟာ သူမကို မွေးဖွားပြီး နောက်ပိုင်းမှာပဲ မျက်စိလည်းမမြင်၊ နားလည်းမကြားတဲ့ဘဝကို ရောက်ခဲ့ရပါတယ်။ အဲဒီနောက် မကြာခင်မှာပဲ စကားလည်း မပြောနိုင်တဲ့သူ ဖြစ်လာခဲ့ပါတယ်။

သူမရဲ့ဘဝက အဲဒီအထိ ကံဆိုးမိုးမှောင်ကျခဲ့သည့်တိုင် 'ဟယ်လင်ကယ်လာ' ဟာ ထူးခြားထင်ရှားသူတို့ရဲ့ သမိုင်းစာမျက်နှာပေါ်မှာ သူမရဲ့ အမည် ရေးထိုးနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သူ ဖြစ်ပါတယ်။

'ဟယ်လင်ကယ်လာ' ဟာ **"ကျရှုံးခြင်းကို လက်တွေ့အမှန်တရားအဖြစ် လက်မခံသေးသည့်အထိ ဘယ်သူမဆို ကျရှုံးခြင်း မရှိသေးဘူး"** ဆိုတာကို လက်တွေ့သက်သေပြခဲ့သူဖြစ်ပါတယ်။

'ရောဘတ်ဘန်းစ်' ဟာ စာမတတ်တဲ့ တောသားလူငယ်တစ်ဦး ဖြစ်ရုံမက ဆင်းရဲမွဲတေသူတစ်ယောက်လည်း ဖြစ်ခဲ့ပါတယ်။ ထို့ပြင်မက သူဟာ အမြဲတစေ သောက်စားမူးယစ်နေတတ်တဲ့ ယစ်ထုတ်တစ်ယောက်လည်း ဖြစ်နေခဲ့ပါတယ်။ သို့သော်လည်း ကမ္ဘာလောကဟာ သူ့ကို လက်ရှိဘဝထက် ပိုကောင်းတဲ့ နေရာတစ်ခုဆီရောက်အောင် ပို့ဆောင်ပေးခဲ့ပါတယ်။ အကြောင်းကတော့ သူဟာ ယစ်ထုတ်တစ်ယောက်ဖြစ်ပေမဲ့ ကဗျာ၊ လင်္ကာတွေ စပ်ဆိုနိုင်စွမ်းရှိတဲ့ အတွေးအခေါ်၊ အသိပညာကို ပိုင်ဆိုင်ထားတာကြောင့် ဖြစ်ပါတယ်။ ဒီလိုနဲ့ သူဟာ အန္တရာယ်ပေးနိုင်တဲ့ ဆူးတွေကို နုတ်ပြီး စိုက်ပျိုးခံရတဲ့ နှင်းဆီပင်တစ်ပင်ဖြစ်လာပြီး သူကျွမ်းကျင်တဲ့ နယ်ပယ်မှာ နေရာတစ်ခု ရလာခဲ့ပါတယ်။

"Booker T. Washington" (ဘွတ်ကာတီဝါရှင်တန်) ဟာ ကျွန်တစ်ယောက်အဖြစ် မွေးဖွားလာခဲ့သော်လည်း သူ ရှင်သန်နေထိုင်တဲ့ အသိုင်းအဝိုင်းအတွင်း သူ့ရဲ့ မျိုးရိုးနဲ့ အသားရောင်က သူ့အတွက် အားသာချက် (သူတကာထက် တစ်ပန်းသာစရာ) ဖြစ်ခဲ့ပါတယ်။ နောက်ပြီး 'ဘွတ်ကာ' ဟာ စိတ်ရှည်သည်းခံနိုင်စွမ်းရှိပြီး ဘယ်လိုအကြောင်းကိစ္စတွေအပေါ်မှာမဆို ပွင့်လင်း၊ ရိုးသားတဲ့ သဘောထားအမြင်နဲ့သာ ရှုမြင် ဆုံးဖြတ်တတ်သူ

mgyoe.com

mgyoe.com SAMPLE BOOK


ဖြစ်ပါတယ်။ တစ်ဖန် 'ဘွတ်ကာ' ဟာ စိတ်ကူးအိပ်မက်ကောင်းရှိသူဖြစ်ပြီး သူ့ရဲ့မျိုးရိုး မျိုးနွယ်စု အားလုံးအတွက် ကောင်းကျိုးတစ်ခုခုဖြစ်လာအောင် လုပ်ပေးလိုတဲ့ဆန္ဒ ရှိနေခဲ့ပါတယ်။

'ဗေသိုဗင်' (Beethoven) ဟာ မွေးဖွားစဉ်က တစ်စုံတစ်ရာ ချို့ယွင်းမှုတွေ မရှိခဲ့သော်လည်း အသက် ၂၈ နှစ်အရွယ်ကစပြီး အကြားအာရုံ စတင်ချို့ယွင်းလာကာ အသက် ၄၄ နှစ်အရောက်မှာတော့ လုံးလုံးလျားလျား နားမကြားနိုင်တော့ပါဘူး။ "Milton" (မီလ်တန်) ဟာ သမိုင်းပညာရှင်၊ ကဗျာဆရာနှင့် ဂျာနယ်လစ်တစ်ယောက်ဖြစ်ပြီး ၁၆၅၂ ခုနှစ်မှာ 'ရေတိမ် ရောဂါ' (glaucoma) ကြောင့် မျက်စိကွယ်ခဲ့ရသူ ဖြစ်ပါတယ်။

သို့သော်လည်း တေးရေးဆရာနဲ့ စန္ဒရားပညာရှင်ဖြစ်တဲ့ 'ဗေသိုဗင်' နဲ့ ကဗျာဆရာ၊ သမိုင်းပညာရှင်ဖြစ်တဲ့ 'ဂျွန်မီလ်တန်' တို့ဟာ လူ့ယဉ်ကျေးမှု တိုးတက်လာတဲ့ သမိုင်းတစ်လျှောက် သူတို့ရဲ့နာမည်တွေ ကျန်ရစ်၊ စွဲမြဲအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူတွေ ဖြစ်ပါတယ်။ အကြောင်းကတော့ သူတို့ဟာ ပထမဆုံး အိပ်မက်စိတ်ကူးတွေကို စတင်တည်ဆောက်လိုက်ပြီး အဲဒီ စိတ်ကူးတွေကို အစီအစဉ်တကျရှိနေတဲ့ အတွေးအခေါ်တွေဖြစ်အောင် အဓိပ္ပာယ်ပြန်ဆိုနိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်။

သင်က ဒီစာအုပ်ရဲ့ နောက်ထပ် အခန်းတစ်ခုကို မသွားသေးခင် သင့်စိတ်အတွင်းက မျှော်လင့်ချက်ဆိုတဲ့ မီး အဆက်မပြတ် တောက်လောင်နေအောင် မီးမွှေး (နှိုးဆွ) ပေးရမှာဖြစ်သလို သင် လုပ်ကိုင်ဆောင်ရွက်ချင်တဲ့ ကိစ္စ လက်တွေ့ အကောင်အထည်ဖော်လိုတဲ့ ကိစ္စတွေအတွက် ခိုင်မာတဲ့ ဆုံးဖြတ်ချက် ချထားပေးဖို့ လိုပါတယ်။ နောက်ပြီး သင့်ရည်မှန်းချက်ပန်းတိုင် မရောက်မချင်း သင့်ကိုယ်သင် ယုံကြည်မှု၊ လုပ်ရဲကိုင်ရဲတဲ့သတ္တိ ပြည့်ဝမှု၊ စိတ်ရှည်သည်းခံနိုင်မှု ထားရှိဖို့ လိုအပ်ပါတယ်။ ဤစာအုပ်ထဲမှာ သင့်ရဲ့ စိတ်အခြေအနေကို ဘယ်လိုထားရှိသင့်တယ်၊ လုပ်ကိုင်ဆောင်ရွက်တဲ့ ကိစ္စတွေမှာ ဘယ်လို အသိပညာ ဗဟုသုတတွေကို အသုံးပြုပြီး ဘယ်လို နည်းကမ်းတွေကို လိုက်နာရမယ်ဆိုတာကိုပါ ဖော်ပြပေးထားပြီး ဖြစ်ပါတယ်။ ဒါဆိုရင် သင်ဟာ အိပ်မက်စိတ်ကူးတွေကို အကောင်အထည်ဖော်ရာမှာ လိုအပ်ချက်ရယ်လို့ မရှိနိုင်တော့တဲ့ အမြဲတမ်း အရန်သင့် ဖြစ်နေပါလိမ့်

mgyoe.com SAMPLE BOOK

မယ်။ သင်ဟာ "တစ်စုံတစ်ခုကို လိုချင်တောင့်တနေခြင်း' နဲ့ 'တစ်စုံတစ်ခုကို လက်ခံဖို့ အဆင်သင့်ဖြစ်နေခြင်း'...တို့အကြားက ကွာခြားတဲ့ အဓိပ္ပာယ်ကို နားလည်ထားဖို့ လိုပါတယ်။ တစ်နည်းအားဖြင့် သင်က တစ်စုံတစ်ခုကို ရယူနိုင်ပြီလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု မရမချင်း သင်ဟာ တစ်စုံတစ်ခုကို လက်ခံရယူဖို့ ဘယ်တော့မှ အဆင်သင့်ဖြစ်လာဦးမှာ မဟုတ်ပါဘူး။ ဒါကြောင့် သင့်စိတ်အခြေအနေတစ်ခုလုံးအား သင့်ကိုယ်သင် ယုံကြည်စိတ်ချမှုတွေနဲ့ လွှမ်းမိုးထားနိုင်အောင် ကြိုးစားပေးပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်၊ ကိုယ့်ကိုယ်ကိုယ် စိတ်ချတယ်ဆိုတဲ့အဆင့်ဟာ သာမန်မျှော်လင့်ထားနိုင်ရုံ သာမန်လိုချင်စိတ် ထားရှိရုံတို့ထက် ပိုပြီး သေချာရေရာပြတ်သားတဲ့အဆင့် ဖြစ်ပါတယ်။

သဘောထားကြီးမြတ်ခြင်း (ပွင့်လင်းရိုးသားသော သဘောထားရှိခြင်း) 'Open-mindedness' ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိခြင်းအတွက် မရှိမဖြစ် အရေးပါနေမှာ ဖြစ်ပါတယ်။

အကယ်၍ သင်ဟာ ပွင့်လင်းတဲ့ သဘောထားမရှိဘဲ စိတ်အတွင်း မကျေနပ်စရာတွေနဲ့ အကျိတ်အခဲ ဖြစ်နေမယ်ဆိုပါက သင့်ကိုယ်သင် ယုံကြည်မှု၊ လုပ်ရဲကိုင်ရဲ ပြောရဲဆိုရဲတဲ့ သတ္တိရှိမှုတွေ နီးကြားလာအောင် ဘယ်တော့မှ လှုံ့ဆော်နိုင်စွမ်းရှိမှာ မဟုတ်ပါဘူး။

သင်ဟာ ကံဆိုးမိုးမှောင်ကျခြင်းနဲ့ ဆင်းရဲခြင်းတွေကို အရှိအတိုင်း လက်ခံပြီး ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားနိုင်ခြင်းဖြင့် သင့်ရည်မှန်းချက်ပန်းတိုင်ကို ပြင်းပြတဲ့ စိတ်ဆန္ဒတွေနဲ့အတူ ရောက်အောင် ချီတက်နိုင်ပါလိမ့်မယ်။ ဒါကြောင့် ထိုသို့သော နည်းလမ်းကလွဲပြီး ကြီးပွားချမ်းသာ ဘဝတိုးတက်အောင်မြင်စေမယ့် ပိုပြီး ထိရောက်တဲ့ နည်းလမ်းရယ်လို့ မရှိနိုင်တာကို သတိပြုပါ။ ဒါကိုကြည့်ရင် သင်က ရည်မှန်းချက် အောင်မြင်ဖို့ အားထုတ်ကြိုးစားခြင်းထက် ကြုံတွေ့ရတဲ့ အခက်အခဲ ပြဿနာတွေကို ကြံ့ကြံ့ခံကာ အသိအမှတ်ပြုပြီး ရင်ဆိုင်ကျော်လွှားနိုင်ခြင်းက ပိုပြီး အရေးပါတဲ့ သဘောကို တွေ့ရမှာဖြစ်ပါတယ်။

"ဂျက်ဆီဘီရစ်တန်ဟောက်စ်" (Jessie B Rittenhouse) ဟာ စာပေဝေဖန်ရေးသမားတစ်ယောက်ဖြစ်ပြီး သူ့ရဲ့ "My Wage" အမည်ရှိ

mgyoe.com

mgyoe.com SAMPLE BOOK

ထင်ပေါ်ကျော်ကြားတဲ့ ကဗျာထဲမှာ အခုလို ဖော်ပြထားတာ တွေ့ရပါတယ်။

**"ကျွန်ုပ်က ငွေတစ်ပဲနိစ်အတွက် ဘဝနဲ့ ဈေးညှိခဲ့တယ်။**

**နောက်တော့ ကျွန်ုပ်က မဖြစ်စလောက် စတိုးဆိုင်လေးကို လက်ခံရယူပြီးရှိန် ညနေပိုင်းမှာ နောက်ထပ်တောင်းဆိုမှု လုပ်ခဲ့ပေမဲ့ ဘဝက ဘာမှထပ်မပေးတော့ပါဘူး။**

**ဘဝအနေနဲ့တော့ သူဟာ အလုပ်ရှင်ဖြစ်ပါတယ်။**

**သင် တောင်းဆိုတာကို သူ ပေးတယ်...**

**ဒါပေမဲ့ သင်က လုပ်ခလစာကို သတ်မှတ်–တောင်းဆိုလိုက်ပြီဆိုတာနဲ့ သင့်လုပ်ငန်းဆောင်တာမှန်သမျှ သင်က အပြည့်အဝ တာဝန်ယူရတော့မှာဖြစ်ပါတယ်။**

**ကျွန်ုပ်က တုန်လှုပ်ချောက်ချားစရာကောင်းတဲ့ သင်ခန်းစာတစ်ခုကို ရယူဖို့သက်သက် အစေအပါးအလုပ်ကို လုပ်ခဲ့တယ်။**

**ဘဝရဲ့ တောင်းဆိုမှုအတိုင်း လစာဘယ်လောက်နဲ့ပဲဖြစ်ဖြစ် ကျွန်ုပ်လုပ်ခဲ့မယ်ဆိုရင် ဘဝက ကျွန်ုပ်ကို ကျေကျေနပ်နပ်ကြီး ပြန်လည်ထောက်ပံ့ပေးပါလိမ့်မယ်။**

- **အလိုဆန္ဒက မိခင်သဘာဝတရားကြီးရဲ့ ဖန်တီးနိုင်စွမ်းနဲ့ ထိန်းချုပ်နိုင်စွမ်းတို့အပေါ် ပါးနပ်စွာ တစ်ပတ်ရိုက်နိုင်စွမ်းရှိသည်။**

ကျွန်တော့်အနေနဲ့ ဒီစာအုပ်ရဲ့ အခန်း–၁ ကို လက်စမသတ်ခင် ကျွန်တော် သိသမျှထဲက ထူးခြားသော လူတစ်ယောက်နဲ့ ထပ်မံ မိတ်ဆက်ပေးလိုပါတယ်။ ကျွန်တော့်က သူနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တွေ့ဆုံဖူးခဲ့တာပါ။ ပြောရမယ်ဆိုရင် သူ့ကို မွေးဖွားသန့်စင်ပြီး မိနစ်အနည်းငယ်အတွင်းမှာပဲ သူ့ကို တွေ့ခဲ့တာပေါ့။ တကယ်တော့ အဲဒီကလေးဟာ မွေးကတည်းက နားနှစ်ဖက် လုံးဝ မပါလာခဲ့ပါဘူး။ ဒါကြောင့် ဆရာဝန်တွေက ဒီကလေးဟာ တစ်သက်လုံး စကားလည်း မပြောနိုင်သလို နားလည်း မကြားနိုင်တော့ဘူးလို့ သူတို့ရဲ့ ထင်မြင်ချက်တွေကို သတင်းစာတွေထဲ ထည့်သွင်းပြောဆိုခဲ့ကြပါတယ်။

ထိုကာလဟာ ခေတ်မီခွဲစိတ်ကုသတဲ့ နည်းပညာတွေနဲ့ ခေတ်မီဆေးဝါး အထောက်အကူပြု ပစ္စည်းအသုံးအဆောင်တွေ မပေါ်ထွန်းသေးတဲ့

mgyoe.com

mgyoe.com

ကာလဖြစ်ပါတယ်။

အထက်ပါ ကိုယ်အင်္ဂါ အစိတ်အပိုင်း မပြည့်စုံတဲ့ကလေးနဲ့ ပတ်သက်ပြီး သတင်းစာထဲမှာ ထင်မြင်ချက်တွေ ထည့်သွင်းရေးသားစေခဲ့တဲ့ ဆရာဝန်ကို ကျွန်တော်က စိန်ခေါ်ပြီး ပြောချင်ပါတယ်။ ကျွန်တော့်မှာ ဒီလိုလုပ်ဖို့ အခွင့်အရေးရှိပြီးသားလို့လည်း ယုံကြည်ထားပါတယ်။ အကြောင်းကတော့ ကျွန်တော်ဟာ ဒီကလေးရဲ့ဖခင် ဖြစ်နေလို့ပါပဲ။ ကျွန်တော့်အနေနဲ့ အဲဒီဆရာဝန်ကို ဆန့်ကျင်ရင်ဆိုင်ဖို့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်လည်း ချထားခဲ့ပြီးပါပြီ။ ဒါပေမဲ့လည်း တကယ့်လက်တွေ့မှာတော့ ကျွန်တော့်ရဲ့ ထင်မြင်ချက်တွေကို နှလုံးသားထဲမှာပဲ တိတ်တဆိတ် ထုတ်ဖော်ပြောဆိုနိုင်ခဲ့ပါတယ်။ ကျွန်တော်က သားဖြစ်သူကို နားလည်းကြားရမယ်။ စကားလည်း ပြောနိုင်စေရမယ်လို့ စိတ်ထဲယုံကြည်စွာ ဆုံးဖြတ်ထားလိုက်တယ်။ လောလောဆယ် အခြေအနေအရ သဘာဝတရားကြီးဟာ အကြားအာရုံအတွက် အင်္ဂါအစိတ်အပိုင်း လုံးဝမပါတဲ့ ကလေးတစ်ယောက်ကို ကျွန်တော့်ဆီ ပို့ခဲ့ပါတယ်။ ဒါပေမဲ့ သူက ကျွန်တော့်စိတ်ကို ဖိစီးနှိပ်စက်မှု အမှန်ဖြစ်စေမယ့် အခြေအနေတွေအပေါ် အရှိအတိုင်း လက်ခံပေးဖို့ တိုက်တွန်းပြောဆိုခဲ့တာ မရှိပါဘူး။

ကျွန်တော့်စိတ်ထဲမှာတော့ ကျွန်တော့်သားလေးက နားလည်းကြားရမယ်၊ စကားလည်း ပြောနိုင်ရမယ်လို့ အခိုင်အမာ ယုံကြည်နေတုန်းပါပဲ။ ကျွန်တော့်သားလေး ကြားနိုင်၊ ပြောနိုင်ဖို့အတွက် နည်းလမ်းတစ်ခုခုတော့ ရှိကိုရှိရမယ်လို့ ကျွန်တော် ယုံကြည်ထားတယ်။ အဲဒီနည်းလမ်းကို တွေ့အောင် ရှာမယ်လို့လည်း ကျွန်တော် ဆုံးဖြတ်ထားပါတယ်။

ကျွန်တော်က **ထင်ပေါ်ကျော်ကြားတဲ့ အတွေးအခေါ်ပညာရှင်လည်းဖြစ်–စာရေးဆရာလည်းဖြစ်တဲ့ 'အမ်မာဆန်' (Emerson)** ရဲ့ ပြောစကားတွေကို ပြန်လည်ကြားယောင်ခဲ့မိတယ်။ 'အမ်မာဆန်' က အခုလို ပြောခဲ့ဖူးပါတယ်။

"အဖြစ်အပျက်တွေအားလုံးဟာ ကျွန်ုပ်တို့ကို ယုံကြည်မှုရှိလာအောင် သင်ပြပေးလေ့ရှိတယ်။ ကျွန်ုပ်တို့ဘက်က နာခံမှုတစ်ခုသာ လိုအပ်ပါတယ်။ ကျွန်ုပ်တို့ တစ်ဦးချင်းစီအတွက် လမ်းညွှန်ချက်တွေလည်း ရှိထားပြီးဖြစ်တယ်။ ကျွန်ုပ်တို့ ဘာလုပ်ရမယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာကို ဖြည်း

mgyoe.com

mgyoe.com SAMPLE BOOK


ညင်းစွာ နားထောင်နိုင်ရမယ်။ ကျွန်ုပ်တို့က မှန်ကန်တဲ့ စကားတွေကိုသာ နားထောင်ရမှာဖြစ်တယ်"။ 'အမ်မာဆန်' ပြောသွားခဲ့တဲ့ မှန်ကန်တဲ့ စကားတွေဆိုတာဟာ ပြင်းပြတဲ့ အလိုဆန္ဒကို ရည်ညွှန်းလျက်ရှိတယ်။ အဲဒီ ပြင်းပြတဲ့ အလိုဆန္ဒဟာ ကျွန်တော့်သား ဆွံ့အ–နားမကြားတာ မဖြစ်စေရဘူး ဆိုတဲ့ ကျွန်တော့်ရဲ့ စိတ်ဆန္ဒတွေကို ရည်ညွှန်းလျက်ရှိပါတယ်။ ကျွန်တော့်ရဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒဟာ ဘယ်တော့မှ နှစ်ခါပြန်စဉ်းစားစရာမလိုအောင်နဲ့ ကျွန်တော်ဖြစ်ချင်တဲ့ ဆန္ဒတွေကို ဘယ်တော့မှ နောက်မဆုတ်စတမ်း ဆက်လက်အားထုတ်ဖို့ တွန်းအားပေးနိုင်ခဲ့တာ တွေ့ရပါတယ်။

ကျွန်တော့်က အိပ်ရာပေါ်လှဲလိုက်ရင်း ကျွန်တော့်ရှေ့တည့်တည့်က မွေးကင်းစ သားငယ်လေးကို ကရုဏာသက်စွာနဲ့ ကြည့်နေမိတယ်။ သူ့ခမျာ အကြားအာရုံ ခံစားသိရှိနိုင်စေမယ့် သဘာဝအဆင်တန်ဆာ လုံးဝ မပါရှိတော့ ကျွန်တော် စိတ်မကောင်းဖြစ်မိတာပေါ့။ တကယ်လို့များ သူကြီးပြင်းလာချိန် သူ့ဘဝက အခုလို ရုပ်ပျက်–ဆင်းပျက် ဖြစ်နေတာသိရင် ခံနိုင်ရည်ရှိပါ့ မလား? လို့လည်း စဉ်းစားမိပြန်ပါတယ်။ အမှန်တကယ်လည်း မိခင် သဘာဝတရားကြီးရဲ့ ဖန်တီးထိန်းချုပ်နိုင်စွမ်းတွေက သူ့အကန့်အသတ်နဲ့သူ ရှိနေတာလား? လို့လည်း တွေးစရာ ဖြစ်လာပါတယ်။

ကျွန်တော်ဟာ သနားစရာကောင်းတဲ့ ကလေးအတွက် နားကြား ကိရိယာတွေရဲ့ အကူအညီမပါရှိဘဲ သူ့ဦးနှောက်ထဲကို အသံတွေ ပို့ဆောင် ပေးနိုင်မယ့် နည်းလမ်းကို ပြင်းပြတဲ့ စိတ်ဆန္ဒနဲ့ ရှာဖွေခဲ့ပါတယ်။

ကျွန်တော့်ကလေးဟာ ကျွန်တော်နဲ့ ပူးပေါင်းဆောင်ရွက်ပေးနိုင်တဲ့ အရွယ်မရှိသေးတာကြောင့် နားမကြားနိုင်တဲ့ ကလေးရဲ့ စိတ်ထဲကို နားကြား ချင်တဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒတွေ ပြည့်ဝအောင် ထည့်ပေးထားဖို့ ဆုံးဖြတ် လိုက်ပါတယ်။ ဒါမှသာ ကလေးရဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒတွေကြောင့် ရုပ်ပိုင်း ဆိုင်ရာအရ အမှန်တကယ် နားကြားနိုင်သလိုမျိုး ခံစားရစေမှာ ဖြစ်ပါတယ်။

အထက်ပါ အစီအစဉ်တွေအားလုံးဟာ ကျွန်တော့်စိတ်ထဲကနေ တွေးနေတဲ့အရာတွေဖြစ်ပြီး အခြား ဘယ်သူ့ကိုမှလည်း အဲဒီအကြောင်းတွေ ပြောမပြခဲ့ပါဘူး။

ကျွန်တော်က နေ့စဉ်တိုင်း အထက်ပါအစီအစဉ်တွေကို အကောင်

mgyoe.com

mgyoe.com SAMPLE BOOK

အထည်ဖော်ဖို့ စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တွေဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် နှိုးဆော်နေလေ့ရှိပါတယ်။ ကျွန်တော် စဉ်းစားဆုံးဖြတ်ပြီးတဲ့ ကိစ္စတစ်ခုကို အောင်မြင့်စွာ အကောင်အထည် မဖော်နိုင်မချင်း လက်မလျှော့ချင်ခဲ့ပါဘူး။ အကြောင်းကတော့ ကျွန်တော့်ရှေ့ နေ့စဉ် မြင်တွေ့နေရတဲ့ ကျွန်တော့်သားက မစွမ်းမသန် ဆွံ့အ–နားမကြားဖြစ်နေတဲ့ အခြေအနေကို လွယ်လွယ်လေး အလျှော့ပေးပြီး လက်မခံနိုင်တာကြောင့် ဖြစ်ပါတယ်။

ကျွန်တော့်သားက တဖြည်းဖြည်း အရွယ်ရောက်လာချိန် သူ့ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်း မပြည့်စုံတာကို တစ်နည်းမဟုတ် တစ်နည်းနဲ့ သိလာတော့မှာဖြစ်လို့ ကျွန်တော်က အစောကြီးကတည်းကနေ အကောင်းဆုံးနည်းလမ်းကို မတွေ့တွေ့အောင် ရှာရတော့မှာ ဖြစ်ပါတယ်။ နောက်တော့ သေချာလေ့လာချက်တွေအရ ကလေးက လုံးလုံးလျားလျား မကြားနိုင်တာ မဟုတ်ဘဲ အနည်းအကျဉ်းလောက်တော့ ကြားနိုင်တယ်ဆိုတဲ့အချက်ကို ရှာဖွေတွေ့ရှိခဲ့တယ်။

ဒီလိုနဲ့ ကလေးက စကားစပြောခါစအရွယ်ကို ရောက်လာတဲ့အခါ စကားပြောဆိုနိုင်ဖို့ လုံးဝ အားမထုတ်တဲ့အချက်ကို တွေ့လိုက်ရတယ်။ ဒါပေမဲ့ ကလေးက ကျွန်တော်တို့ရဲ့ ပြောစကားတွေ၊ ပတ်ဝန်းကျင်က အသံတွေကို အနည်းအကျဉ်းမျှ ကြားနိုင်တယ်ဆိုတာကို သူ့ရဲ့ အပြုအမူ၊ လှုပ်ရှားမှုတွေအရ ကျွန်တော်တို့ သိခွင့်ရရှိခဲ့ပါတယ်။ ဒါဟာ ကျွန်တော် သိဖို့လိုအပ်တဲ့ အရေးကြီးတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ ဒီအခြေအနေအရ ကျွန်တော် ကောင်းစွာ သဘောပေါက်လိုက်တယ်။ အဲဒါကတော့ အခုလို ငယ်ရွယ်နုနယ်သေးချိန်မှာ အသံတွေကို တိုးညင်းစွာ ကြားနိုင်တယ်ဆိုရင် သူ့လက်ရှိထက် ပိုပိုပြီး အရွယ်ရောက်လာချိန် ကြားနိုင်စွမ်းကလည်း ပိုပြီး မြင့်မားလာနိုင်တယ်လို့ မျှော်လင့်ချက်ထားရှိနိုင်ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီနောက် သိပ်မကြာခင် ကျွန်တော့်ကို မျှော်လင့်ချက်ကြီးကြီးမားမား ပေးနိုင်တဲ့ အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါကတော့ လုံးဝကြိုတင် မထင်မှတ်ထားတဲ့ အရင်းအမြစ်တစ်ခုပါပဲ။ အဲဒါကတော့ Victrola အမှတ်တံဆိပ် (ရှေးကျတဲ့) ဓာတ်စက်တစ်ခုကို ကျွန်တော်တို့ ဝယ်ယူမိခြင်းပါပဲ။ ဓာတ်စက်ကနေ ဖွင့်တဲ့ သီချင်းတွေကို ကလေးက ပထမ

mgyoe.com

mgyoe.com SAMPLE BOOK

ဆုံးကြားရတဲ့အချိန်မှာ စိတ်ကျေနပ်၊ ပီတိဖြစ်သွားပြီး ချက်ချင်းဆိုသလို ဓာတ်စက်နား အပြေးရောက်ကာ မောင်ပိုင်စီးပါတော့တယ်။ ဒီမြင်ကွင်း၊ ဒီအဖြစ်အပျက်ကပေးတဲ့ စိတ်ကျေနပ်စရာကောင်းခြင်းတွေကို ကျွန်တော့် ဘဝတစ်သက်တာမှာ ဘယ်တော့မှ မေ့နိုင်မယ် မထင်တော့ပါဘူး။ မကြာခင် မှာပဲ ကျွန်တော့်သားက သူနှစ်သက်တဲ့ သီချင်းခွေတွေကို ကိုယ်တိုင်ရွေးထုတ် ပြီး ဖွင့်ခိုင်းပါတော့တယ်။ သူနှစ်သက်တဲ့ ဓာတ်ပြားတစ်ခုကတော့ "It's a long way to Tipperary" အမည်ရှိတဲ့ ဓာတ်ပြားဖြစ်ပါတယ်။

ကျွန်တော့်သားက အဲဒီသီချင်းကို အရမ်းကြိုက်နေပြီး အစကနေ အဆုံးအထိ အကြိမ်ကြိမ် ပြန်ဖွင့်ပြီး နားထောင်လိုက်တာ အချိန်နှစ်နာရီ တောင် ကြာမြင့်ခဲ့ပါတယ်။

သူက ဓာတ်ပြားထည့်တဲ့ ဘူးအနားစွန်းကို သွားနဲ့ မြဲနေအောင် ကိုက်ပြီး ဓာတ်စက်ရှေ့မှာ မလှုပ်မယှက် မတ်တတ်ရပ်လျက် နားထောင်နေခဲ့ တာဖြစ်ပါတယ်။ ဒီအနေအထားကိုကြည့်ပြီး ကျွန်တော့်သားက ကိုယ်ပိုင် အလေ့အထတစ်ခုကို သူ့ဘာသာ တည်ဆောက်ခဲ့တာလား? ဆိုတာကိုတော့ ကျွန်တော် သေချာ နားမလည်နိုင်ခဲ့ပါဘူး။ နောက်ပိုင်းမှာတော့ ဦးခေါင်းခွံရဲ့ အရိုးတွေကတစ်ဆင့် လွှင့်ထုတ်တဲ့ တုန်ခါမှုတွေကို Cochlea ခေါ် ဝက်အူရစ် သဏ္ဍာန် နားအတွင်းပိုင်း ခရုပတ်သို့ ရောက်ရှိစေကာ ထိုမှတစ်ဆင့် အကြားအာရုံကြောတွေကြောင့် အသံကို ကြားရစေတယ်ဆိုတဲ့ အချက်ကို ကျွန်တော် နားလည်နိုင်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့ လေ့လာတွေ့ရှိချက်အရ ကလေးက ဓာတ်စက်ကလာ တဲ့အသံကို နှစ်သက်စွာ ကြားရတာဟာ သူ့ရဲ့ နားအနောက်ဘက်မှာရှိတဲ့ **"Mastoid"** ခေါ်တဲ့ (သားမြတ်–နို့သီးနဲ့တူတဲ့) အရိုးကို အသံလှိုင်း ရိုက် ခတ်တာကြောင့်ဖြစ်စေ၊ စကားပြောနေတဲ့ ကျွန်တော့်နှုတ်ခမ်းတွေက အဲဒီ mastoid အရိုးကို ထိမိနေတာကြောင့်ဖြစ်စေ၊ ear canal ခေါ်တဲ့ နား အတွင်းဘက်လမ်းကြောင်း အနီးရှိ ကလေးရဲ့ မေးရိုးနေရာမှာ အသံဖြစ်ပေါ် စေခြင်းကြောင့်ဖြစ်စေ၊ ကလေးက အသံတွေကို ကြားရတာဖြစ်ပါတယ်။

အဲဒီရှာဖွေတွေ့ရှိမှုဟာ ကျွန်တော့်သား စကားပြောနိုင်စေဖို့နဲ့ နား ကြားစေဖို့အတွက် အထောက်အကူပြုနိုင်တာကို သိလိုက်ရတာကြောင့်
mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်တော့်သားအတွက် အကောင်းဆုံး ဖြစ်စေချင်တဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒအား အလိုကျစေခဲ့ပါတယ်။

ထိုအတောအတွင်း ကျွန်တော့်သားက သူပြောချင်တဲ့ စကားလုံးတွေကို စတင် အစမ်းပြောလာတာ တွေ့လိုက်ရပါတယ်။ ဒါပေမဲ့လည်း လုံးလုံးလျားလျား စကားပြောဆိုနိုင်ဖို့က အလှမ်းဝေးနေပါသေးတယ်။ သို့သော်လည်း ယုံကြည်မှုရဲ့ ကျောထောက်နောက်ခံအရ ဖြစ်ပေါ်လာတဲ့ အလိုဆန္ဒဟာ မဖြစ်နိုင်ဘူး၊ မဖြစ်တော့ဘူးဆိုတဲ့ စကားလုံးတွေကို ချေဖျက်နိုင်စွမ်း ရှိခဲ့ပါတယ်။ ကျွန်တော့်ကလေးက ကျွန်တော်ပြောတဲ့ စကားသံတွေကို သိသိသာသာ ကြားကို ကြားစေရမယ်လို့ စိတ်ပိုင်းဖြတ်ပြီးတဲ့နောက် ကျွန်တော်ဟာ သားဖြစ်သူ နားကြားချင်စိတ်နဲ့ စကားပြောချင်စိတ်တွေ ပြင်းပြလာအောင် လုပ်ဆောင်ပေးခဲ့ပါတယ်။ ကျွန်တော့်က ကလေး စကားမပြောပြောအောင် လှုံ့ဆော်ပေးရာကတစ်ဆင့် ကလေးကိုယ်တိုင် စကားပြောချင်စိတ်တွေ ဖြစ်ပေါ်လာပြီး စကားပြောနိုင်အောင် အမျိုးမျိုး ကြိုးစားတာ တွေ့လာရပါတယ်။

နောက်တော့ ညအိပ်ရာဝင်ခါနီးတိုင်း ကလေးကို ပုံပြင်ဖတ်ပြပေးလိုက်တယ်။ အဲဒီနောက်ပိုင်း ကလေးက ညအိပ်ခါနီးတိုင်း ပုံပြင်နားထောင်ရတာကို နှစ်သက်လာပြီး သူ တတ်နိုင်သမျှ စကားလုံးတွေ နှုတ်က ထွက်နိုင်အောင် ကြိုးစားလာတာ တွေ့ရပါတယ်။

ကျွန်တော်က သားဖြစ်သူ စိတ်ဓာတ်ကြံ့ခိုင်အောင်၊ ကိုယ့်ကိုယ်ကိုယ် အားကိုးတတ်အောင်၊ ကိုယ်ပိုင်စဉ်းစား ဆုံးဖြတ်နိုင်စွမ်းရှိအောင်နဲ့ အရာရာ ရင်ဆိုင်ရဲတဲ့ သတ္တိရှိအောင် ပျိုးထောင်ပေးတဲ့အနေနဲ့ သူ စိတ်ဝင်တစားဖြစ်စေမယ့် ပုံပြင်၊ ဇာတ်လမ်းတွေ၊ စိတ်ဓာတ်ကြံ့ခိုင်ရေး ဇာတ်လမ်းတွေ ကိုယ်တိုင်ဖန်တီးပြီး သူ့ကို ပြောပြပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်သားလေးက နားကြားချင်တဲ့စိတ်တွေ တဖြည်းဖြည်း ပြင်းပြလာခဲ့တာ တွေ့ရပါတယ်။

ကျွန်တော်က သားဖြစ်သူရဲ့ စိတ်ထဲကို "မစွမ်းမသန်ခြင်းဟာ ဝန်ထုပ်ဝန်ပိုးမဟုတ်ဘူး" ဆိုတဲ့အသိ ရိုက်သွင်းပြီး စိတ်ဓာတ်ကျ—မျှော်လင့်ချက်မဲ့စရာ အတွေးတွေအစား "မစွမ်းမသန်ခြင်းဟာ အဖိုးတန် အရည်အသွေး

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ခုဖြစ်တယ်" ဆိုတဲ့ ယုံကြည်ချက်ကို ခိုင်မာအောင် ပျိုးထောင်ပေးခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ "ဘေးဒုက္ခ အခက်အခဲတိုင်းဟာ ဆိုးကျိုးတွေသက်သက်သာ ယူဆောင်လာတာမဟုတ်ဘဲ အားသာချက်/တစ်ပန်းသာမှုဆိုတဲ့ မျိုးစေ့ကိုပါ ယူဆောင်လာတတ်တယ်"...လို့ အပြည့်အဝ ယုံကြည်လက်ခံထားပါတယ်။ တကယ်တော့ အဲဒီအတွေးအခေါ် ရှုမြင်ချက်ဟာ တစ်ဖက်သတ်မဆန်၊ သဘာဝကျတဲ့ အတွေးအခေါ်ဖြစ်တာကြောင့် အဲဒီအတွေးအခေါ်ကို လက်ကိုင်ထားပြီး အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ဖို့ ဆုံးဖြတ်ထားပါတယ်။ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ကျွန်တော့်သားရဲ့ မွေးရာပါ နားမကြား၊ စကားမပြောနိုင်တဲ့ ချို့ယွင်းချက်ဟာ အဖိုးတန် အရည်အချင်းတစ်ခုဖြစ်လာရမယ်လို့ ကျွန်တော် ယုံကြည်မျှော်လင့်ထားခြင်း မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ကိုယ်တိုင် ယုံကြည်မှုပျောက်ပြီး မျှော်လင့်ချက်နည်းနေခဲ့မယ်ဆိုရင် ကျွန်တော့်ကလေးအတွက် အခြေအနေတွေ ပိုပြီးဆိုးနိုင်တာကြောင့် ကျွန်တော်က သူ့ကို ငယ်စဉ်ကတည်းက မှန်ကန်တဲ့အတွေးအခေါ်တွေ ရိုက်သွင်းပေးခဲ့ရတာ ဖြစ်ပါတယ်။ ဒါမှလည်း ကလေးကမသန်မစွမ်းတွေမှာ ထူးခြားတဲ့ အရည်အသွေးတွေ ရှိနေတာကြောင့် လူတကာမလုပ်နိုင်တဲ့ကိစ္စတွေ ရည်ရွယ်ချက်ထားပြီး လုပ်နိုင်တယ်ဆိုတဲ့ အတွေးအခေါ် ရင့်သန်လာမှာ ဖြစ်ပါတယ်။

အကြောင်းအကျိုးညီစွာ စဉ်းစားတွေးခေါ်မယ်ဆိုရင် ကလေးကိုသဘာဝတရားကြီးက အကြားအာရုံ ပြည့်စုံစေမယ့် အင်္ဂါအစိတ်အပိုင်းချို့တဲ့စေခဲ့ခြင်းအပေါ် မကျေမနပ်ဖြစ်တာ၊ ကလေးရဲ့ စကားမပြောနိုင်ခြင်းနဲ့ နားမကြားနိုင်ခြင်းအပေါ် ကရုဏာသက်တာ၊ ကလေးရဲ့ နောင်ရေးအတွက် စိုးရိမ်ပူပန်တာတွေဟာ လက်တွေ့ ဘာမှ အကျိုးမပြုနိုင်တာကြောင့် လက်တွေ့ အသုံးတည့်ပြီး ကောင်းကျိုးပြုမယ့် (ယုံကြည်မှု ကျောထောက်နောက်ခံထားတဲ့ ပြင်းပြတဲ့ အလိုဆန္ဒ) ရှိထားဖို့ကသာ ပိုပြီး အရေးပါနေတာတွေ့ရပါတယ်။

ကျွန်တော့်ရဲ့ အတွေ့အကြုံတွေကို ပြန်ပြောင်းလေ့လာ ခွဲခြမ်းစိတ်ဖြာလိုက်တဲ့အခါ ကျွန်တော့်သားက ကျွန်တော့်အပေါ် အပြည့်အဝ ယုံကြည်နေ

mgyoe.com

တဲ့အချက်ကို တွေ့ရပြီး သူ့အနာဂတ် အကောင်းအဆိုးကလည်း ကျွန်တော့် အပေါ် လုံးဝ မူတည်နေတာကို တွေ့လိုက်ရပါတယ်။ ကျွန်တော့်သားက ကျွန်တော် ပြောဆိုသမျှတိုင်းကို အပြည့်အဝ နားထောင်လိုက်နာတာကလွဲပြီး ဘာတစ်ခွန်းမှကို မေးခွန်းထုတ်ခြင်းလည်း မရှိခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော့် ဘက်က မှန်ကန်တဲ့ အတွေးအခေါ်နဲ့ အသိအမြင်တွေကို ကလေးစိတ်ထဲ စွဲမြဲအောင် ရိုက်သွင်းပေးနိုင်ဖို့သာ အဓိက ကျနေခဲ့ပါတယ်။ ဒါဟာ ကျွန်တော့်ရဲ့ သားငယ်မှာရှိနေတဲ့၊ သူ့အစ်ကိုထက် သာလွန်တဲ့ အားသာချက် ဖြစ်နေခဲ့ပါတယ်။

ကျွန်တော့်သားငယ်ရဲ့ နားကြားနိုင်စွမ်းက နောက်ပိုင်းမှာ တဖြည်းဖြည်း သိသိသာသာ တိုးတက်လာတာ တွေ့ရပါတယ်။ ကလေးက အသက် ခုနစ်နှစ်အရွယ်ရောက်ချိန်မှာ သူ့ရဲ့ စိတ်ခံစားချက်တွေနဲ့ ဦးနှောက်အသိ ဉာဏ်တွေက အတော်အတန် ရင့်ကျက်–နားလည်နေပြီဖြစ်ပါတယ်။

ကျွန်တော့်သားငယ်က မသန်စွမ်းတစ်ယောက်ဖြစ်ပေမဲ့ သတင်းစာ ရောင်းချင်တယ်လို့ အကြိမ်ကြိမ် ပူဆာခဲ့တာ လပေါင်းအတော်ကြာမြင့်ခဲ့ ပါပြီ။ ဒါပေမဲ့ မိခင်ဖြစ်သူက နားမကြားတဲ့ သူ့ကလေးအတွက် ဘေးကင်း လုံခြုံမှု မရှိမှာကို စိုးရိမ်ပြီး သဘောမတူခဲ့ပါဘူး။ အထူးသဖြင့် သတင်းစာ ရောင်းဖို့ လမ်းပေါ် တစ်ယောက်တည်း သွားလာတာမျိုးကို အရမ်းစိတ်ပူ နေခဲ့ပါတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ ကျွန်တော့်သားငယ်က ကိစ္စအတော် များများကို သူ့ခြေ၊ သူ့လက်နဲ့ တာဝန်ယူ လုပ်ကိုင်နိုင်စွမ်း ရှိလာခဲ့ပါတယ်။

တစ်ခုသော နေ့လယ်ခင်းတစ်ခုမှာ သူက အိမ်အကူတွေနဲ့ အိမ်မှာ ကျန်ရစ်ခဲ့တုန်း မီးဖိုချောင် ပြတင်းပေါက်ကနေ မြေပြင်ပေါ် ခုန်ဆင်းလိုက် တယ်။ ပြီးတော့ အိမ်နီးချင်းဖြစ်တဲ့ ဖိနပ်ချုပ်သမားဆီက ပိုက်ဆံခြောက်ဆင့် ခဏချေးပြီး သတင်းစာတွေရောင်းဖို့ စတင်လိုက်တယ်။ သတင်းစာအားလုံး ကုန်သွားပြီး နောက်တစ်ခေါက်မှာလည်း အဲဒီအတိုင်း အရင်းစိုက်ပြီး အမြတ် ကျန်အောင် သတင်းစာတွေ ရောင်းနိုင်ခဲ့တယ်။ ဒီလိုနဲ့ ညနေပိုင်းရောက်တော့ သူချေးခဲ့တဲ့ ငွေခြောက်ဆင့်ကို အိမ်နီးချင်း ဖိနပ်ချုပ်သမားဆီ ပြန်ဆပ်နိုင်ခဲ့ပြီး သူ့အိတ်ထဲ အမြတ်အစွန်းငွေ '၄၂ ဆင့်' အထိ ဝင်အောင် လုပ်နိုင်ခဲ့တယ်။ အဲဒီနေ့ည ကျွန်တော်တို့ အိမ်ပြန်ရောက်တော့ ကျွန်တော့်သားငယ်ရဲ့

mgyoe.com

mgyoe.com  SAMPLE BOOK 

လက်ထဲ ပိုက်ဆံတွေကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အိပ်ပျော်နေတာကို တွေ့လိုက်ရတယ်။

သူ့အမေက သားငယ်ရဲ့လက်ကိုဖြေပြီး ငွေအကြွေစေ့တွေကို ယူကာ ရေတွက်ကြည့်လိုက်တယ်။ ပြီးတော့ မိခင်က အားပါးတရ ငိုချလိုက်ပါတော့တယ်။

အမေဖြစ်သူငိုတာဟာ ဝမ်းနည်းလို့မဟုတ်ဘဲ သူ့သားငယ်လေးရဲ့ ပထမဆုံး အောင်မြင်မှုအတွက် ဂုဏ်ယူ–ဝမ်းမြောက်ပြီး ငိုမိတာဖြစ်တယ်။ ကျွန်တော့်ရဲ့ တို့ပြန်ချက်ကတော့ ဇနီးသည်နဲ့ ဆန့်ကျင်ဘက်ပေါ့။ ကျွန်တော်က သူ့မ,လို မငိုဘဲ အားရပါးရ ရယ်ချလိုက်တယ်။ ကျွန်တော့် သားငယ်ရဲ့စိတ်ထဲ ကိုယ့်ကိုယ်ကိုယ် အားကိုးတတ်အောင်၊ အရာရာကို ကြောက်ရွံ့ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ ရင်ဆိုင်တတ်အောင် အတွေးအခေါ် အသိပညာတွေ ရိုက်ထည့်ပေးရကျိုး နပ်ခဲ့ပြီပေါ့။ ကျွန်တော့်ရဲ့ လေ့ကျင့်ပျိုးထောင်မှုတွေရော၊ ကလေးရဲ့ လက်တွေ့ကျင့်ကြံ အားထုတ်မှုတွေရော တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ အောင်မြင်မှု ရခဲ့ပါပြီ။ ဒါကိုကြည့်ရင် ဘယ်သူမဆို ကိုယ်လုပ်ချင်၊ ဖြစ်ချင်ရာကို လက်တွေ့ လုပ်နိုင်၊ ဖြစ်နိုင်စေဖို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့ ပြင်းပြတဲ့စိတ်ဆန္ဒ ထားရှိဖို့က အဓိကကျတယ်ဆိုတာ ထင်ရှားနေပါပြီ။

မိခင်ဖြစ်သူအနေနဲ့ နားမကြားတဲ့ သူ့သားငယ်လေးဟာ ဝင်ငွေရဖို့ လမ်းတွေပေါ် စွန့်စားလျှောက်လှမ်းရင်း သူ့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခု လုပ်နိုင်ခဲ့တယ်လို့ ရှုမြင်ပါတယ်။ ဖခင်ဖြစ်သူ ကျွန်တော့်အမြင်ကတော့ ရဲရင့်ပြီး ရည်မှန်းချက်ကြီးတဲ့၊ ကိုယ့်ကိုယ်ကိုယ် အားကိုးနိုင်စွမ်းရှိတဲ့ စီးပွားရေးလုပ်ငန်းရှင် ပေါက်စကလေးဟာ အရင်းအနှီးနည်းနည်းနဲ့ လုပ်ငန်းစတင်ပြီး အကျိုးအမြတ်များများရအောင် လုပ်နိုင်စွမ်း ရာနှုန်းပြည့်ရှိသူတစ်ယောက် အဖြစ် ရှုမြင်ပါတယ်။ ဘာကြောင့်ဆိုတော့ ကလေးက အကျိုးအမြတ်ရဖို့ သေချာတဲ့ စီးပွားရေးတစ်ခုကို စတင်လုပ်ကိုင်လိုက်ချိန်မှာပဲ လက်တွေ့ အောင်မြင်အောင် လုပ်နိုင်ခဲ့လို့ပါ။ နောက်ပြီး ကျွန်တော့်သားငယ်ရဲ့ အရောင်းအဝယ်လုပ်ငန်းကိစ္စအပေါ် အခြေခံကျကျ နားလည်နိုင်စွမ်းရှိမှု၊ ရှိနေ၊ ပိုင်ဆိုင်နေတဲ့ အရင်းအနှီးနဲ့ သင့်လျော်လိုက်ဖက်တဲ့ စီးပွားရေးကို

mgyoe.com

အဲဆင်ပြေပြေ ရွေးချယ်တတ်မှုတွေက ကျွန်တော့်ကို စိတ်ကျေနပ်မှု ပေးနိုင်ရုံ မက သူ့ဘဝ တစ်သက်တာအတွက်ပါ ကောင်းကျိုးပြုမယ့် အရင်းအမြစ်တွေ ဖြစ်လာတော့မှာ ဖြစ်ပါတယ်။

ကျွန်တော့်သားအကြီးဖြစ်သူက သူလိုချင်တာ မရခဲ့ရင် ကြမ်းပြင်ပေါ် လှဲချပြီး ခြေထောက်နှစ်ချောင်း လေထဲကန်ပြလေ့ရှိတယ်... ပြီးတော့ ငိုတယ်၊ လိုချင်တာမှန်သမျှကို ဒီလိုနည်းနဲ့ တောင်းဆိုတာပေါ့။

ကျွန်တော့်သားငယ်ကတော့ တစ်စုံတစ်ရာ အလိုရှိတယ်၊ လုပ်ချင် တယ်ဆိုရင် သူ့ဘာသာသူ အစီအစဉ်ဆွဲပြီး အကောင်းဆုံးဖြစ်အောင် လက် တွေ့အကောင်အထည်ဖော်လေ့ရှိတယ်။ သားငယ်က သူ့ဘဝတစ်လျှောက် လုံးကို အဲဒီအတိုင်း တောက်လျှောက်ကျင့်ကြံ နေထိုင်သွားနိုင်ခဲ့တယ်။

ကျွန်တော့်သားငယ်က **"မသန်စွမ်းသူတွေဟာ သာမန်အားဖြင့် သူတို့မစွမ်းဆောင်နိုင်တဲ့ အခက်အခဲတွေကို သူတို့အမြင့်ကို တက်လှမ်းရာမှာ အထောက်အကူပြုနိုင်မယ့် ကြားခံအဆင့်အဖြစ် အသွင်ပြောင်းပေးနိုင်" ကြောင်း သင်ပြသွားခဲ့ပါတယ်။**

လက်တွေ့ဘဝမှာ အတားအဆီး အခက်အခဲတွေကို အတားအဆီး အခက်အခဲတွေအဖြစ် အသိအမှတ် မပြုမချင်း ဘယ်လောက်ပဲ ဝေးကွာတယ် ဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်ဆီသို့ ရောက်အောင် လျှောက်လှမ်းနိုင်ပါလိမ့် မယ်။

အကြားအာရုံ အားနည်းလွန်းလှတဲ့ ကျွန်တော့်သားငယ်ဟာ မူလ တန်း၊ အလယ်တန်းနဲ့ အထက်တန်းသာမက ကောလိပ်ရောက်တဲ့အထိ ဆရာ၊ ဆရာမတွေ ပြောဆိုသင်ကြား ပို့ချတဲ့ သင်ခန်းစာတွေကို ကောင်းစွာ ကြားနိုင်ခြင်း မရှိခဲ့ပါဘူး။ ...သို့သော်လည်း ဆရာတွေနဲ့ ကျောင်းသားတွေ က စကားကို အော်ဟစ်ပြောဆိုချိန်မှာတော့ ကြားနိုင်စွမ်း ရှိခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့က သူ့ကို ကျောင်းပညာသင်ဖို့ အထူးတလည် မတိုက်တွန်းလိုပဲ သာမန်ရိုးရှင်းတဲ့ဘဝနဲ့ ရှင်သန်ရပ်တည်စေချင်ခဲ့ပါတယ်။ ထိုအခါ ကျွန်တော်တို့မိသားစုရဲ့ အစီအစဉ်ကို သဘောမကျတဲ့၊ ကျွန်တော့် သားငယ်ကို ပညာဆက်သင်စေချင်တဲ့ ကျောင်းရဲ့ တာဝန်ရှိသူတွေနဲ့ စကား အချေအတင်ပြောဆို–တင်းမာမှုတွေ ဖြစ်ခဲ့ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော့်သားငယ် အထက်တန်းရောက်တဲ့အချိန် သူက နားကြား ကိရိယာနဲ့ ကျောင်းတက်ခဲ့တယ်။ ဒါပေမဲ့ နားကြားကိရိယာက သူ့အတွက် ထိရောက်တဲ့ အကူအညီ မဖြစ်စေခဲ့ပါဘူး။ ကောလိပ်ကျောင်းပြီးဖို့ နောက်ဆုံး ရက်သတ္တပတ်မှာတော့ ကျွန်တော့်သားငယ်ရဲ့ ဘဝအတွက် အရေးပါတဲ့ အလှည့်အပြောင်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

အဲဒါကတော့ အရင်ကထက်ပိုပြီး ကောင်းမွန်ထိရောက်တဲ့ နားကြားကိရိယာတစ်ခုကို ကျွန်တော့်သားငယ် ပိုင်ဆိုင်ခွင့်ရခဲ့လို့ ဖြစ်ပါတယ်။ အဲဒီ နားကြားကိရိယာဟာ သားငယ်အတွက် အတော်လေးကို အထောက်အကူ ပြုခဲ့ပြီး သူ့ဘဝတစ်လျှောက်လုံး အခြားလူတွေလိုမျိုး သာမန် ကြားနိုင်စွမ်း ရှိလိုတယ်ဆိုတဲ့ – **"ပြင်းပြတဲ့ အလိုဆန္ဒတွေက အမှန်တကယ်"** ဖြစ်လာခဲ့ ပါတယ်။ အဲဒီ နားကြားကိရိယာရဲ့ ကောင်းမှုကြောင့် သူ့ဘဝမှာ ပထမဆုံး အကြိမ် သာမန်ကြားနိုင်စွမ်းတစ်ခုကို ရလိုက်သလို ခံစားခဲ့ရပါတယ်။ ကျွန်တော့်သားငယ်က အရမ်းကို ပျော်ရွှင်နေရပါပြီ။ အကြောင်းကတော့ သူ့အတွက် ကောင်းကျိုးပြုတဲ့ နားကြားကိရိယာက သူ့ဘဝကို အဘက် ဘက်မှာ ကောင်းသော ပြောင်းလဲခြင်းတွေ ဖြစ်စေတော့မှာကို ကြိုသိနေလို့ ပါ။ သူက သာမန်ကြားနိုင်စွမ်း ရရချင်းမှာပဲ တယ်လီဖုန်းရှိရာ အပြေးသွားပြီး သူ့အမေဆီ ဖုန်းဆက်လိုက်တယ်။ သူ့အမေ ဖုန်းထဲက ပြန်ပြောတဲ့ စကားသံ တွေကို ပီပီသသ၊ ရှင်းရှင်းလင်းလင်း ကြားလိုက်ရလို့ အံ့သြဝမ်းသာမဆုံး ဖြစ်နေတယ်။ နောက်တစ်နေ့နံနက် ကောလိပ်မှာ အတန်းတက်တော့ ပရော် ဖက်ဆာပေးတဲ့ 'လက်ချာ' တွေကို ကောင်းစွာ ကြားရပြီး မှတ်သားနိုင်ခဲ့ တယ်။ သူငယ်စဉ် ကျောင်းသားဘဝကနေ အခုလို ကောလိပ်ကျောင်းတက် ချိန်အထိ ဆရာတွေပြောဆိုပို့ချတဲ့ သင်ခန်းစာကို ရှင်းရှင်းလင်းလင်း ကြား ခွင့်ရတာ ဒါ ပထမဆုံးအကြိမ်ပါပဲ။ ယခင်ကဆို ဆရာတွေနဲ့ ကျောင်းသား တွေ အော်ပြောတဲ့ အသံလောက်သာ တိုးတိုးလေး ကြားနိုင်ပေမဲ့ အခုဆို အခြားလူတွေနည်းတူ သာမန်အသံတွေကို သာမန်ကြားနိုင်စွမ်းရှိလာပြီပေါ့။ အခုတော့ သူက ရေဒီယိုအသံ၊ ရုပ်သံစက်က အသံ၊ ရုပ်ရှင်က အသံတွေကို ကြားနိုင်ပါပြီ။ ဒါဟာ သူပိုင်ဆိုင်–အသုံးပြုခွင့်ရခဲ့တဲ့ "changed world" ဆိုတဲ့ နားကြားကိရိယာလေးရဲ့ ကျေးဇူးကြောင့်ဖြစ်ပါတယ်။

mgyoe.com

ဒါကြောင့် ကျွန်တော်တို့ဟာ "သဘာ၀တရားကြီးရဲ့ အမှားတွေကို လက်ခံ၊ အသိအမှတ်မပြုဘဲ ငြင်းဆိုနိုင်စွမ်း ရှိလာခဲ့ပါပြီ။ ဒီလို ငြင်းဆိုနိုင်တာဟာ ကျွန်တော်တို့ရဲ့ အလိုဆန္ဒတွေအတိုင်း လုပ်ဆောင်ဖို့ ပြင်းပြတဲ့စိတ်ဆန္ဒနဲ့ ဖွဲ့ရှိခဲ့တာကြောင့် ဖြစ်ပါတယ်။

အလိုဆန္ဒဟာ အကျိုးအမြတ်ရရှိဖို့အတွက် စိုက်ထုတ်–ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး ပြီးပြည့်စုံတဲ့ အောင်မြင်မှု မရမချင်း ဆက်လက်ရှင်သန်နေဦးမှာ ဖြစ်ပါတယ်။

ကျွန်တော့်သားငယ်ဟာ ငယ်စဉ်ကတည်းက ရှိနေခဲ့တဲ့ သူ့ရဲ့ မစွမ်းဆောင်နိုင်တဲ့ အရာမှန်သမျှကို အဖိုးတန်ပိုင်ဆိုင်မှုတွေဖြစ်အောင် (ပြင်းပြတဲ့စိတ်ဆန္ဒအား အရင်းတည်ပြီး) ပြောင်းလဲပစ်နိုင်ခဲ့ပါတယ်။

ကျွန်တော့်သားငယ်ဟာ သာမန်လူတွေလို ကြားနိုင်တဲ့ အခြေအနေရောက်ခဲ့ရတာကို ဝမ်းသာကျေနပ်ပြီး အဲဒီ နားကြားကိရိယာ ထုတ်လုပ်ရောင်းချသူထံသို့ စာတစ်စောင် ရေးခဲ့ပါတယ်။

သူက စာထဲမှာ သူကြုံတွေ့ရတဲ့ စိတ်ပျက်စရာ အကြောင်းတွေနဲ့ အဲဒီနောက်ပိုင်း နားကြားကိရိယာသစ်ကြောင့် ဝမ်းသာစရာတွေ တစ်ခုပြီး တစ်ခု ကြုံလာရပုံတွေကို စိတ်လှုပ်ရှားဖွယ် ထည့်သွင်းရေးသားခဲ့ပါတယ်။

နောက်တော့ changed world နားကြားကိရိယာ ထုတ်လုပ်တဲ့ ကုမ္ပဏီက သူ့ကို နယူးယော့ခ်လာရောက်ဖို့ ဖိတ်ကြားပါတော့တယ်။

သူက နယူးယော့ခ်ကို ရောက်သွားချိန်မှာ ကုမ္ပဏီရဲ့ လုံခြုံရေးတွေက သူ့ကို ဘေးကနေ ခြံရံစောင့်ရှောက်ရင်း နားကြားကိရိယာ ထုတ်လုပ်ရေး စက်ရုံဆီ ခေါ်ဆောင်သွားခဲ့ကြတယ်။ စက်ရုံကိုရောက်တော့ ထုတ်လုပ်ရေးဌာနက အင်ဂျင်နီယာချုပ်နဲ့တွေ့ဆုံပြီး စကားပြောခွင့်ရခဲ့တယ်။ အင်ဂျင်နီယာချုပ်က changed world နားကြားကိရိယာ တပ်ဆင်ခြင်းနဲ့ပတ်သက်ပြီး သူ့ရဲ့အတွေ့အကြုံတွေကို မေးမြန်းခဲ့တယ်။ ဒီအခါ ကျွန်တော့်သားငယ်က အဲဒီ နားကြားကိရိယာကြောင့် သူအပါအဝင် ကျန်တဲ့ လူပေါင်း ထောင်၊ သောင်းများစွာအား ငွေကြေးရှာဖွေ စုဆောင်းခွင့်၊ စီးပွားရေးလုပ်နိုင်ခွင့်တွေ ရရုံသာမက စိတ်ပျော်ရွှင်မှုတွေကိုပါ အတိုင်းအတာမဲ့ပေးနိုင်ကြောင်း ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ နောက်ထပ်ပြောဆိုချက်ကတော့

mgyoe.com

mgyoe.com SAMPLE BOOK


သူ့အနေနဲ့ changed world နားကြားကိရိယာရဲ့ အကူအညီမပါဘဲ changed world နားကြားကိရိယာရဲ့ ကောင်းကျိုးကို သေချာနားလည် မသိရှိဘဲ ဘဝကို ဖြတ်သန်းနေသူ အားလုံးကို သူ့လိုမျိုး ကောင်းကျိုးရစေဖို့ ပြောပြချင်တဲ့ ဆန္ဒရှိနေကြောင်း၊ အခွင့်သာခဲ့မယ်ဆိုရင် နားမကြားသူတိုင်းကို changed world အကြောင်း ပြောဆိုအသိပေးပြီး ကယ်တင်လိုတဲ့ အကြောင်းတွေပေါ့။

သားငယ်ရဲ့ နောက်ဆုံးတင်ပြချက်ကတော့ သူ့ရဲ့ ကျန်ရှိတဲ့ ဘဝ အချိန်တွေမှာ နားကြားရခက်တဲ့သူတွေအတွက် ထိရောက်တဲ့ ဝန်ဆောင်မှု တစ်ခု လုပ်ပေးချင်တဲ့အကြောင်းပါ။ ကုမ္ပဏီအနေနဲ့လည်း သူ့ရဲ့ ကောင်းမွန်တဲ့ စိတ်ဆန္ဒကို လက်တွေ့ အကောင်အထည်ဖော်နိုင်အောင် ကူညီဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

အဲဒီနောက် ကျွန်တော့်သားငယ်က changed world နားကြားကိရိယာ ထုတ်လုပ်ရေးကုမ္ပဏီရဲ့ ဈေးကွက်စနစ် တစ်ခုလုံးအား နားလည်အောင် ခွဲခြမ်းစိတ်ဖြာ လေ့လာမှုတွေ လုပ်ခဲ့တယ်။ သူက အဲဒီအလုပ်တွေကို တစိုက်မတ်မတ် တစ်လကြာအထိ ကြိုးစားဆောင်ရွက်ပေးခဲ့တယ်။ ထိုအတောအတွင်း ကမ္ဘာတစ်ဝန်းမှာရှိတဲ့၊ နားကြားဖို့ အခက်အခဲရှိတဲ့သူတွေနဲ့ အမြန်ဆုံး ဆက်သွယ်နိုင်မယ့် နည်းလမ်းကို ရှာဖွေခဲ့တယ်။ အဲဒီလူတွေအားလုံး အခြားသော နားကြားကိရိယာ အမှတ်တံဆိပ်တွေနဲ့ သူ့လို အဆင်မပြေမှာကို သိနေတာကြောင့် အားလုံးကို changed world နဲ့ မိတ်ဆက်ပေးချင်နေခဲ့တာပေါ့။

နောက်တော့ သူ့ရဲ့ ရှာဖွေတွေ့ရှိချက်တွေနဲ့ပတ်သက်ပြီး နှစ်နှစ်ကြာ အစီအစဉ်တစ်ခု ရေးဆွဲလိုက်တယ်။ နောက်တော့ အဲဒီအစီအစဉ်ကို ကုမ္ပဏီထံ တင်ပြလိုက်တယ်။ ကုမ္ပဏီက သူ့ရည်ရွယ်ချက်နဲ့ အမြော်အမြင်ကို သဘောကျပြီး သူ့ရည်မှန်းချက်တွေအတိုင်း အောင်မြင်အောင်လုပ်ဖို့ သူ့ကို ရာထူးတစ်နေရာ သတ်မှတ်ပေးလိုက်တယ်။

ကျွန်တော့်သားငယ်ရဲ့ စိတ်ကူးအိပ်မက်တွေက ထောင်ပေါင်းများစွာသော လူတွေရဲ့ မျှော်လင့်ချက်ကို ပြည့်ဝစေခဲ့ပြီး သူတို့ရဲ့ နားမကြားနိုင်တဲ့ အားနည်းချက်ကြောင့် ခံစားရတဲ့ ဝေဒနာတွေလည်း လျော့ပါးစေခဲ့ပါတယ်။

mgyoe.com

အကယ်၍သာ ကျွန်တော့်သားငယ်က အခုလို မကူညီနိုင်ခဲ့ဘူးဆိုပါက သူတို့ရဲ့ အကြားအာရုံချို့ယွင်းမှုတွေနဲ့ပဲ ဘဝကို ခက်ခဲပင်ပန်းစွာ ဖြတ်သန်းရတော့မှာဖြစ်ပါတယ်။

ကျွန်တော့်သားငယ်က နားကြားကိရိယာ ထုတ်လုပ်ရေးလုပ်ငန်းနဲ့ အတော်အတန် ရင်းနှီးကျွမ်းဝင်လာတဲ့အခါ (သူ့ကုမ္ပဏီက ဦးစီးပြုလုပ်တဲ့ ဆွံ့အ–နားမကြားသူတွေ စကားပြောနိုင်၊ နားကြားနိုင်စေဖို့ ပြုလုပ်တဲ့သင်တန်း) ကို လာရောက်လေ့လာဖို့အတွက် ကျွန်တော့်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်တော့် ဘဝတစ်သက်တာအတွင်းမှာ အဲဒီလို ပညာပေးတဲ့ပုံစံကို တစ်ခါမှ မကြားဖူးခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော်က အဲဒီ သင်တန်းကို သွားရောက်လေ့လာဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီသင်တန်းမှာ နားမကြားတဲ့သူ၊ စကားမပြောနိုင်တဲ့သူတွေကို ထိရောက်စွာ သင်ကြားလေ့ကျင့်ပေးတာ တွေ့ရပါတယ်။ ကျွန်တော်က သားငယ်နဲ့ ပတ်သက်ပြီး နှစ်ပေါင်း ၂၀ ကြာ အတွေ့အကြုံရှိခဲ့တာကြောင့် သင်တန်းသားတွေအပေါ် ကိုယ်စား စာနာစိတ်အပြည့်ထားရှိနိုင်ခဲ့ပါတယ်။

အကယ်၍ ကျွန်တော်နဲ့ ကျွန်တော့်ဇနီးကသာ သားငယ်ရဲ့စိတ်ကို အကောင်းဆုံးဖြစ်အောင် ပုံသွင်းပေးနိုင်ခဲ့ခြင်း မရှိခဲ့ပါက အခုလို အဆင်ပြေချောမွေ့စွာ အောင်မြင်တဲ့ ဘဝမျိုးကို ပိုင်ဆိုင်နိုင်တော့မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့သားငယ်ကို မွေးခါစမှာ ဆရာဝန်က ကလေးဟာ ဘယ်အသံကိုမှ ဘယ်တော့မှ ကြားနိုင်မှာမဟုတ်သလို စကားလည်း တစ်လုံးမှ ပြောနိုင်တော့မှာ မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။ နောက်ပိုင်းမှာ ဒေါက်တာ 'အိုက်ဗင်ဖော်ဟီး' က ကျွန်တော့်သားငယ်ရဲ့ အကြားအာရုံဆိုင်ရာ လက္ခဏာတွေကို ကြည့်ပြီး အံ့အားသင့်စရာတွေ တွေ့ရှိခဲ့တယ်လို့ ပြောပြခဲ့ပါတယ်။ ဒါကြောင့် ကလေးဟာ နားကြားနိုင်၊ စကားပြောနိုင်စေမယ့် အခွင့်အရေးကောင်းတွေ ရလာနိုင်တယ်လို့ ကောက်ချက်ချခဲ့တာဖြစ်ပါတယ်...။ ကျွန်တော်ဟာ 'ဘလဲလ်' (Blair) အမည်ရှိတဲ့ ကျွန်တော့်သားငယ်ကို စိတ်ထဲ သာမန်လူတွေအတိုင်း စကားပြောနိုင်၊ နားကြားနိုင်တဲ့ စွမ်းရည်ရလာရမယ်ဆိုတဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒတွေ ရင့်သန်အောင် အတွေးအခေါ်ကောင်းတွေ ရိုက်သွင်းပေးခဲ့သလို အသက်ရှင်ရပ်တည်နေစဉ်ကာလအတွင်း အရာရာကို ရဲဝံ့စွာ ရင်ဆိုင်

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ဖို့ သတ္တိတွေလည်း မွေးခိုင်းခဲ့ပါတယ်။

ကျွန်တော့်သားငယ် 'ဘလဲလ်' ရဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒတွေဟာ ထူးဆန်းတဲ့ ဩဇာသက်ရောက်မှုတွေ ဖြစ်စေတဲ့အထိ တွန်းအားပေးခဲ့ပြီး သဘာဝတရားကြီးကိုလည်း သူ့ဦးနှောက်နဲ့ ပြင်ပလောကအကြားမှာရှိတဲ့ ဆိတ်ငြိမ်တဲ့ ပင်လယ်အပေါ် တံတားထိုးပေးနိုင်သူ ဖြစ်စေခဲ့ပါတယ်။ တကယ်တော့ ဆေးလောကရဲ့ သိပ္ပံပညာရှင်၊ ကျွမ်းကျင်ဆရာဝန်တွေတောင် အဓိပ္ပာယ် အတိအကျ မဖော်နိုင်တဲ့ ကျွန်တော့်သားငယ် 'ဘလဲလ်' ရဲ့ အခြေအနေကို သဘာဝတရားကြီးက သူတို့ထက် ပိုသာစွာ အကောင်းဆုံး ပြုပြင်ပေးနိုင်ခဲ့ပါတယ်။

ကျွန်တော်ဟာ လူတကာ သိမြင်နိုင်စွမ်းမရှိလောက်တဲ့ သဘာဝတရားကြီးရဲ့ လျှို့ဝှက်ချက်နဲ့ ထိရောက်တဲ့ စွမ်းဆောင်ချက်တွေကို အတွေ့အကြုံအရ နားလည်ခွင့် ရရှိခဲ့တာကြောင့် ဘယ်သူမဆို အလိုဆန္ဒ ပြင်းပြခြင်းတွေရဲ့ ကျောထောက်နောက်ခံနဲ့ တာရှည် တည်တံ့ကြံ့ခိုင်တဲ့ ယုံကြည်မှုတွေ ရှိထားပြီဆိုပါက ဘာအရာကိုမှ မဖြစ်နိုင်၊ မလုပ်နိုင်ဘူးဆိုတာ လုံးဝမရှိနိုင်တော့ဘူးလို့ မှတ်ယူထားလိုက်ပါတယ်။

ပြင်းပြတဲ့ အလိုဆန္ဒဟာ မဖြောင့်မတန်း သွယ်ဝိုက်သောနည်းလမ်းနဲ့လည်း လက်တွေ့ အမှန်တကယ် အကောင်အထည်ပေါ်အောင် စွမ်းဆောင်ပေးနိုင်ပါတယ်။ "ဘလဲလ်" (Blair) က သာမန်လူတွေလိုမျိုး ကြားချင်တာပါ။ သူတကာထက် ထူးကဲတဲ့ပုံစံနဲ့ ကြားချင်တာ မဟုတ်ပါဘူး။ ဘလဲလ်က လိုလိုလားလား ကြိုးစားအားထုတ်ပြီး ယုံကြည်ချက်နဲ့ စိတ်ဓာတ်ခိုင်မာခဲ့တာကြောင့် သူနဲ့ထိုက်တန်တဲ့ ဆုလာဘ်ကို ရရှိခဲ့တာပါ။ သူဟာ မစွမ်းမသန် (ဆွံ့အနားမကြားပုံစံ) နဲ့ မွေးဖွားလာခဲ့သော်လည်း သူ့ကို ငယ်စဉ်ကတည်းက ဘဝမျှော်လင့်ချက် မပျောက်ဆုံးအောင်၊ စိတ်ဓာတ်ကြံ့ခိုင်ပြီး အရာရာ ရဲဝံ့စွာ ရင်ဆိုင်ရဲအောင်နဲ့ ကိုယ့်အားကိုယ်ကိုးပြီး ဖြစ်ချင်ရာ၊ လုပ်ချင်ရာကို ပြင်းပြတဲ့ စိတ်ဆန္ဒအတိုင်း မဖြစ်ဖြစ်အောင် လုပ်နိုင်အောင် မိဘဖြစ်သူ ကျွန်တော်တို့ ဇနီးမောင်နှံက လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။

ပြန်လည်သုံးသပ်မယ်ဆိုရင် "ဘလဲလ်" ရဲ့ မသန်စွမ်းမှုဟာ အားနည်းချက် မဟုတ်ဘဲ ကမ္ဘာပေါ်က နားမကြားနိုင်တဲ့ ပြည်သူ ထောင်သောင်း

mgyoe.com

mgyoe.com

များစွာအား အကောင်းဆုံး နားကြားကိရိယာ တပ်ဆင်ပေးခြင်းဖြင့် ကူညီနိုင်စေဖို့ ကြားခံအခွင့်အရေးကောင်းတစ်ခု ဖြစ်နေခဲ့တာ တွေ့ရပါတယ်။

ကျွန်တော်က သားငယ် (Blair) ကို ပြုစုပျိုးထောင်ရာမှာ သူ့စိတ်ထဲ စွဲမြဲနေအောင် ရိုက်သွင်းခဲ့တဲ့ အတွေးအခေါ်တွေအနက် အချို့ဟာ 'အဖြူရောင်မုသား' (White Lie) တွေ ဖြစ်တာကို ဝန်ခံပြောဆိုလိုပါတယ်။ သို့သော်လည်း ကျွန်တော့်ရဲ့ စေတနာပါတဲ့ အဖြူရောင်မုသားတွေက 'ဘလဲလ်' ကို ကောင်းကျိုးများစွာ ဖြစ်စေခဲ့ပါတယ်။

Blair ဟာ သူ့ကို မွေးဖွားလာစဉ်က ရှိနေခဲ့တဲ့ ဘဝအခြေအနေအရပ်ရပ်ကို မသိမသာ ပြောင်းလဲခြင်းကနေ လုံးလုံးလျားလျား ပြောင်းလဲနိုင်ခဲ့တာဟာ သူ့ကိုယ်သူ ယုံကြည်မှုနဲ့ သူ့ရဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒတို့ကြောင့် ဖြစ်ပါတယ်။ Blair ရဲ့ ဘဝတိုးတက်ပြောင်းလဲမှုတွေကို အားကျပြီး သူ့ရဲ့ အရည်အသွေးတွေကို လိုချင်တယ်ဆိုရင်လည်း လူတိုင်း အလွယ်တကူ လေ့ကျင့်ရယူနိုင်တဲ့ အရည်အသွေးတွေသာ ဖြစ်ပါတယ်။

ကျွန်တော်က ပုဂ္ဂိုလ်ရေးဆိုင်ရာ ပြဿနာရှိတဲ့ အမျိုးသား အမျိုးသမီးတွေနဲ့ တွေ့ဆုံညှိနှိုင်း ပြောဆိုမှုတွေမှာ အတော်အတန် အတွေ့အကြုံ ရှိထားသူဖြစ်ပါတယ်။ သို့သော်လည်း ပြင်းပြတဲ့ စိတ်အလိုဆန္ဒရှိသူတွေနဲ့ ပတ်သက်ပြီး ဘယ်အရာကိုမှ ပိတ်ပင်တားဆီးလို့ မရဘူးဆိုတာကိုတော့ ကောင်းစွာ တွေ့ကြုံနားလည်ထားခဲ့ပါတယ်။

အကယ်၍များ မိခင်သဘာဝကြီးက ပြင်းပြတဲ့ အလိုဆန္ဒရဲ့ စိတ်အလိုအတိုင်း ခွင့်ပြုခဲ့မယ်ဆိုရင် လူသားတွေကပဲ အရာရာမှာ အနိုင်ရရှိတယ်ဆိုတဲ့ ဆင်ခြင်တွေးခေါ်မှုစနစ် ပေါ်ပေါက်လာရမှာ ဖြစ်ပါတယ်။

ထူးဆန်းသော၊ ကြိုတင်မှန်းဆနိုင်စွမ်းမရှိသော အခြေအနေတွေကို ဖန်တီးပေးနိုင်တာဟာ လူသားရဲ့ စိတ်စွမ်းအင်နဲ့ စွမ်းဆောင်ရည်တွေကြောင့်သာ ဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း လူသားဟာ ဘယ်လိုပဲ ခက်ခဲတဲ့ အခြေအနေမျိုးမှာ ဖြစ်စေ တစ်ဦးချင်းအလိုက် (သို့) အဖွဲ့အစည်းအလိုက် အောင်မြင်အောင် စွမ်းဆောင်နိုင်တာ တွေ့ရသလို ပြင်းပြတဲ့ အလိုဆန္ဒတွေနဲ့ မဖြစ်နိုင်၊ မလုပ်နိုင်ဘူးလို့ ထင်လောက်တဲ့ အရာတွေကို အမှန်တကယ် ဖြစ်အောင် လုပ်နိုင်

mgyoe.com

mgyoe.com SAMPLE BOOK


တာ တွေ့ရပါတယ်။

သိပ္ပံပညာရပ်အနေနဲ့ နောင်တစ်ချိန်မှာတော့ ပြင်းပြတဲ့ အလိုဆန္ဒနဲ့ ပတ်သက်ပြီး လျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင်ပါလိမ့်မယ်။

ကျွန်တော်က သားငယ်ဖြစ်တဲ့ Blair ရဲ့ စိတ်ထဲကို ပြင်းပြတဲ့ စိတ်အလိုဆန္ဒတွေ စွဲမြဲအောင်၊ သာမန်လူတွေလိုမျိုး စကားပြောနိုင်အောင်နဲ့ နားကြားနိုင်စွမ်းရှိအောင် မျှော်လင့်ချက်ထားရှိဖို့၊ စိတ်အလိုဆန္ဒ ပြင်းပြခြင်းတွေက ဖြစ်ချင်ရာတွေ အမှန်တကယ် ဖြစ်လာစေတတ်တဲ့ သဘောကိုသိဖို့ အတွေးအခေါ်၊ သဘောတရားတွေ ရိုက်သွင်းပေးနိုင်ခဲ့ပါတယ်။ ထိုအခါ Blair ရဲ့ စိတ်ထဲ အလိုဆန္ဒပြင်းပြခြင်းတွေ အမှန်တကယ် ရှိနေမယ်ဆိုရင် မသန်စွမ်းတဲ့ အခြေအနေကိုတောင် 'အကောင်းဆုံးတန်ဖိုး' အဖြစ် ပြောင်းလဲပစ်နိုင်ကြောင်း ရှင်းရှင်းလင်းလင်း သိလာခဲ့ပါတယ်။

ဘယ်သူမဆို "ပြင်းပြတဲ့ စိတ်အလိုဆန္ဒရဲ့ ကြီးမားတဲ့ စွမ်းအင်ကို နားလည်သဘောပေါက်တယ်ဆိုရင် ထူးခြားတဲ့ ရလဒ်ကောင်းပေးနိုင်တဲ့ အောင်မြင်မှုရဖို့က မခက်ခဲတော့ပါဘူး။

ဒါကြောင့် ကျွန်တော့်သား 'ဘလဲလ်' ကို သာမန်နားကြားစေဖို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့ အလိုဆန္ဒကို ရောစပ်စေခဲ့တယ်။ ၎င်းက 'ဘလဲလ်' ကို အောင်မြင်မှုရအောင် လုပ်ပေးနိုင်ခဲ့တယ်။ ဒုတိယအဆင့်အနေနဲ့ ကျွန်တော့်ရဲ့ ပြင်းပြတဲ့ အလိုဆန္ဒကို 'ဘလဲလ်' ရဲ့ ပြင်းပြတဲ့ အလိုဆန္ဒနဲ့ ပေါင်းစပ်စေပြီး မဖြစ်ဖြစ်အောင်၊ မရရအောင် ကြိုးစားအားထုတ်မယ်ဆိုတဲ့ စိတ်ကို ပိုပြီးမြင့်မားစေခဲ့တယ်။

'ဘလဲလ်' ရဲ့ မဆုတ်မနစ် ကြိုးစားအားထုတ်မှု၊ စဉ်ဆက်မပြတ် ပြင်းပြတဲ့ အလိုဆန္ဒ ထားရှိမှုတွေက နှစ်ကြာလာတဲ့အချိန်မှာ ထိရောက်တဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်စေခဲ့ပါတယ်။ တတိယအဆင့်မှာတော့ ကျွန်တော့်သားငယ် 'ဘလဲလ်' က ကျွန်တော့်အပေါ် အပြည့်အဝ ယုံကြည်လာတာကြောင့် သူ့ဘဝတစ်သက်တာအတွင်း ကိုယ့်ကိုယ်ကိုယ် အားကိုးတတ်အောင်နဲ့ အရာရာ လုပ်ရဲကိုင်ရဲရှိအောင် လေ့ကျင့်ပျိုးထောင်နိုင်စွမ်းတွေ ရှိလာခဲ့ပါတယ်။

ကျွန်တော့်သားငယ် 'ဘလဲလ်' နဲ့ ပတ်သက်သမျှ အကြောင်းကိစ္စ

mgyoe.com

mgyoe.com SAMPLE BOOK

တွေကတော့ ဒီအခန်းကို ပြီးပြည့်စုံသလောက် ဖြစ်စေခဲ့ပါပြီ။

ကျွန်တော် နောက်ထပ် အသိပေးချင်တဲ့ အကြောင်းအရာကတော့ 'မဒမ်ရှုမန်ဟိုင်းခ်' အမည်ရှိတဲ့ အော်ပရာအဆိုရှင် အမျိုးသမီးတစ်ယောက်ရဲ့ သေဆုံးခြင်းကိစ္စပဲ ဖြစ်ပါတယ်။ သူမဟာ ကြောက်ခမန်းလိလိ အောင်မြင်ခဲ့တဲ့ အဆိုရှင်တစ်ယောက်ဖြစ်ပြီး သူမကို အခုလို အောင်မြင်အောင် လုပ်ပေးတဲ့သူကတော့ သူမရဲ့ ပြင်းပြတဲ့ အလိုဆန္ဒပဲ ဖြစ်ပါတယ်။

မစ္စ 'ရှုမန်ဟိုင်းခ်' ရဲ့ အစောပိုင်းကာလ အသက်မွေးဝမ်းကျောင်း နယ်ပယ်အတွင်း ဩစတြီးယားနိုင်ငံ၊ 'ဗင်ရင်နာကို့တ်အော်ပရာ' (Vienna Court Opera) ရဲ့ ဒါရိုက်တာတစ်ယောက်ထံသို့ မစ္စဟိုင်းခ် အလည်ရောက်သွားခဲ့ပါတယ်။ ဒီလို အလည်အပတ်သွားရင်းနဲ့ သူမက ဒါရိုက်တာကို အသံနဲ့ သရုပ်ဆောင်ချက်တွေ အစမ်းလုပ်ပြ၊ သီဆိုပေးခဲ့ရပါတယ်။ သို့သော်လည်း အော်ပရာ ဒါရိုက်တာက သူမရဲ့ သီဆိုဖျော်ဖြေမှုအပေါ် စိတ်တိုင်းမကျတာကြောင့် ခွင့်ပြုပေးခဲ့ခြင်း မရှိပါဘူး။ ခဏအကြာ ဆင်းဆင်းရဲရဲနဲ့ အနှိုးမကျစွာ ဝတ်စားဆင်ယင်ထားတဲ့ အဲဒီမိန်းကလေးကို တစ်ချက်ကြည့်လိုက်ပြီး စိတ်မသက်သာစွာနဲ့ အခုလို ပြောလိုက်တယ်။ **"ဒီလိုမျက်နှာပေး၊ ဒီလို ပင်ကိုစရိုက်နဲ့ အော်ပရာသီဆိုဖျော်ဖြေမှုမှာ အောင်မြင်မယ်လို့ ဘယ်လိုမျှော်လင့်ရမှာလဲ? ဒီတော့ မင်းစိတ်ကူးတွေကို ဒီမှာပဲ လက်လျှော့လိုက်ပါ ကလေးမ!, ဒီတော့ မင်းအတွက် အပ်ချုပ်စက် တစ်လုံးဝယ်ပြီး အလုပ်လုပ်တာပဲ ပိုကောင်းလိမ့်မယ်၊ မင်း ဘယ်တော့မှ အဆိုတော်တစ်ယောက် ဖြစ်မလာနိုင်တော့ဘူး"**

ဒါရိုက်တာပြောခဲ့တဲ့ 'ဘယ်တော့မှ' ဆိုတဲ့ အချိန်ကာလဟာ အတော်ကြာညောင်းခဲ့ပါတယ်။ Vienna Court Opera ရဲ့ ဒါရိုက်တာက သီချင်းဆိုပုံဆိုနည်း နည်းလမ်းကောင်းတွေကို ကောင်းစွာ သိရှိထားသူတစ်ယောက်ပါ။ ဒါပေမဲ့ သူ အမှန်တကယ် မသိတာက ပြင်းပြတဲ့ အလိုဆန္ဒရှိသူ ဘယ်သူမဆို ဖြစ်ချင်ရာကို အမှန်တကယ်ဖြစ်အောင် လုပ်နိုင်တယ်ဆိုတဲ့ အရေးကြီးတဲ့အချက်ပဲ ဖြစ်ပါတယ်။ ပြင်းပြတဲ့ အလိုဆန္ဒက စိတ်ထဲ စွဲမြဲစွာ ကိန်းအောင်းနေပြီး လက်တွေ့ အကောင်အထည်ဖော်ဖို့ အမြဲတမ်း တိုက်တွန်းလှုံ့ဆော်တတ်တဲ့ သဘာဝ ရှိနေပါတယ်။ ဒါကို ပြင်းပြတဲ့ အလိုဆန္ဒရှိ

mgyoe.com

mgyoe.com SAMPLE BOOK


သူတွေကလွဲပြီး အခြားဘယ်သူကမှ ခံစားနားလည်သိရှိနိုင်စွမ်း မရှိတတ်ပါဘူး။ အကယ်၍သာ အထက်ပါ အော်ပရာ ဒါရိုက်တာက ပြင်းပြတဲ့ အလိုဆန္ဒရဲ့ စွမ်းအင်ကို နားလည်သဘောပေါက်မယ်ဆိုရင်... စောစောက အသံနဲ့ အမူအရာ စမ်းသပ်ဖျော်ဖြေမှုလုပ်ခဲ့တဲ့ မိန်းကလေးအပေါ် ပြောဆိုပြုမူခဲ့တဲ့ အမှားမျိုး လုံးဝလုပ်မိမှာ မဟုတ်ပါဘူး။ တကယ်ဆို သူက အဆိုရှင်မိန်းကလေးရဲ့ အားနည်းချက်၊ လိုအပ်ချက်တွေကို ပြုပြင်၊ ဖြည့်စွက်ပြီး လေ့ကျင့်ပျိုးထောင်ပေးသင့်ပါတယ်။ ဘယ်လောက်ပဲ လိုအပ်ချက်၊ အားနည်းချက်တွေ ရှိနေတဲ့သူဖြစ်ပါစေ၊ အနည်းဆုံး တစ်ကြိမ်တစ်ခါတော့ အခွင့်အရေး ပေးသင့်တာပေါ့။

လွန်ခဲ့တဲ့ နှစ်အတန်ကြာကာလမှာ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက် အပြင်းဖျားပြီး ဆေးရုံတင်ရတဲ့အထိ ဖြစ်ခဲ့တယ်။ ဆေးရုံကသူ့ရောဂါအတွက် ခွဲစိတ်ကုသသင့်ကြောင်း အကြံပြုတယ်။ လူနာဖြစ်တဲ့သူ့ကို ခွဲစိတ်ခန်းထဲ ခေါ်ဆောင်မသွားခင် ကျွန်တော် တစ်ချက်ကြည့်လိုက်မိပြီး စိတ်ထဲကနေ တွေးလိုက်မိတယ်။ သူ့လို ပိန်ချုံး၊ ချည့်နဲ့၊ အားနည်းနေတဲ့သူကို ခွဲစိတ်ကုသလို့ အောင်မြင်ပါ့မလား? လူနာက ခံနိုင်ရည်ရှိပါ့မလား? လို့ တွေးမိတာပေါ့။ ဆရာဝန်ကလည်း ကျွန်တော့်ကို သတိပေးစကားပြောတယ်။ ကျွန်တော့်အနေနဲ့ ခွဲစိတ်ကုသခံတဲ့ သူငယ်ချင်းကို အသက်ရှင်လျက်ပြန်တွေ့ရဖို့ အခွင့်အရေး အနည်းငယ်ပဲရှိတဲ့ အကြောင်းပေါ့။ ဒါပေမဲ့ ဒီစကားဟာ ခွဲစိတ်ဆရာဝန်ရဲ့ ကိုယ်ပိုင်ထင်မြင်ချက် သက်သက်သာဖြစ်တယ်လို့ ကျွန်တော် ယူဆလိုက်တယ်။ ဘာလို့ဆိုတော့ အသက်ရှင်နိုင်တဲ့ အခွင့်အလမ်း နည်းနေတယ်လို့ လူနာဘက်က ထင်မြင်ယူဆတာမဟုတ်ဘူးလေ... လူနာကို လှည်းပေါ်တင်ပြီး ခွဲစိတ်ခန်းထဲ ဝင်မသွားသေးခင် လူနာက ချည့်နဲ့ပြီး တိုးညင်းတဲ့လေသံနဲ့ ကျွန်တော့်ကို အခုလို ပြောလိုက်တယ်။

"စိတ်မပျက်ပါနဲ့ သူငယ်ချင်း၊ ရက်အနည်းငယ်အတွင်း ကျုပ်ဒီဆေးရုံကနေ အိမ်ပြန်ရတော့မှာပါ"

ဒီအချိန် လူနာတွန်းလှည်းနားကို ရောက်လာတဲ့ သူနာပြုတွေက ကျွန်တော့်ကို သနားတဲ့အကြည့်နဲ့ ကြည့်သွားခဲ့ကြတယ်။ ဒီလိုနဲ့ လူနာကို ခွဲစိတ်မှုပြီးဆုံးသွားခဲ့တယ်။ သူ့ကို တာဝန်ယူ–ဦးဆောင်ပြီး ခွဲစိတ်ပေးခဲ့တဲ့

mgyoe.com

ဆရာဝန်က အခုလို ပြောလိုက်တယ်။

"ခွဲစိတ်မှုအောင်မြင်ပြီး လူနာ အသက်ရှင်တယ်ဆိုတာက အခြား ကြောင့်မဟုတ်ဘူး။ သူ့ကိုယ်ပိုင်အလိုဆန္ဒကပဲ သူ့အသက်ကို ကယ်တင် သွားခဲ့တာပါ။ တကယ်တော့ သေဆုံးနိုင်ခြေရှိတဲ့ အခြေအနေကို လက်ခံဖို့ သူ့ဘက်ကသာ မငြင်းဆိုခဲ့ဘူးဆိုရင်တော့ အမှန်တကယ် သေသွားနိုင်တဲ့ အခြေအနေပါပဲ"

ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရဲ့ ကျောထောက်နောက်ခံ ပြုထားတဲ့ အလိုဆန္ဒ စွမ်းအင်ကို အပြည့်အဝ ယုံကြည်ထားပြီးသားပါ။ အကြောင်းကတော့... အဲဒီစွမ်းအင်ဟာ လူတွေရဲ့ အကျိုးစီးပွားနဲ့ အသက်ရှင် မှုတွေကို စိတ်အလိုရှိသလို မြှင့်တင်ပေးနိုင်တာကို အကြိမ်ကြိမ် ကြုံတွေ့ခဲ့ တာကြောင့် ဖြစ်ပါတယ်။

ပြင်းပြတဲ့ အလိုဆန္ဒရှိသူတွေဟာ အကြိမ်ပေါင်း ရာချီပြီး ကျရှုံးတဲ့ အထိ အခက်အခဲ ပြဿနာအမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ရတဲ့တိုင် ကိုယ့်ကိုယ် ကိုယ် ပြန်လည်ရုန်းထ–ကြိုးစားနိုင်စွမ်းရှိတာကြောင့် နောက်ဆုံးမှာ သူတို့ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် လုပ်ဆောင်နိုင်တာ တွေ့ရပါတယ်။

ဒါကြောင့်လည်း မစွမ်းမသန် (အားနည်းချက်) ရှိနေတဲ့ ကျွန်တော့် သားငယ်တောင် သူ့ရဲ့ ပြင်းပြတဲ့ အလိုဆန္ဒတွေနဲ့ သူရည်မှန်း မျှော်လင့်ထား တဲ့ဘဝကို အောင်မြင်စွာ ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အမေရိကအတွင်း စီးပွားရေး ကသောင်းကနင်းဖြစ်မှုကြောင့် ကြီးမား တဲ့ ဆုံးရှုံးမှုတွေ ကြုံတွေ့ခဲ့ရပြီး နောက်ပိုင်း စီးပွားရေးလုပ်ငန်းရှင်တွေ အားလုံးဟာ သူတို့ရဲ့ ပြင်းပြသော စိတ်ဆန္ဒတွေအတိုင်း ပြန်လည်ရုန်းထ ကြိုးစားခဲ့ခြင်း မရှိပါက စီးပွားရေးလောကအတွင်း ဘယ်တော့မှ ပြန်လည် ခေါင်းထောင်နိုင်တော့မှာ မဟုတ်ပါဘူး။ စီးပွားပျက်ကပ်ကြောင့် အချို့က ငွေကြေးဥစ္စာ ပစ္စည်းတွေ ဆုံးရှုံးပြီး အချို့ကတော့ ရာထူးနဲ့ ရပ်တည်ချက် တွေ ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမဲ့လည်း ပျက်စီးဆုံးရှုံးမှုတွေကနေ ပြန်လည် ရုန်းထနိုင်အောင် သူတို့ရဲ့ အစီအစဉ်တွေကို စနစ်တကျ ပြန်လည်ရေးဆွဲပြီး ပြင်းပြတဲ့ စိတ်ဆန္ဒနဲ့ အရင်ကထက် နှစ်ဆ ပိုသာစွာ ကြိုးစားအားထုတ်ခဲ့ကြ ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော့်အနေနဲ့ တိုးတက်မှု အခြေအနေအားလုံးကို လေ့လာကြည့်တဲ့အခါ ပြင်းပြတဲ့ အလိုဆန္ဒနဲ့သာ အရာရာကို စတင်လုပ်ကိုင်ခြင်းကသာ သေချာတဲ့ အောင်မြင်မှု ရနိုင်တယ်ဆိုတာကို တွေ့ရှိရပါတယ်။ အမှန်တကယ်လည်း လက်တွေ့ဘဝမှာ 'မဖြစ်နိုင်ဘူး' ဆိုတဲ့ ဝေါဟာရကို 'ပြင်းပြတဲ့ စိတ်အလိုဆန္ဒ' က ချေဖျက်ပေးနိုင်တာကြောင့် အကြိမ်ပေါင်းများစွာ ကျရှုံးဖူးတဲ့ သူတွေအတွက် အောင်မြင်မှုပန်းတိုင်က အဆင်သင့် စောင့်ကြိုနေတာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူမဆို ကိုယ့်ကိုယ်ကိုယ် ကျရှုံးပြီလို့ မခံယူ၊ ဝန်မခံသေးသမျှ ကာလပတ်လုံး ကျရှုံးခြင်းဟာ ကိုယ်နဲ့ သက်ဆိုင်ခြင်းမရှိဘူးလို့ ရဲရဲ့စွာ ခံယူထားနိုင်ပါတယ်။

နောက်ထပ် ကောင်းတဲ့အချက်ကတော့ သဘာဝတရားကြီးဟာ ပြင်းပြတဲ့ စိတ်ဆန္ဒရှိသူ ကျွန်တော်တို့အတွက် တစ်ချိန်မဟုတ် တစ်ချိန် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခြင်းပဲ ဖြစ်ပါတယ်။

ကျွန်ုပ်တို့အတွက် ပြင်းပြတဲ့ အလိုဆန္ဒက တိုးတက်အောင်မြင်၊ ချမ်းသာကြွယ်ဝလာစေဖို့ ပထမဆုံးသော အဆင့်ဖြစ်တယ်ဆိုရင် ကျွန်ုပ်တို့ရဲ့ ယုံကြည်မှုက တိုးတက်အောင်မြင် ချမ်းသာကြွယ်ဝလာစေဖို့ ဒုတိယအဆင့် အဖြစ် ကောင်းကျိုးပြုပါလိမ့်မယ်။

*** ယုံကြည်မှုဆိုတာဟာ အတွင်းစိတ်ရဲ့ စေ့ဆော်တိုက်တွန်းချက်အရ ဖြစ်ပေါ်လာတဲ့ စိတ်အခြေအနေတစ်ရပ်ဖြစ်ပါတယ်။**

❑

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း-၂

# ယုံကြည်မှု (Faith)

ကြိုးစားအားထုတ်ခြင်းဖြင့် အောင်မြင်လိုတဲ့ အလိုဆန္ဒအား စိတ်ကူးဖြင့် တွေးတောမြင်ယောင်ပြီး အခိုင်အမာယုံကြည်ခြင်း

---

ချမ်းသာကြွယ်ဝလာစေဖို့ ဆောင်ရွက်ရမည့် အဆင့် - ၂

ယုံကြည်မှုက စဉ်းစားတွေးခေါ်မှုတွေရဲ့ တုံ့ပြန်မှုနဲ့ ပေါင်းစပ်ရောနှော သွားချိန်မှာ မသိစိတ်က စဉ်းစားတွေးခေါ်မှုတွေရဲ့ တုံ့ပြန်မှုနဲ့ ထိတွေ့-ကူးစက်သွားပြီး အကန့်အသတ်မဲ့တဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေအဖြစ် အကောင်အထည်ဖော်ပေးပါလိမ့်မယ်။

ယုံကြည်မှု၊ ချစ်ခြင်းမေတ္တာ၊ ဖိုမကိစ္စနဲ့ဆိုင်တဲ့ စိတ်ခံစားမှုတွေဟာ အဓိက အရေးပါတဲ့ ကောင်းသော စိတ်ခံစားမှု အားလုံးအနက် စွမ်းအား အကြီးဆုံးသော စိတ်ခံစားမှုတွေ ဖြစ်ပါတယ်။ အထက်ပါ အကောင်းဆုံးနဲ့ စွမ်းအားအကြီးဆုံးသော စိတ်ခံစားမှုသုံးမျိုးကို ရောစပ်လိုက်တဲ့အခါ အကျိုး သက်ရောက်မှုအနေနဲ့ စဉ်းစားတွေးခေါ်မှုတွေအပေါ် တုံ့ပြန်ခံစားချက် အမျိုး မျိုးအား စွမ်းအင်ကိုယ်စားပြု အရောင်အမျိုးမျိုး ခြယ်ပေးလိုက်သလို ဖြစ်လာ စေပါတယ်။ ထိုအခါ အရောင်တစ်မျိုးစီ ကိုယ်စားပြုသော အထက်ပါ

mgyoe.com

mgyoe.com SAMPLE BOOK

စွမ်းအင်တွေဟာ စိတ်ဝိညာဉ်နဲ့ တန်ဖိုးတူညီအောင် ပြောင်းလဲပေးနိုင်တဲ့ မသိစိတ်တည်ရာအရပ်သို့ ရောက်ရှိသွားပါလိမ့်မယ်။

အထက်ပါနည်းလမ်းနဲ့ အကန့်အသတ်မဲ့တဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေကလာတဲ့ တုံ့ပြန်မှုကို ရရှိစေပါတယ်။

ချစ်ခြင်းမေတ္တာ၊ ယုံကြည်မှုနဲ့ စိတ်တန်ခိုးတို့ဟာ လူသားမျိုးနွယ်ရဲ့ စိတ်ဝိညာဉ်ရေးရာနဲ့ ဆက်စပ်ပတ်သက်လျက်ရှိပါတယ်။

ဖို–မ ကိစ္စဟာ ဇီဝဗေဒဆိုင်ရာ သဘာဝရှိပြီး ကိုယ်ခန္ဓာနဲ့ တိုက်ရိုက်ပတ်သက်လျက်ရှိပါတယ်။ အထက်ပါ စိတ်ခံစားမှုသုံးမျိုးကို ရောစပ်လိုက်တဲ့အခါ အကန့်အသတ်ရှိတဲ့ လူသားရဲ့ စိတ်အခြေအနေ၊ စဉ်းစားတွေးခေါ်မှုနဲ့ အကန့်အသတ်မဲ့တဲ့ ဉာဏ်ရည်ဉာဏ်သွေးတို့အကြား တိုက်ရိုက်ပွင့်လင်းစွာ ဆက်သွယ်နိုင်တယ်ဆိုတဲ့ အကျိုးသက်ရောက်မှု ဖြစ်ပေါ်လာစေပါတယ်။

## ယုံကြည်မှုတိုးတက်ကောင်းမွန်အောင် ဘယ်လိုတည်ဆောက်မလဲ

ယခုဖော်ပြပေးမယ့် အပိုင်းကဏ္ဍဟာ "အတွင်းစိတ်ရဲ့ စေ့ဆော်ချက်အတိုင်း လုပ်ဆောင်ခြင်း" (Autosuggestion) နဲ့ သက်ဆိုင်တဲ့ အခြေခံကျတဲ့ နိယာမတွေရဲ့ အရေးပါမှုကို နားလည်စေဖို့ဖြစ်ပါတယ်။

ဒီတော့ "အတွင်းစိတ်ရဲ့ စေ့ဆော်ချက်အတိုင်း လုပ်ဆောင်ခြင်း" ဟာ အလိုဆန္ဒတွေကို ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ ငွေကြေးရရှိခြင်းပုံစံဖြင့်ဖြစ်စေ၊ အခြားသော တူညီတဲ့ တန်ဖိုးတစ်ခုခုကိုဖြစ်စေ လက်တွေ့ရရှိအောင် အသွင်ပြောင်းပေးနိုင်တယ်လို့ မှတ်ယူနိုင်ပါတယ်။ အမှန်တကယ်လည်း လက်တွေ့ဘဝမှာ အတွင်းစိတ်ရဲ့ စေ့ဆော်တိုက်တွန်းချက်အတိုင်း လုပ်ဆောင်နိုင်ပြီဆိုရင် စိတ်အတွင်းရှိနေတဲ့ အလိုဆန္ဒတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ စွမ်းအင်အဖြစ်သို့ အသွင်ပြောင်းပေးနိုင်တာတွေ့ရပါတယ်။

"ယုံကြည်မှု" (Faith) ဆိုတဲ့ စိတ်အခြေအနေတစ်ခုဟာ တစ်စုံတစ်ရာ ဖန်တီးရယူနိုင်စေဖို့ တိုက်တွန်းလှုံ့ဆော်နိုင်စွမ်း ရှိပါတယ်။

ယုံကြည်မှု တည်ဆောက်တယ်ဆိုတာဟာ "အတွင်းစိတ်ရဲ့ စေ့ဆော်ချက်အတိုင်း လုပ်ဆောင်" တတ်တဲ့ နိယာမတွေကတစ်ဆင့် မသိစိတ်အား
mgyoe.com

mgyoe.com SAMPLE BOOK

အကြိမ်ကြိမ် အသိပေး–ညွှန်ကြားမှုတွေလုပ်ပြီးမှ ရရှိလာတဲ့ အတည်ပြုချက်သာ ဖြစ်ပါတယ်။

ဤစာအုပ်ကို ဖတ်ရတဲ့ သင့်ဦးတည်ချက်အရ အလိုဆန္ဒရဲ့ တိုက်တွန်းလှုံ့ဆော်မှုကြောင့် လက်ဆုပ်လက်ကိုင် မပြနိုင်တဲ့ စဉ်းစားတွေးခေါ်မှုတွေကို (လက်တွေ့အားဖြင့် ရုပ်ဝတ္ထုပစ္စည်းတစ်ခုခု (ငွေကြေး) အမှန်ရရှိအောင် လုပ်နိုင်တဲ့စွမ်းရည်) အဖြစ်သို့ အသွင်ပြောင်းတတ်အောင် ဆည်းပူးကျင့်ယူရမှာဖြစ်ပါတယ်။

ဤအခန်းမှာ ကျွန်ုပ်တို့က "အတွင်းစိတ်ရဲ့ လှုံ့ဆော်ချက်အတိုင်းလုပ်ဆောင်ခြင်း" ဆိုတဲ့ "Autosuggestion" ၊ 'မသိစိတ်' ဆိုတဲ့ (Subconscious mind) တို့အကြောင်းကို အသေချာ–လေ့လာဆွေးနွေးကြမှာဖြစ်ပါတယ်။

အကယ်၍ သင်တောင်းဆိုတဲ့အတိုင်း/ သင်အလိုရှိတဲ့အတိုင်း အမှန်တကယ် လက်ခံရရှိလိမ့်မယ်လို့ သင်က ယုံကြည်တယ်ဆိုရင် ဒါဟာ သင်က သင့် 'မသိစိတ်' ကို လက်ခံယုံကြည်နိုင်စွမ်းရှိခြင်းပဲ ဖြစ်ပါတယ်။ ဒီတော့ သင့် မသိစိတ်ဟာ သင်ယုံကြည်ထားတဲ့ ကိစ္စတစ်ခုအတွက် လက်တွေ့အရေးယူ ဆောင်ရွက်ပေးမှာဖြစ်ပြီး ယုံကြည်မှု တည်ဆောက်ပြီးသော ပုံစံနဲ့ သင့်ကို ရလဒ်ကောင်း ပြန်ပေးပါလိမ့်မယ်။

ယုံကြည်မှုတည်ဆောက်ပြီးပြီ ဆိုတဲ့နောက်မှာ သင့်အလိုဆန္ဒအတိုင်း ရယူလိုတာတွေအတွက် တိကျတဲ့ အသေးစိတ် အစီအစဉ်တွေ တစ်ခါတည်း ကပ်ပါနေပါလိမ့်မယ်။

ယုံကြည်မှုတစ်ခု ကောင်းမွန်စွာ တည်ဆောက်နိုင်ဖို့ နည်းလမ်းဟာ အဆုံးစွန် ခက်ခဲလှတယ်လို့ မဆိုနိုင်သော်လည်း တော်တော်လေး ခက်ခဲတတ်တဲ့သဘာဝ ရှိပါတယ်။

သင့်အနေနဲ့ ဘယ်အရောင်ကိုမှ တစ်ခါမျှ မြင်ဖူးထားခြင်းမရှိတဲ့ မျက်မမြင်တစ်ယောက်ကို အနီရောင်အကြောင်း ဘယ်လောက်ပဲ ပုံဖော်ပြောဆို–ရှင်းပြပေးပေမဲ့ အဲဒီ မျက်မမြင်က အနီရောင်အကြောင်းကို နားလည်သွားနိုင်မှာမဟုတ်ပါဘူး။ တစ်နည်းအားဖြင့် အနီရောင်နဲ့ပတ်သက်တဲ့ ယုံကြည်မှုကို မျက်မမြင်က ဘယ်လိုမှ တည်ဆောက်နိုင်မှာ မဟုတ်ပါဘူး။
mgyoe.com

သင်က ဒီစာအုပ်မှာ ဖော်ပြထားတဲ့ အခြေခံကျတဲ့ ဥပဒေသ ၁၃ ရပ်စလုံးကို ကျွမ်းကျင်ပိုင်နိုင်ပြီဆိုပါက 'ယုံကြည်မှု' ဆိုတဲ့ စိတ်အခြေအနေတစ်ရပ်ကို အလိုရှိသလို အကောင်းဆုံး တည်ဆောက်နိုင်ပါလိမ့်မယ်။ အကြောင်းကတော့ ယုံကြည်မှုဆိုတဲ့ စိတ်အခြေအနေကို စိတ်ဆန္ဒအလျောက် ကျင့်ကြံအားထုတ်ခြင်းနဲ့ အခြေခံကျတဲ့ ဥပဒေသ ၁၃ ရပ်ကို ပေါင်းစပ်ခြင်းဖြင့် တည်ဆောက်ပေးနိုင်တာကြောင့်ဖြစ်ပါတယ်။

သင့် မသိစိတ်အား အကြိမ်ကြိမ် အမိန့်ပေးညွှန်ကြားခြင်း (သို့) မသိစိတ်ရဲ့ စွမ်းဆောင်မှုတွေကို အကြိမ်ကြိမ် အတည်ပြုခြင်းဟာ ယုံကြည်မှုနဲ့ သက်ဆိုင်တဲ့ စိတ်ခံစားမှုတွေကို သူ့သဘောဆန္ဒအလျောက် တိုးတက်စေတဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။

နောက်ပိုင်းတွေ့ရှိ ဖတ်ရှုရမယ့် ရှင်းပြချက်တွေအရ လူတစ်ဦးချင်းဟာ တစ်ခါတစ်ရံ ပြစ်မှုကျူးလွန်သူ/ ရာဇဝတ်သား ဘယ်လိုဖြစ်လာရတယ်ဆိုတာကိုပါ နားလည်နိုင်ပါလိမ့်မယ်။ နာမည်ကျော် ပြစ်မှုဗေဒပညာရှင် (Criminologist) တစ်ယောက်ရဲ့ ထုတ်ဖော်ပြောဆိုချက်အရ လူတွေဟာ ပြစ်မှုတစ်ခုနဲ့ ပထမဆုံးအကြိမ် ပတ်သက်မိပြီဆိုရင် အဲဒီပြစ်မှုအပေါ် ရွံရှာမုန်းတီးစိတ် ဖြစ်ပေါ်တတ်ကြပါတယ်။ သို့သော်လည်း အဲဒီပြစ်မှုနဲ့ နှစ်ရှည်လများ ထိတွေ့ဖန်များလာတဲ့အခါ တဖြည်းဖြည်း ကျင့်သားကျ (အသားကျ) ပြီး အဲဒီပြစ်မှုအပေါ် ခံနိုင်ရည် ရှိလာတတ်ပါတယ်။ အကယ်၍ အဲဒီပြစ်မှုက နောက်ထပ် ကာလအတော်ကြာကြာအထိ မပြီးပြတ်သေးဘူးဆိုရင် အဲဒီပြစ်မှုရဲ့ ဩဇာလွှမ်းမိုးခြင်း ခံရတာကတစ်ဆင့် နောက်ဆုံးမှာ အဲဒီပြစ်မှုကို အသိအမှတ်ပြု၊ လက်ခံ၊ ကြိုဆိုနိုင်စွမ်း ရှိလာတတ်ပါတယ်။ ဒါဟာ စဉ်းစားတွေးခေါ်မှုတွေရဲ့ စေ့ဆော်ချက်တွေက မသိစိတ်ကို အကြိမ်ကြိမ် ညွှန်ကြား၊ အတည်ပြုခြင်းတွေကြောင့် မသိစိတ်ကိုယ်တိုင်က အဲဒီ တွေးခေါ်ယူဆချက်တွေကို လက်ခံခြင်းနဲ့ အရေးယူဆောင်ရွက်ခြင်းတွေ လုပ်ဆောင်ပေးရပါတော့တယ်။

တစ်နည်းအားဖြင့် မသိစိတ်က သူ လက်ခံအသိအမှတ်ပြုထားတာတွေကို လက်တွေ့ရုပ်လုံးပေါ်အောင် အကောင်အထည်ဖော်ပေးရတယ်လို့ ဆိုနိုင်ပါတယ်။ စိတ်ထိခိုက်ခံစားလွယ်ခြင်းဖြစ်စေတဲ့ စဉ်းစားတွေးခေါ်မှုအားလုံးက ယုံကြည်မှုနဲ့ ရောစပ်သွားတဲ့အခါ ရုပ်ပိုင်းဆိုင်ရာအရ တစ်ခုနှင့်

mgyoe.com

တစ်ခု ဆင်တူစွာ (သို့) တစ်ခုကိုတစ်ခုက ကိုယ်စားပြုတဲ့ပုံစံနဲ့ အကောင်အထည်ပေါ်လာမှာဖြစ်ပါတယ်။

စိတ်ခံစားမှုများ (သို့) စဉ်းစားတွေးခေါ်မှုတွေအပေါ် ခံစားခြင်းတွေဟာ အရေးပါတဲ့ တွေးတောဆင်ခြင်ခြင်းတွေ ဖြစ်ပေါ်စေတဲ့ အခြေခံအချက်တွေ ဖြစ်ပါတယ်။

အရေးပါတဲ့ တွေးတောဆင်ခြင်ခြင်းတွေဟာ ဘဝတစ်သက်တာအတွင်း အရေးယူဆောင်ရွက်မှု မှန်သမျှကို ထိရောက်စွာ အကျိုးဖြစ်ထွန်းစေပါလိမ့်မယ်။

ယုံကြည်မှု၊ ချစ်ခြင်းမေတ္တာနဲ့ ဖို–မ ကိစ္စဆိုင်ရာ စိတ်ခံစားမှုတွေကို ရောစပ်လိုက်တဲ့အခါ (ထိုသို့သော ရောစပ်ခြင်းဖြစ်စေဖို့၊ စဉ်းစားတွေးခေါ်မှုတွေက စေ့ဆော်တိုက်တွန်းခြင်းကြောင့်) အဆိုပါ စိတ်ခံစားမှု တစ်ခုစီအလိုက် စွမ်းဆောင်ခြင်းထက် စိတ်ခံစားမှုသုံးမျိုးပေါင်းရဲ့ စွမ်းဆောင်ခြင်းကပိုပြီး အင်အားကြီးမားပါလိမ့်မယ်။

ယုံကြည်မှုတစ်ခုတည်းသာပါဝင်တဲ့ စိတ်ခံစားမှုကို စဉ်းစားတွေးခေါ်ခြင်းတွေက ဘယ်လောက်ပဲ စေ့ဆော်တိုက်တွန်းသည်ဖြစ်စေ၊ မသိစိတ်နယ်ပယ်သို့ ရောက်ရှိပြီး ဩဇာလွှမ်းမိုးနိုင်မှာ မဟုတ်ပါဘူး။ သို့သော်လည်း ယုံကြည်မှုအပြင် အခြားသော ကောင်းတဲ့ စိတ်ခံစားချက်တွေဖြစ်စေ… မကောင်းတဲ့ စိတ်ခံစားချက်တွေဖြစ်စေ စုပေါင်း ပါဝင်နေပါက မသိစိတ်နယ်ပယ်ထိ ရောက်ရှိပြီး ဩဇာသက်ရောက်နိုင်ပါလိမ့်မယ်။

အထက်ပါ အခြေအနေတွေကို သဘောပေါက်ပါက သင်ဟာ မသိစိတ်က စိတ်ခံစားမှု အရောအနှောတွေကို ရုပ်ပိုင်းဆိုင်ရာအရ တစ်ခုနှင့်တစ်ခု ဆင်တူ–ကိုယ်စားပြုတဲ့ပုံစံနဲ့ အကောင်အထည် ဖော်ပေးနိုင်တာကို နားလည်မှာဖြစ်ပြီး စိတ်ခံစားမှုတွေကို မကောင်းသော တွေးခေါ်မှုတွေက အဖျက်သဘော ဦးတည်စေသလို ကောင်းသော တွေးခေါ်မှုတွေက အကောင်းဘက်ရောက်အောင် စေ့ဆော်ပေးတာကိုလည်း နားလည်နိုင်မှာ ဖြစ်ပါတယ်။

မကောင်းသော တွေးခေါ်မှုတွေရဲ့ စေ့ဆော်မှုကြောင့် ကမ္ဘာဝေါ်က သန်းချီအရေအတွက်ရှိသောသူတွေဟာ ကံမကောင်းခြင်း၊ ကံဆိုးမိုးမှောင်ကျခြင်းဆိုတဲ့ ထူးဆန်းတဲ့ အခြေအနေဆိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတာ ဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

ပါတယ်။

လူအများစုအနေနဲ့ သူတို့ ထိန်းချုပ်နိုင်စွမ်းမရှိဘူးလို့ ယုံကြည်ထားတဲ့ စွမ်းအားတစ်ခုက သူတို့အပေါ် ကျရောက်တိုင်း ဆင်းရဲခြင်း၊ ကျရှုံးခြင်းဆိုတဲ့ ကြမ္မာဆိုးတွေ ဖြစ်ပေါ်စေတယ်လို့ ယုံကြည်လက်ခံထားကြပါတယ်။ တကယ်တော့ ကံဆိုးမိုးမှောင်ကျခြင်းတွေကို သူတို့ကိုယ်တိုင် ဖန်တီးမိမှန်း လူတွေက မသိကြပါဘူး။ တကယ်တော့ လူအများစုဟာ မကောင်းတဲ့ ယုံကြည်မှုကို လက်ကိုင်ထားပြီး မသိစိတ်ရဲ့ အကူအညီနဲ့ မကောင်းသော အကျိုးတရားတွေ ရလာအောင် အကောင်အထည်ဖော်မိကြလို့ ဖြစ်ပါတယ်။

သင့်ရဲ့ အလိုဆန္ဒတစ်ခုအရ ရုပ်ပိုင်းဆိုင်ရာ အကျိုးရလဒ်အဖြစ် ငွေကြေး၊ ဥစ္စာပစ္စည်းတစ်ခုဖြစ်အောင် အကောင်အထည်ဖော်ချင်တယ်ဆိုရင် သင့်မသိစိတ်ကတစ်ဆင့် လက်ခံရယူ–အသုံးချနိုင်ခြင်းဆိုတဲ့ ကောင်းကျိုးကို ရယူနိုင်ပါတယ်။

တကယ်တော့ သင့်ရဲ့ ယုံကြည်မှုဟာ သင့်မသိစိတ်ရဲ့ ပြုမူဆောင်ရွက်ချက်တွေကို အဆုံးအဖြတ်ပေးနိုင်တဲ့ စိတ်ပိုင်းဆိုင်ရာ အခြေခံ အရင်းအမြစ်တစ်ခုလည်း ဖြစ်ပါတယ်။

ကျွန်တော်က သားငယ် 'ဘလဲလ်' ရဲ့ မသိစိတ်ကို လှည့်စားခဲ့သလိုမျိုး "အတွင်းစိတ်ရဲ့ စေ့ဆော်မှု" "**Autosuggestion**" တစ်ဆင့် အမိန့်ပေး စေခိုင်းခြင်းတွေလုပ်ခြင်းကလည်း သင့် မသိစိတ်ကို လှည့်စားခြင်းဖြစ်စေပါတယ်။

လိမ်ညာလှည့်စားခြင်းတွေကို ပိုပြီး သဘာဝကျကျ ဖြစ်ပေါ်စေဖို့ သင့် မသိစိတ်ကို တောင်းဆိုတဲ့အခါ သင် တောင်းဆို/ဆန္ဒပြုတဲ့ ရုပ်ဝတ္ထုပစ္စည်းတစ်ခုခုကို သင်က အမှန်တကယ် ပိုင်ဆိုင်ပြီးသောပုံစံနဲ့ ပြုမူဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထိုအခါ သင့်မသိစိတ်က တစ်ခုနဲ့တစ်ခု ရုပ်ပိုင်းဆိုင်ရာအရ ဆင်တူတဲ့ (သို့) တစ်ခုအပေါ်တစ်ခု ကိုယ်စားပြုတဲ့ ရုပ်ဝတ္ထုပစ္စည်း အမှန်တကယ် ပေါ်ပေါက်လာအောင် အကောင်အထည် ဖော်ပေးပါလိမ့်မယ်။

သင်က မသိစိတ်ကို တောင်းဆိုခြင်း (သို့) အမိန့်ပေးညွှန်ကြားခြင်းတွေ လုပ်ဆောင်နိုင်ခြင်းဖြင့် သင့်ရဲ့ အလိုဆန္ဒတွေနဲ့ ပတ်သက်ပြီး သင့်ယုံ

mgyoe.com

mgyoe.com SAMPLE.BOOK

ကြည်မှုက ပိုပြီး ခိုင်မြဲပါလိမ့်မယ်။

သင်က သင့်ယုံကြည်မှုဆိုတဲ့ စိတ်ခံစားချက်ကို အခြားသော စိတ်ခံစားချက်တွေနဲ့ရောပြီး သင့်မသိစိတ်အတွင်း ရောက်ရှိအောင် လက်တွေ့လေ့ကျင့်ပေးနိုင်ပါတယ်။

အကယ်၍ တစ်စုံတစ်ယောက်က ပြစ်မှုတစ်ခုနဲ့ ဆက်စပ်ပတ်သက်မိခြင်းကြောင့် ပြစ်မှုကျူးလွန်သူ ဖြစ်သွားခဲ့တယ်ဆိုရင် အဲဒီလူကို တစ်စုံတစ်ယောက်ရဲ့ မသိစိတ်အတွင်းရှိနေတဲ့ ယုံကြည်မှုက အမှန်တကယ် ပြစ်မှုကျူးလွန်သူအဖြစ် ခိုင်မာစွာ သတ်မှတ်–ယုံကြည်ပါလိမ့်မယ်။ ဒီလိုဖြစ်ရခြင်းဟာ ပြစ်မှုကျူးလွန်သူအား သုံးသပ်တဲ့ ဒုတိယလူက သူ့ယုံကြည်မှုနဲ့ စိတ်ဆန္ဒအလျောက် မသိစိတ်ကပြောတာကို နားယောင်လွယ်ပြီး ယုံကြည်လိုက်ခြင်းကြောင့် ဖြစ်ပါတယ်။

ကျွန်ုပ်တို့ရဲ့ ရိုးရှင်းပွင့်လင်းတဲ့စိတ်ထဲ အကြောင်းအကျိုး ဆင်ခြင်နိုင်စွမ်းတွေက အရာရာကို အမှန်အတိုင်း နားလည်နိုင်စွမ်း ဖြစ်စေပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့စိတ်ကို ကောင်းသော စိတ်ခံစားချက်တွေနဲ့သာ ပြည့်ဝစွာ လွှမ်းမိုးထားနိုင်အောင် တိုက်တွန်းအားပေးသင့်ပြီး မကောင်းတဲ့ စိတ်ခံစားချက်တွေကိုတော့ အပြီးသတ် ရှင်းထုတ်နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ကောင်းသော စိတ်ခံစားချက်တွေရဲ့ လွှမ်းမိုးခြင်းခံထားရတဲ့စိတ် (သို့) အပြုသဘောဆောင် အကောင်းမြင်တတ်တဲ့ စိတ်နေစိတ်ထားတစ်ခုဟာ ယုံကြည်မှုဆိုတဲ့ စိတ်အခြေအနေ၊ စိတ်ခံစားချက်အတွက် အထူးသင့်လျော်တဲ့ 'ဘုံဗိမာန်' တစ်ခုဖြစ်ပါတယ်။

'တစ်ဖန် "ဖြစ်ကောင်းဖြစ်နိုင်တယ်"၊ "စိတ်အလိုရှိသလို လုပ်နိုင်တယ်" ဆိုတဲ့ စိတ်ခံစားချက်တွေ လွှမ်းမိုးထားတဲ့စိတ်ဟာ မသိစိတ်ကို အမိန့်ပေးညွှန်ကြားပြီး ၎င်းမသိစိတ်က အမိန့်ကို လက်ခံပြီးပြီဆိုတာနဲ့ ချက်ချင်း အမြန် ဆောင်ရွက်တော့မှာဖြစ်ပါတယ်။

**ယုံကြည်မှုဟာ စိတ်အခြေအနေတစ်ရပ်ဖြစ်ပြီး အတွင်းစိတ်ရဲ့ စေ့ဆော်ချက်အရ လှုံ့ဆော်–တိုက်တွန်းခြင်း ခံရနိုင်ပါတယ်**

ခေတ်အဆက်ဆက်ကို လေ့လာရင် ဘာသာရေးသမားတွေဟာ

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ ကိုးကွယ်ယုံကြည်ရာနဲ့ ပတ်သက်ပြီး သက်ဝင်ယုံကြည်မှု ရှိကြဖို့ သတိပေးဆုံးမလေ့ ရှိခဲ့ကြပါတယ်။ အခြားသော ဘာသာအယူဝါဒ/တရားသေ လက်ကိုင်ထားသော ဝါဒတွေမှာလည်း လူအများကို လက်ခံယုံကြည်ဖို့ ပြောဆိုရာမှာ တိုက်တွန်းနိုင်စွမ်းအားနည်းတာကြောင့် ကျရှုံးမှုတွေ ဖြစ်ခဲ့ဖူးပါတယ်။

တကယ်တော့ ယုံကြည်မှုဆိုတဲ့ စိတ်အခြေအနေဟာ သင့်ရဲ့ စိတ်ပိုင်းဆိုင်ရာ (သို့) ရုပ်ပိုင်းဆိုင်ရာအပေါ် သင့်ရဲ့ တွေးခေါ်ကြံစည်–စိတ်ကူးတွေက လွှမ်းမိုးထားတဲ့ အခြေအနေ၊ သင့်အား သင့်စိတ်ကူး၊ အတွေးအခေါ်တွေက တိုက်တွန်း–စေ့ဆော်နေတဲ့ အခြေအနေ (သင့်ကိုယ်သင်အား အကြံပြုနေတဲ့ အခြေအနေ) ကို ရည်ညွှန်းလျက်ရှိပါတယ်။

သင့်အနေနဲ့ ယုံကြည်မှု မတည်ဆောက်ရသေးတဲ့၊ ယုံကြည်မှု တည်ဆောက်ရန်အတွက် လိုအပ်တဲ့ အပိုင်းကဏ္ဍတွေမှာ သင့်ယုံကြည်မှုကို အကောင်းဆုံး တည်ဆောက်ပေးနိုင်ပါတယ်။

ယုံကြည်မှု တည်ဆောက်ခြင်းနဲ့ ပတ်သက်ပြီး ဒီစာအုပ်ပါ ရှင်းပြချက်တွေဟာ သာမန်လူတွေအတွက် နားလည်လွယ်မယ်လို့ မျှော်လင့်မိပါတယ်။

ဒါကြောင့် သင့်ကိုယ်သင် ယုံကြည်မှုရှိလိုတယ်ဆိုရင် ယုံကြည်မှုကို အကန့်အသတ်မဲ့စွာ တည်ဆောက်ပေးပါ။

ယုံကြည်မှုဆိုတာဟာ သင့်ဘဝတစ်သက်တာအတွက် တန်ဖိုးရှိတဲ့ 'သက်စောင့်ဆေး' ဖြစ်သလို... အဲဒီယုံကြည်မှုက သင့်ကို ကောင်းသောဘဝ၊ ကောင်းသောစွမ်းအင်နဲ့ ကောင်းသော ပြုမူဆောင်ရွက်ချက်တွေ ပေးနိုင်ဖို့ သင့်ရဲ့ စဉ်းစားတွေးခေါ်မှုတွေ သင့်ကို စေ့ဆော်တိုက်တွန်းပါလိမ့်မယ်။

သင့်အနေနဲ့ အထက်ပါဝါကျကို ဒုတိယ၊ တတိယ အကြိမ်အထိ အပြန်ပြန် ဖတ်ရှုပြီး မှတ်သားပေးပါ။ ထိုဝါကျကို အသံထွက်ဖတ်ခြင်းက ပိုပြီး ထိရောက်ပါလိမ့်မယ်။

ယုံကြည်မှုဟာ ချမ်းသာကြွယ်ဝခြင်းအားလုံးရဲ့ အစပြုရာအမှတ် (Starting Point) ဖြစ်ပါတယ်။

ယုံကြည်မှုဟာ အံ့သြဖွယ်ကောင်းလောက်တဲ့ စွမ်းဆောင်ချက်အားလုံးရဲ့ အခြေခံအုတ်မြစ်ဖြစ်သလို... ထူးခြားဆန်းပြားပြီး သိပ္ပံပညာရပ်